www.burmeseclassic.com

# အလင်းသစ်

## နှလုံးသားတစ်ခုအပိုဆုပေးပါ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ ဇွန်လ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက္ကဆံလမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက္ကဆံလမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၂၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ ၈၃

အလင်းသစ်

နှလုံးသားတစ်ခု အပိုဆုပေးပါ။ / အလင်းသစ် - ရန်ကုန်၊ ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၂၈၀ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။

(၁) နှလုံးသားတစ်ခု အပိုဆုပေးပါ။


# အလင်းသစ်

# နှလုံးသားတစ်ခု အပိုဆုပေးပါ

www.burmeseclassic.com

www.burmeseclassic.com



အပ်တစ်ဖျားကြောင့်
ပူဖောင်းပေါက်သလိုမျိုး
ကိုယ့်စကားတစ်ခွန်းကြောင့်
သူတစ်ပါး ထိခိုက်နာကျင်တာမျိုး
မဖြစ်ပါစေနဲ့။
ပါးစပ်က ထွက်တာ
လေပဲဆိုပေမယ့်
အဲဒီလေကြောင့်
ဘဝတစ်ခု ပျက်သွားနိုင်သလို . . .
နှလုံးသားတစ်ခု သေဆုံးသွားနိုင်ပါတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



မင်း မညာပါနဲ့။ ပါးစပ်က မဟုတ်ဘူးဆိုပေမယ့် မျက်လုံးက ဝန်ခံတာ ကိုကိုသိတယ်။ မင်း‥ နွေရိပ်သွင်ကို ဘယ်လောက်ချစ်လဲဆိုတာလည်း ကိုကိုသိတယ်။ မင်းက ရာဇဝင်ထဲက လက္ခဏာကို အားကျနေတာလား ညီ။ ရာဇဝင်ဆိုတာ ဟိုး‥‥အတိတ်ဟောင်းမှာ ကျန်ခဲ့ပြီကွ။ မင်း သိထားဖို့က အချစ်ဆိုတာ ပြန်တောင်းလို့ ရကောင်းတဲ့အရာ မဟုတ်သလို ပေးရင်လည်း ပြန်ယူနိုင်းလို့ရတဲ့အရာမှ မဟုတ်ဘဲ ညီရယ်။

စစ်နိုင်သွေး



အစ်ကိုရဲ့ချစ်သူကိုမှ‥‥

ရှုးရှုးမှုးမှုး ထပ်ချစ်မိတဲ့ပိုင်၊ တိုက်ဆိုင်မှုတွေ ဒီလောက်ရှိပြီး ဆုံပေးတဲ့ ကံကြမ္မာကို မုန်းလိုက်ပဘာ။ အခုတော့ ပြိုင်ပွဲမဟုတ်ပါဘဲ ဘယ်သူရှုံးလို့ ဘယ်သူနိုင်မှန်းမသိ ဖြစ်နေတာ။ ပိုင်ကတော့ ဘယ်သူ့အပေါ်မှ မနိုင်ချင်သလို ကိုယ်လည်း မရှုံးချင်ပေမယ့် ကိုယ့်အသည်းကိုပဲ ဆွဲထုတ်လိုက်ပါတော့မည်လေ။

စစ်ပိုင်သွေး

www.burmeseclassic.com

www.burmeseclassic.com



သူ ရိပ်အချစ်ကို မယုံတာ၊ ရိပ်ရဲ့သစ္စာတရားကို စော်ကားလိုက်တာ၊ အရင်က ကိုစစ်နိုင်သွေးနဲ့ ပတ်သက်ခဲ့ဖူးတာ မှန်ပါတယ်။ ဒါပေမဲ့ . . . ရိပ်က ကိုယ်မှန်တယ်ထင်လို့ လျှောက်တဲ့လမ်းရေမှာ ချောက်ပဲရှိရှိ အသေခံပြီး ခုန်ချလိုက်မှာ။ ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်ဘူး။ ကိုယ့်ချစ်သူကို သူများရင်ခွင်ထဲ ထည့်ပေးဖို့ အတွက် နှင့် အတိတ်မေ့ချင်ဟန်ဆောင်နေဖို့ မလိုဘူး ပိုင်။

နွေရိပ်သွင်

# အခန်း (၁)

"ဝေါ"

"ဂိုး"

"ကျလိ . . . ကျလိ"

"ဂျိမ်း"

လေရောမိုးရောအပြင် လျှပ်စီးတွေကလည်း တဝင်းဝင်း [illegible]တ်နေသဖြင့် ပြတင်းတံခါးကို ထပိတ်ရင်း အပြင်ဘက်ကို ကြည့်[illegible]က်တဲ့ မျက်ဝန်းတွေက နာကျင်ကြေကွဲစွာ။ မျက်ဝန်းတွေနှင့် လိုက်[illegible]ညီအောင် နှုတ်ခမ်းသား ထူပြည့်ပြည့်လေးကလည်း တင်းတင်းစေ့[illegible]ပါလေ၏။ အတိတ်ကို အတိတ်မှာ ထားခဲ့ချင်ပေမယ့် မမေ့နိုင်မှ မရဘဲ

www.burmeseclassic.com

www.burmeseclassic.com



လေ။ ပြန်တွေးမိတိုင်း ရင်ထဲမှာ တဆစ်ဆစ် နာကျင်ရ၏။

ဒီလိုရာသီ

ဒီလိုနေ့မျိုး

ဒီလိုမိုးတွေရွာပြီး လျှပ်စီးတွေ လက်တိုင်း . . .

နှလုံးသားဗဟိုတည့်တည့်မှာ အိုင်ထွန်းနေတာ သွေးစက်တွေလားတော့ မသိ။ သိပ်ချစ်ပါတယ်ဆိုပြီး ပစ်ပစ်ခါခါ ပြောရခက်တာ သူ။ ကြင်နာပါ့မယ်ဆိုတဲ့လက်ကပဲ ဓားထက်ထက်နဲ့ ကိုယ့်ရင်ကို ခွဲခဲ့တာ အခုထိ သွေးစိမ်းရှင်ရှင် ထွက်နေတုန်းပါပဲ။ ကိုယ်ကလည်း ခုတော့ သူ့ကို ဘယ်လောက်အထိ မုန်းသလဲဆိုရင် . . .

စစ်ဆိုတဲ့အသံဆို . . .

ရေတောင် စစ်မသောက်ချင်၊ တစ်ခုခုဝယ်ပြီဆိုလည်း ဈေးမဆစ်ဘဲ ကျသလောက် ပုံချပေးတာမျိုးလေ။ တစ်ယောက်မကောင်းလို့ အကုန်လုံးကို ပေါင်းပြီး မြင်လိုက်တဲ့ အမြင်ထဲမှာ ယောကျ်ားအားလုံးက သစ္စာမရှိ၊ ကတိမတည် . . . လေကို မဝယ်ရတိုင်း ပေါပေါလောလောသုံးတဲ့သူတွေပါပဲ။

အချစ်တဲ့ . . .

မခေါ်ဘဲနှင့်လာ၊ မနှင်ဘဲ ပြေးခဲ့ပြီး နူးညံ့သလိုနဲ့ နှလုံးသားကို လက်ကြမ်းကြီးနဲ့ ဆွဲညှစ်လှုပ်ခါသွားခဲ့တာ ခံလိုက်ရသူ ရင်ထဲ



တော့ မချိမဆန့်။ အစကောင်းပြီး အနှောင်းမသေချာတဲ့အရာဟာ အချစ်ပဲပေါ့။ ကိုယ့်အချစ်ကို မရခင်တော့ သူတို့မှာ ရူးတော့မလိုလို၊ သေတော့မလိုလို။ တုံ့ပြန်မှုပေးလို့ ကိုယ့်ဘက်ကလည်း ရူးရူးနှင့်နှင့်လည်းဖြစ်ရော သူတို့ဘက်က သွေးအေးပြီး ဥပေက္ခာပြုတတ်ကြတာ ယောကျ်ားတွေရဲ့ ကွန်ရက်တစ်ခုလား။

မှတ်မိပါသေးတယ်။

ကိုယ့်ရင်ထဲက အချစ်တွေကို ဖယ်ထုတ်ပြီး သူ့ အမုန်းတွေကို အစားသွင်းပေးခဲ့တဲ့နေ့ပေါ့။ အဲဒီနေ့က ခုလိုပဲ လျှပ်စီးတွေ တဝင်းဝင်းလက်ပြီး မိုးတွေ အရမ်းရွာနေခဲ့သည်လေ။ ကိုယ့်ချစ်သူကို ဘေးမှာထားပြီး အခြားမိန်းကလေးကို ဂရုစိုက်ခဲ့သည့်အပြင် စသလို နောက်သလိုနဲ့ အတည်ပြောခဲ့တဲ့စကားကြောင့် အဲဒီနေရာမှာတင် ကိုယ့်နှလုံးသားက တစ်စစီ ပဲ့ကြွေသွားခဲ့တာ။

အခု . . .

နွေရိပ်သွင်ဆိုတဲ့မိန်းမရဲ့ရင်ထဲမှာ နှလုံးသားမပါ ရင်ဗလာနဲ့ ဖြစ်နေခဲ့တာ ကြာပြီကောလေ။

အဲဒီနေ့က . . .

ဂမုန်းဆိုတဲ့ မိန်းကလေးကို သူ့သူငယ်ချင်းဆိုပြီး မိတ်ဆက်ပေးတဲ့နေ့ပါပဲ။ ချစ်သူနဲ့ ချိန်းတွေ့တဲ့နေရာကို မိတ်ဆက်ပေးချင်လို့

www.burmeseclassic.com

www.burmeseclassic.com



ပါဆိုပြီး သူငယ်ချင်းကို ခေါ်လိုက်သည့်ပေ . . . ဖူးကနှာချင်းဆိုင်ကြပြီ ဆိုကတည်းက အဆင်မပြေစရာတွေ ဖြစ်လာခဲ့တာက . . .

"ဂမုန်း"

"ဟင်"

"ခဏနော်"

ဂမုန်းကိုတော့ ခဏနော်လို့ပြောပြီး ကိုယ့်ကိုတော့ ဂရုမစိုက်သလို ဘာမှမပြောဘဲ ထသွားခဲ့တာ။ ပြန်လာတော့ သူ့လက်ထဲမှာ ကော်ဖီတစ်ခွက်နှင့် မုန့်ပန်းကန်ပါလာပြီး စားပွဲထိုးလေးလက်ထဲမှာတော့ ကော်ဖီနှစ်ခွက်ပါ။

"ရော့ . . . ဂမုန်း . . . နင်က ကော်ဖီကို အေးမှသောက်တတ်လို့ နာရီဝက်လောက်စောပြီး ငါကိုယ်တိုင် ဖျော်ပေးထားတာ၊ ငါ့လက်ရာနော် . . . သေသေချာချာ အရသာခံပြီးမှ သောက်"

ဂမုန်းရှေ့ကိုကျတော့ သူကိုယ်တိုင် သယ်ဆောင်လာတဲ့ ကော်ဖီကို သူကိုယ်တိုင်ချပေးပြီး ကိုယ့်ရှေ့ကိုကျတော့ စားပွဲထိုးလေးပဲ ချပေးခဲ့တာလေ။ အဲဒီအထိတော့ နွေရိပ်သွင် သူငယ်ချင်းတွေပဲဆိုပြီး နားလည်ပေးခဲ့နိုင်ပါတယ်။

"ရိပ်"

"ဟင်"



"မှတ်ထားနော်၊ ဒါ ကိုယ့်သူငယ်ချင်း . . . အချစ်ဆုံးသူငယ်ချင်း ဂမုန်းစံတဲ့၊ သူက မနေ့ကမှ ဂျပန်ကနေ ပြန်ရောက်လာတာ"

သူငယ်ချင်းဆိုပြီး မိတ်ဆက်ပေးရင် ရပြီပေမယ့် အချစ်ဆုံးဆိုတာကို ထည့်ဖြစ်အောင် ထည့်ပြောလိုက်သေးတာ ဘာသဘောလဲ၊ စိတ်ထဲမှာ နိုးလိုးခုလုဖြစ်သွားပေမယ့် နွေရိပ်သွင်လည်း ခံလိုက်ပါသေးသည်။ အပြုံးနှင့်ပဲ။

"တွေ့ရတာ ဝမ်းသာပါတယ် ဂမုန်းစံ"

"ဂမုန်း"

"ဟင်"

"သူ့နာမည်က နွေရိပ်သွင်တဲ့ မှတ်ထားနော်၊ ငါ့ရည်းစားသာ . . . ဟဲ . . . ဟဲ"

"ဟင်"

နွေရိပ်ကိုယ်လေး မတ်ခနဲဖြစ်သွားလေ၏။ သူငယ်ချင်းကျတော့ အချစ်ဆုံးလို့ ထည့်ပြောပြီး ချစ်သူကိုကျတော့ ရည်းစားတဲ့။ ထဲမှာ ဆိုးဆိုးဆစ်ဆစ်တွေက စလာပြီ။ ရည်းစားဆိုတာ ချစ်သူနဲ့ ဝေါဟာရနဲ့ အဓိပ္ပာယ်ချင်း တူပေမယ့် လေးနက်မှုရှိတာချင်းက တူတာပဲလေ။

စိတ်ကို ဖြေသိမ့်ဖို့အတွက် ကော်ဖီကို ငုံ့သောက်လိုက်

www.burmeseclassic.com



တော့ . .

"ဖွိုး"

"ဟင်"

"ဟာ"

"အား . . . သေပါပြီ"

ကော်ဇီက ပူလွန်းတာကြောင့် ဖွိုးခနဲ ထွေးထုတ်လိုက်တာ သည် ဘေးလူတွေအတွက်တော့ အရုပ်ဆိုး အကျည်းတန်သွားမှာ ကျိန်းသေပါ။ ဒါပေမဲ့ ချစ်သူတစ်ယောက်အတွက်တော့ ကရုဏာသက် ပြီး ကြင်နာစရာမဟုတ်ဘူးလား။ နွေရိပ်က သူ ပျာပျာသလဲ ဖြစ် သွားမယ် ထင်တာ။

ဒါပေမဲ့ . . .

သူက တုတ်တုတ်မျှ မလှုပ်ဘဲ နောက်မှ . . .

"ဘယ်လိုဖြစ်တာလဲ ရိပ်၊ ဒီလောက် အငွေ့တထောင်း ထောင်း ထနေတဲ့ ကော်ဇီကို မှုတ်သောက်ရမယ်ဆိုတာ မင်း မသိဘူး လား၊ ဒီလောက် ဆင်ခြင်တုံတရား နည်းပါးရတယ်လို့"

". . ."

"အခု ပတ်ဝန်းကျင် မြင်မကောင်းဖြစ်ပြီ"

"မပြောပါနဲ့ နိုင်ရယ်၊ သူ့ခမျာ ပူသွားရတဲ့အထဲ၊ သူလည်း



သတိလက်လွတ် ဖြစ်သွားတာနေမှာပါ"

"ဘာသတိလက်လွတ်လဲ၊ ဒီလောက်အငွေ့တထောင်း ထောင်း ထနေတာကို မမြင်ဘူးလား။ သူ့ကိုက ရှုပ်ပြာရှုပ်ပြာနိုင်တာ"

"ကို"

ကိုယ်ချစ်သူဆိုသူက ကိုယ့်ကို နှိမ့်နှိမ့်ချချပုံစံ ပြောလိုက်တော့ စောစောက သည်းခံသမျှတွေက ရှုန်းကြွခုန်ထလာသည်။ အခြား မိန်းကလေးချင်းရှေ့မှ ဒီလိုအပြောခံရတာ ဘယ်လောက်ရှက်ဖို့ ကောင်းပါသလဲ။

"နင် . . . အဲဒီလိုပြောရအောင် သူက နင် ရွေးချယ်ထားတဲ့ ချစ်သူပဲလေ၊ ချစ်သူကို ဂရုစိုက်ပေးရမှာ မဟုတ်ဘူးလား"

ခဏအသံတိတ်သွားပြီး သူ နွေရိပ်ကို စိုက်ကြည့်ပြီး ပြုံး လိုက်ကာ . . . တစ်ရှူးစကိုလည်း ထုတ်ယူပေးပြီး . . .

"ရော့ . . . သုတ်လိုက်"

". . ."

နွေရိပ် သူပေးတဲ့တစ်ရှူးကို မယူဘဲ ကိုယ့်ဘာသာပဲ ထပ် ယူပြီး သုတ်လိုက်၏။ ဒါကို . . .

"တွေ့လား ပေးတာကိုမယူဘူး။ အဲဒါတွေ စိတ်ပျက်ဖို့ ကောင်းတာ"

www.burmeseclassic.com



"ဘာ"

"နင်သိလား ဂမုန်း။ နင်သာ ဂျပန်မသွားခဲ့ရင် သူနဲ့ငါ ခုလို ချစ်သူတွေ ဖြစ်လာမှာမဟုတ်ဘူး"

အဲဒီစကားက ဘာစကားလဲ။

"နိုင်ရယ် ... နင်ကလည်း စ,စရာမရှိ စ,နေပြန်ပြီ"

"ငါ စ,တာမဟုတ်ဘူး။ အတည်ပြောတာ"

"အစအနောက်သန်တဲ့ နင့်အကျင့်ကို နင် ဖျောက်သင့်ပြီ နိုင်၊ တော်ကြာ ရိုပ် စိတ်ဆိုးနေဦးမယ်"

"ဆိုးတယ်"

"ဟင်"

အသံတုန်တုန်နှင့်ပြောပြီး နွေရိပ် ချက်ချင်းထရပ်လိုက်၏။ စ,တာ ဒီလို စ,စရာလား။ သူနဲ့နွေရိပ် ချစ်သူဘဝမှာ စခဲ့နောက်ခဲ့တာတွေ ရှိခဲ့သားပဲ၊ ဒီလောက်အထိတော့ တစ်ခါမှ အခံရမခက်ပေ။ သည်းခံနိုင်တဲ့ အတိုင်းအတာလွန်နေပြီမို့။

"ရတယ် ကိုစစ်နိုင်သွေး။ ရှင့်ဘဝမှာ ကျွန်မ မလိုအပ်တော့မှန်း ထင်ထင်ရှားရှားကြီးကိုပဲ သိလိုက်ပါပြီ၊ ဒီလို ပွင့်ပွင့်လင်းလင်းပြောတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ စ,တာပဲဖြစ်ဖြစ် တကယ်ပဲဖြစ်ဖြစ် အချစ်ဆုံးသူငယ်ချင်းဆိုတဲ့စကားနဲ့တင် ရှင်တို့နှစ်ယောက်ရဲ့



သံယောဇဉ်ကို ကျွန်မ ခန့်မှန်းလို့ ရပါတယ်၊ ကျွန်မနဲ့ကို ရှေ့ဆက်မတိုးချင်တော့ဘူးဆိုရင် ရပ်ကျန်ခဲ့ပါ၊ ကျွန်မကလည်း နောက်ပြန်လှည့်ကြည့်ပြီး လက်မပြဘူး"

"ရိပ်"

"..."

"ဟဲ့ ... နိုင် ပြောဦးလေ"

"ရိပ်"

သူ ချက်ချင်းထရပ်ပြီး လက်ဆွဲထားပေမယ့် ...

"လူတစ်ယောက်က တစ်ယောက်အပေါ် အပြစ်မြင်လာပြီဆိုရင် ... ဒါ စိတ်ပျက်ခြင်းပဲ ကိုစစ်နိုင်သွေး။ ရှင် စိတ်ချမ်းသာသလိုနေပါ၊ ကျွန်မ သွားမယ်၊ ဒီနေရာက ရှင်နဲ့ကျွန်မရဲ့ လမ်းခွဲခြင်းမှတ်တိုင်ပဲပေါ့"

"မဟုတ်တာ ရိပ်"

ဂမုန်းစံပါ ထရပ်ပြီး တားပေမယ့် နွေရိပ် လုံးဝလှည့်မကြည့်တော့တဲ့ ခပ်သွက်သွက်ပဲ ထွက်လာခဲ့တာ သူတို့မှာ ဇာတ်လမ်းဟောင်းရှိရင် ပြန်ဆက်ကြပေါ့လို့ စိတ်ကို ပိုင်းဖြတ်ခဲ့တာ။ အပြင်ကို ထွက်လာတော့ လျှပ်စီးတွေလက်ပြီး မိုးတွေ ရွာနေခဲ့သည်လေ။

"ဗိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... ဝေါ"

"ကိုမ်း"

မိုးခြိမ်းသံ ကြားတာတောင် ရင်ထဲက အပူမီးကြောင့် နွေရိပ် ကြောက်ရကောင်းမှန်းမသိ။ မိုးရေစက်တွေနဲ့ ရောနှောကာ ပါးပြင်ပေါ်မှာ မျက်ရည်စက်ဥကြေက လုံးထွေးနေလျက် မိုးစက်မှန်းမသိ မျက်ရည်မှန်းမသိပါ။ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပေမယ့် ကိုယ့်ရင်ထဲက အပူကိုတော့ မိုးရေစက်တွေက ငြိမ်းသတ်မပေးနိုင်စွာ။

ကိုယ့်ကိုယ်ကိုယ် ...

ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ ဦးတည်ချက်မဲ့နေတဲ့ ခြေလှမ်းတွေကလည်း ကိုယ် ဘယ်နေရာရောက်နေသလဲ မသိအောင်ပင် အသိတရား ကင်းမဲ့နေခဲ့သည်လေ။

အဲဒီနေ့မျိုးတိုင်းကို နွေရိပ် မုန်းတယ်။

သူ့ကိုလည်း မုန်းတယ်။

ချစ်လွန်းလို့ မုန်းခဲ့တာ ရှုဥသုဘဒ္ဒါရဲ့အမုန်းမျိုးနဲ့ပါ။ ရှုဥသုဘဒ္ဒါက ခါချဉ်ကောင်ကြောင့် အပြိုးကြီး မုန်းတတ်ခဲ့သလို နွေရိပ် အမုန်းတွေကလည်း ကော်ဖီပူပူတစ်ခွက်ကနေ အစတည်လာခဲ့တာလေ။

"သမီး"



"..."

"ဟဲ့ ... သမီး နွေရိပ်သွင်"

"အင် ... ဟင်"

"မေမေကြည့်နေတာ သမီး အဲဒီမှာ မတ်တတ်ရပ်နေတာ ကြာပြီ၊ ဘာလုပ်နေတာလဲ"

"ဪ ... မေမေ"

မေမေရောက်လာမှပဲ နွေရိပ် စိတ်တွေကို အတိတ်ဆီမှ နုတ်ထွက်ခွင့်ပြုလိုက်၏။

"ဒီလောက်တောင် ဘာတွေတွေးနေတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး မေမေ၊ ဟိုရောက် ဒီရောက်ပါပဲ၊ မိုးက ရွာနေတော့လေ"

"မေမေ ကော်ဖီပူပူလေး ဖျော်တိုက်ရမလား"

ကော်ဖီပူပူဆိုသောကြောင့် လျှာပေါ်မှာ ချက်ချင်းပင် ဖျင်းခနဲ ဖြစ်သွားသလို လောင်မြိုက်ခြင်း ခံလိုက်ရ၏။ ကော်ဖီပူပူတစ်ခွက်ရဲ့ ရာဇဝင်က လှမှမလှခဲ့ပဲလေ။

ကြာခဲ့ပြီပေမယ့် ...

လျှာပေါ်မှာတော့ အငွေ့တထောင်းထောင်းမြင်တိုင်း ပူစပ်ပူလောင်ဖြစ်သွားတတ်မြဲပါ။

www.burmeseclassic.com



“နေပါစေ မေမေ . . . သမီး ကော်ဖီပူပူ မကြိုက်ခဲ့တာ ကြာခဲ့ပြီပဲဥစ္စာ”

“ဒါဆို . . . အနွေးထည် ထပ်ဝတ်ထားလေ”

“ဟုတ် . . . မေမေ”

တော်လောက်ပါပြီဆိုပြီး လှည့်ထွက်ခဲ့သည့်တိုင် မိုးကတော့ ရွာနေဆဲပါ။ အပြင်မှာ မိုးတွေ ရွာသလို . . .

နွေရိပ်သွင်ရဲ့ရင်ထဲမှာလည်း . . .

အမုန်းမိုးတွေ တဝုန်းဝုန်း ရွာသွန်းနေဆဲပါ။

♥

## အခန်း (၂)

စင်တာထဲမှာ ဈေးလျှောက်ဝယ်နေတဲ့ နွေရိပ်တို့အုပ်စုမှာ ကြည့်သာ ကြည့်နေပြီး နွေရိပ်က ဘာမှမဝယ်ဖြစ်သေးပေ။ မိုးစနွာ မောင်နဲ့ ဓါဓါစိုးကသာ ဝယ်နေတာ တစ်ခုပြီးတစ်ခု။ နွေရိပ်က ပစ္စည်း တိုင်းကို အမြင်တိုးတာမှ မဟုတ်ပဲလေ။ ကြိုက်ပြီဆိုရင်လည်း သူများ အမြင်တိုးတိုးမတိုးတိုး ဂရုစိုက်တတ်တာမှ မဟုတ်တာ။

“နွေရိပ်”

“ဟင်”

“အခုထိ နင် ဘာတစ်ခုမှ မဝယ်ရသေးပါလား။ ဒီနေ့ ဝယ် ရော ဝယ်ဖြစ်ဦးမှာလား ပြောပါဦး”

www.burmeseclassic.com

www.burmeseclassic.com



"ဝယ်မှာပေါ့ . . . ငါကြိုက်တာ မတွေ့သေးလို့ပဲဥစ္စာ"

"ဈေးကလည်း များလိုက်ပါဘိ"

"အပေါ်ထပ် ပြန်တက်မလား"

"ကောင်းသားပဲ"

"အေး . . . ငါတို့ကတော့ ခြေတိုမယ်"

"အမယ်လေး မောင်ရယ် . . . ခြေတိုတော့ ဘာဖြစ်လဲ၊ ဘာမှပူမနေနဲ့ ကိုပေါင်တိုလို နင့်ကို ငါ တောင်းထဲထည့်ရွက်ပါ့မယ် . . . လာ"

နွေရိပ်ခေါ်တော့ လိုက်ခဲ့ကြရပြန်၏။ တစ်ဆိုင်ဝင်ပြီးဆို ကြည့်လိုက်တာ ကြည့်လိုက်တာမှ ကြည့်လို့မဆုံးနိုင်။

နောက်မှ . . .

"ဒီအင်္ကျီလေး လှတယ်နော်"

"လှတယ် . . . လှတယ်"

ဝါဝါစိုးက ပြောလိုက်တာ ခပ်ဆောင့်ဆောင့်ပါ။ မောင်ကတော့ . . .

"ကြိုက်တာတွေ့လို့ တော်သေးတာပေါ့၊ ဒီအင်္ကျီရှိနေတဲ့ ဒီဆိုင်ကိုတောင် ကျေးဇူးတင်ရမလိုပဲ၊ ဆိုင်ရှင်ကို ထိုင်ကန်တော့ချင်စိတ်တောင် ပေါက်တယ်"



"မလုပ်ပါနဲ့ အစ်မရယ် . . . ငရဲကြီးနေပါ့မယ်"

ဆိုင်ရှင်ဖြစ်ဟန်တူသော ကောင်မလေးက အင်္ကျီတွေ ထပ်ချိတ်ရင်း လှည့်ပြောလေ၏။ နွေရိပ်ကတော့ အင်္ကျီကို သဘောကျပြီဆိုတာနှင့် လက်ထဲက မချတော့ပေ။

"နင်ကြိုက်တယ်မို့လား နွေရိပ်"

"အင်း . . . ကြိုက်တယ်"

"ကြိုက်တယ်ဆို ယူလေ"

"နေပါဦးဟဲ့ . . . နောက်ထပ်ကြည့်ပါရစေဦး"

"နောက်ထပ်ဆို နာရီဝက်တော့ စောင့်ရမှာ ကျိန်းသေတယ်"

"နင်တို့ကလည်းဟယ် တကာတဲ ပွစိပွစိနဲ့၊ ပါးစပ်တွေက လေးမျိုးရှစ်ဆယ် စားထားသလား မသိဘူး။ မြည်းအီးပေါက်တဲ့ အတိုင်းပဲ"

"ကောင်မ ထွီ"

မောင်က ရှုံ့ရှုံ့မဲ့မဲ့ လုပ်ပြလေတော့ နွေရိပ်က မျက်စောင်းထိုးလေသည်။ သူတို့သုံးယောက်က ဘယ်သွားသွား ချိန်းပြီးမှ သွားကြတဲ့ ရဲဘော်ရဲဘက် သူငယ်ချင်းတွေ။ ကိုယ်စီ အလုပ်ထဲမှာ ရှိနေကြရင် အနည်းဆုံး တစ်နေ့ ဖုန်းတစ်ခါဆက်ဖြစ်အောင် ဆက်ရမှ စားလို့ဝင် အိပ်လို့ပျော်ကြသူတွေပဲပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com



နွေရိပ် အသည်းကွဲတုန်းကဆို ...

နွေရိပ် ဒေါသဖြစ်တော့ သူတို့လည်း ဒေါသတွေထွက်။ နွေရိပ် ငိုတော့ သူတို့လည်း လိုက်ငိုကြသည့်အထိပါပဲ။ စစ်နိုင်သွေး ကို နွေရိပ် မုန်းပြီဆိုတော့ သူတို့လည်း ခါးခါးသီးသီးဖြစ်ကြတာပဲ လေ။

နွေရိပ်နဲ့စစ်နိုင်သွေး ချစ်သူဘဝမှာ ...

နွေရိပ် ပျော်နေရင် သူတို့မှာ နွေရိပ်အကြောင်းတွေ နား ထောင်ပြီး သူတို့ပါ ရင်ခုန်ပျော်ရွှင်ခဲ့ကြရသည် မဟုတ်လား။

"အယ်တော့"

"ဘာလဲဟ ... အလန့်ထန်းလျက်နဲ့"

"ဟိုအင်္ကျီလေးလည်း လှတယ်"

"အဲဒါမျိုး ကိုယ့်ရည်းစား သူများနဲ့ တွဲသွားတာ မြင်လိုက် တဲ့အတိုင်းပဲ"

"မျက်စောင်းကြားမှ ပြာကျသွားချင်ပြီ ထင်တယ်"

မပြောခင်ကတည်းက မျက်စောင်းက ထိုးပြီးနေပြီ။ ရည်းစား ဆိုတဲ့အသံကို နွေရိပ် ကြားကို မကြားချင်တာ။ နောက်ထပ် နှလုံးသား တစ်ခု အပိုမရှိတဲ့အတွက် ကိုယ်လည်း အပူမရှာချင်သလို သူများ အကြောင်းကိုလည်း စိတ်မဝင်စားတော့ပေ။



"ကဲ ... ကြည့်ဦး"

"ရပြီ ... ဒီနှစ်ထည်ပဲ ယူတော့မယ်"

"တော်ပါသေးရဲ့"

နွေရိပ် အင်္ကျီနှစ်ထည်ကို ယူမယ်လို့ စိတ်ပိုင်းဖြတ်ပြီး ဆိုင် ရှင်လက်ထဲသို့ ထည့်ပေးလိုက်၏။

အင်္ကျီတွေကို အိတ်ထဲထည့်ပြီး ပိုက်ဆံပေးပြီးလို့ ထွက် လာခဲ့ကြစဉ် ...

"ဟာ"

"အမေ့"

"ဟဲ့ ... ဟဲ့"

ရင်ဘတ်တစ်ခုနှင့် ဝင်တိုးမိပြီး နွေရိပ် သူ့အင်္ကျီကို ဆုပ် ကိုင်မိ၏။ ဆွဲမိဆွဲရာ ဆွဲလိုက်တာလေ။ သူကလည်း နွေရိပ်ပခုံးကို ဆုပ်ကိုင်မိလျက်သားမို့ နွေရိပ် အတင်းသတိရပြီး နောက်ဆုတ်လိုက် လေလျှင် ...

"အ"

"ဟင်"

ဆံပင် တင်းခနဲဖြစ်သွားသဖြင့် နောက်မဆုတ်နိုင်ဘဲ ရှုံ့ရှုံ့ မဲ့မဲ့လေး ဖြစ်သွားပြီးနောက် ...

www.burmeseclassic.com



"တောက် … အရေးထဲ ဘာနဲ့ငြိနေတယ် မသိဘူး"

"ခဏနေဦး … ဒီမှာ ကြိုကြိုဖန်ဖန်ပဲ ဖြစ်နေတာ"

"ဘာဖြစ်နေတာလဲ"

"ကြိုကြိုဖန်ဖန်ဆိုမှ ကြိုကြိုဖန်ဖန်ပဲဗျ။ ကျွန်တော့်အင်္ကျီ ကြယ်သီးနဲ့ အစ်မဆံပင် ပတ်နေတာ"

"လုပ်ပါဦး"

"လုပ်နေတာပဲ၊ အစ်မက အတင်းနောက်ဆုတ်နေတာကိုး။ ဆံပင်တွေ ပြတ်ကုန်ဦးမယ်"

"ပြတ်ပစေ"

"နေဦးလေ … ဒီမှာ လုပ်ပေးနေတာကို"

"တောက်"

ကြိုကြိုဖန်ဖန် ငြိရတယ်လို့၊ နွေရိပ် သတိမမူမိတဲ့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိ၏။ ယောကျ်ားတွေဆို သေးသေးကြီးကြီး မပတ်သက်ချင်ပါဘူးဆိုမှ ရင်ခွင်ထဲ ခေါင်းတိုးဝင်မိတဲ့အဖြစ်လေ။ အဲဒီလို ရင်ဘတ်နဲ့ ထိတွေ့သွားတဲ့ ခေါင်းကို ချက်ချင်းပြေးလျှော်ပစ်လိုက်ချင်တာ။

လျှော်တာတော့ လျှော်ပစ်မှာပါ။ အခုချက်ချင်းက မဖြစ်နိုင်လို့ သာပေါ့။



"ရပြီ"

"ကျေးဇူးပဲ"

"ဟင်"

ဖျတ်ခနဲ မော့လာတဲ့ မျက်နှာကို မြင်လိုက်ရတဲ့ ပိုင် … ပါးစပ်ပင် ပွင့်ဟသွားလေ၏။

လှလိုက်တာ …

ကျေးဇူးတင်စကားပြောတာကို တုံ့ပြန်နိုင်ဖို့မပြောနဲ့ မျက်တောင်ခတ်ဖို့ပင် မေ့လျော့ကာ အသက်ရှူသံတွေတောင် မှန်ရဲ့လား မသိ။

ရှေ့ဘဝက ဘယ်လိုဆုတောင်းကောင်းခဲ့လို့ ဒီလောက်လှနေ ပါလိမ့်၊ မြင်လိုက်ရတဲ့ သူ့ရဲ့ရင်ထဲမှာ အေးချမ်းသွားစေမယ့် အရှိန်း အလှမဟုတ်သော အယဉ်ဆုံးအလှနဲ့ ဖမ်းစားနိုင်ခြင်းပါ။

သူကြည့်နေတုန်းမှာပဲ …

ဆတ်ခနဲ ထိုမျက်နှာက ပြန်လှဲပြီး ထွက်သွားလေတော့ –

"ဟာ … မ"

"…"

"မ"

အသိမိတ်ဆွေတွေမှ မဟုတ်ကြတော့ ဘယ်လိုလှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible] သော်လိုက်ပို့ကျတော့လည်း ဂိုယ့်လုပ်ရပ်က သရှ်

[illegible]ဦး ချုပ်ကျန်ခဲ့ရခြင်းမှာ ...

[illegible]တော့

[illegible]ဘတ်ထဲက တစ်ခုခုကို ဆွဲနှုတ်ယူသွားသလိုပါ။

♥

## အခန်း (၃)

ပိုင် အင်္ကျီချုပ်ပြီး ပစ်ချမလို့ လုပ်ပြီးမှ မ,ဆံပင်တွေကိုမှ ရွေးချယ်ပြီး ငြိခဲ့တဲ့ အင်္ကျီကြယ်သီးလေးကို အမှတ်တရ လက်နှင့် ကိုင်ကြည့်နေမိ၏။ ရွှေချသိမ်းထားချင်လိုက်တာ။ ကိုင်ကြည့်နေရင်း ကြယ်သီးမှာ ညပ်နေတဲ့ ဆံပင်ချောင်းလေးကို မြင်လေလျှင် ဝမ်းသာအားရဟန် ပြုံးမိသွားပြီး ထိုဆံပင်ချောင်းလေးကို ဆွဲနှုတ်ယူလိုက်၏။

သေသေချာချာကြည့်လိုက်တော့ ...

ဆံပင်စက တွဲလောင်းကျနေတာ သူ သတိမထားမိခဲ့တာ။ လမ်းမှာ ပြုတ်ကျမကျန်ခဲ့တဲ့အတွက်ပဲ ကျေးဇူးတင်ရမည်။ ဆံပင်က တစ်ချောင်းတည်းပေမယ့် အရှည်ကြီးလေ။ ဒါကို သူ မသိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] မြင်ချင်မြင်နေကြမလား။ တွေးကြည့်ပြီး ရင်ထဲမှာ [illegible]သွားတာ ဘာလဲတော့မသိ။

မ,နာရည် ဘယ်သူလဲ . . . ?

ဘယ်မှာနေတာလဲ . . . ?

ဘာအလုပ်လုပ်လဲ . . . ?

ချစ်သူရှိလား . . . ?

အပျိုလား . . . ?

အိမ်ထောင်နဲ့လား . . . ?

သိချင်စိတ်တွေက ရင်ထဲမှာ မေးခွန်းပေါင်းများစွာ။ ရှေးရေစက်ချယ် ဒီလောက်တွေ့ဆုံမှုလေးနဲ့တော့ ကုန်မသွားပါနဲ့။ မနဲ့ နောက်ထပ် ဆုံခွင့်ပေးပါ။

"သားရေ"

". . ."

"သားငယ်"

"ဗျာ"

မေမေ့ခေါ်သံကြောင့် ပိုင် ပျာပျာသလဲ ပြန်ထူးပြီး စက္ကူတစ်ရွက်ကို ရှာ၍ လောလောဆယ် ဆံချည်မျှင်လေးကိုထုပ်ပြီး ခေါင်းအုံးအောက်သို့ ထိုးထားလိုက်၏။



"အောက်ထပ်မှာ သားသူငယ်ချင်းတွေ ရောက်နေတယ်၊ မေမေ အဲဒါ လာပြောတာ"

"ဟုတ် . . . မေမေ သား အခုပဲ လာခဲ့မယ်"

"အခု . . . သား ဘာလုပ်နေတာလဲ"

"အကျီလဲနေတာပါ မေမေ"

"အေး . . . အေး . . . မြန်မြန်လာခဲ့နော်"

"ဟုတ်ကဲ့"

ကိုယ့်စိတ်ကူးနဲ့ကိုယ် ပီတိဖြစ်နေတဲ့အချိန်ကျမှ သူငယ်ချင်းတွေရောက်လာတယ်ဆိုလို့ မေတ္တာပို့လိုက်ချင်ပေမယ့် ရောက်လာတာလည်း ကောင်းပါတယ်။ သူမနဲ့တွေ့ခဲ့တဲ့အကြောင်းကို တစ်ယောက်ယောက်ကို ပြောပြချင်နေတာဆိုတော့လေ။

ပြီးတော့ . . .

နောက်ထပ် တွေ့ချင်တာတွေရော၊ မ,အကြောင်း ဘယ်လိုရှာမလဲဆိုတာရော၊ သူငယ်ချင်းတွေဆီမှာ အကြံလေး ဉာဏ်လေး တောင်းရမှာပေါ့။ ဒါကြောင့် သူ အကျီလဲပြီး ခပ်သွက်သွက်ပဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"မင်းတို့ ရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ ပြောစရာတွေမှ အများကြီးပဲ"

www.burmeseclassic.com



"ဆိုစမ်းပါဦး"

နေရှိုးပြောတာကိုပဲ ဟံသာက အထကောက်၍ ...

"ဇန်းစံပယ် ... နှင်းလယ်မပေါ်ခိုက်ဟာမို့ ... အလိုက်တော်ထန်သင့်ရုံပဲ ... စံပွင့်ကို ကုံးရတယ် ... ထွေးညှိုလေးရယ် သေးဆိုတာ မတ်တတ်ပေါက်ရတယ်"

"ဟော့ကောင်"

"ဟမ်"

"ဘာတွေ ထ,ဟောင်နေတာလဲ"

"မင်းပဲ ဆိုစမ်းပါဦးဆို"

"မင်းကို သီချင်းဆိုခိုင်းတာ မဟုတ်ဘူး သူတောင်းစားရဲ့"

"သီသားပဲ ... ငါ သူတောင်းစားဆို မင်းညီမကို လာတောင်းဦးမှာ"

"လာခဲ့ ... ဖြတ်ထည့်ပေးလိုက်မယ်"

"ဟင် ... ဘာကိုလဲ"

"ခြေထောက်ကိုပြောတာ"

"ကဲ ... တော်စမ်းပါ၊ ဒီမှာ ရင်တွင်းဖြစ်စကားတွေ ပြောမလို့ဟာကို၊ မင်းတို့သူငယ်ချင်း ဟတ်ထိလာတယ်ကွ၊ ဟတ်ထိလာတယ် သိလား"



"ဟေ"

ဝိုင့်စကားကြောင့် သူငယ်ချင်းတွေ အံ့ဩသလို ဖြစ်သွားကြ ... ဖြစ်ဆို ဒီကောင်က မိန်းကလေးတွေ လှတိုင်း၊ ချောတိုင်း ...သဘောကျတတ်တာမှ မဟုတ်တဲလေ။ သူကိုယ်တိုင်က ခေတ်နဲ့အညီ ...ဝတ်စားဆင်ယင်ပေးမယ့် မိန်းကလေးတွေကျ ခေတ်ဆန်ရင် ကြည့် ...ဘူးတဲ့။ မယဉ်မရိုင်းလေးနဲ့ ကျက်သရေရှိနေမှ သဘောကျတတ် ...ကောင်က အခု ဟတ်ထိလာပြီဆိုတော့လေ။ ကျောင်းပြီးတာတောင် ...ည်းစားသနာမထားခဲ့တာကိုသာ တွက်ကြည့်ပေါ့။

သူပြောဖူးတဲ့စကားက ...

ပညာရှာတဲ့အရွယ်မှာ ပညာရှာတာပဲ ကောင်းပါတယ်။ နှလုံး...ရေးကိစ္စကြောင့် စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူး။ ပြီးတော့ ... မိန်းကလေးတွေကို အပျော်မတွဲချင်ဘူး။ ကိုယ့်စိတ်ပျော်ရွှင်မှု ...အတွက်နဲ့ သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ် ...ဘူးတဲ့လေ။

ငါက ...

ငါ တကယ်ချစ်တဲ့ မိန်းကလေး ငါ လက်ထပ်မယ့်မိန်းက...ကိုပဲ တွဲမယ်လို့ ပြောခဲ့တဲ့ကောင်။ အခု ဟတ်ထိလာပြီဆိုတော့ ...လေးက ပေါ့သေးသေး တော်ရုံတန်ရုံတော့ ဟုတ်မှာမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဟတ်ထိလာတယ် ... ဟုတ်လား ... ငိုင်"

"ဟုတ်တယ်ကွ ... ငါ့ကိုယ်ငါ ယုံတောင်မယုံနိုင်ဘူ
တစ်ခါမြင်ဖူးရုံနဲ့ အရူးအမူးကို ဖြစ်သွားခဲ့တာ၊ အရမ်းလှတာပဲကွာ
ရိုးရိုးယဉ်ယဉ်လေးနဲ့ကို လှတာ"

"အဲ ... ဖြေဆေးမရှိဘူးထင်တယ်"

"သူနဲ့ငါ ဆုံတဲ့ပုံကလည်း ကြံကြံဖန်ဖန် ထူးထူးဆန်းဆန်
ကွ"

"ပြောပါဦး"

နေမျိုးနဲ့ဟံသာ စိတ်ဝင်စားသွားကြပြီး ခါးကိုင်းလာကြ
ဒါမျိုး စိတ်မဝင်စားတဲ့ကောင် ဘယ်နှယောက် ရှိနိုင်မှာမို့လို့လဲ။

"သူနဲ့ငါ တွေ့ကြတာ ဒီလိုကွ"

ဒီလိုကနေအစချီပြီး ပိုင် လုံးစေ့ပတ်စေ့ပြောပြလိုက်တော့
သူငယ်ချင်းတွေမျက်နှာပေါ်မှာ ရောင်စဉ်ခုနစ်ဖြာ၊ ပြုံးစဖြစ်သွား
လိုက်၊ အံ့ဩရိပ်တွေ လွှမ်းခြုံသွားလိုက်ပေါ့လေ။ ပိုင့်စကားဆုံးသွား
သလိုရှိမှ ဟံသာက ...

"ဒါဆို ... မင်း အကျိုးကြယ်သီးက ကျူးပစ်ပေါ့"

"ရမ်းမပြောနဲ့ဦး ... ဘာကျူးပစ်လဲ၊ ဝင်တိုက်မိရုံကလွဲပြီ
ဘာမှလည်း သူ့အကြောင်းမသိရဘဲနဲ့၊ ခုမှ ဒီကောင့်ကိစ္စက သမ္မ



ထဲ အပ်ကျပျောက်တာ ရှာရမလိုဖြစ်နေပြီ"

"အေးကွာ ... ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"ရွှေမင်းသားက စင်ဒရဲလားကိုရှာတာ ဖိနပ်နဲ့ဆိုတော့
တော်သေးတယ်နော်၊ မင်းကိစ္စက ဆံပင်တစ်ချောင်းနဲ့ ရှာရမှာဆို
တော့"

နေမျိုးစကားစကို ဖြတ်ပြီး သက်ပြင်းလည်းချ၊ ခေါင်းလည်း
ခါလေ၏။

"အေးကွ ... ဆံပင်တစ်ချောင်းနဲ့ ခေါင်းမှန်သမျှ လိုက်
တပ်ကြည့်ရဖို့က ဖိနပ်လောက် မလွယ်တော့ ခက်သား"

"လိုက်တပ်ကြည့်ရင် ကျိန်းသေတာတစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"ပါးရိုက်ခံရဖို့"

ပြောပြီး ဟံသာက ပါးဖောင်းပြလေ၏။ သူပြောလည်း ပြော
စရာဖြစ်တာကိုး။ ဘာမှသဲလွန်စမရှိတဲ့သူတစ်ယောက်ကို ဘယ်လို
ရှာကြမလဲ။ ကံကိုပုံချပြီး ကံမကုန်ရင် ပြန်ဆုံကြမှာပါလို့ပဲ တွက်ရ
တော့မှာပေါ့။

"အခု မင်း အဲဒီဆံပင်ကို ဘာလုပ်ထားလဲ ပိုင်"

"ဘာလုပ်ရမှာလဲ သိမ်းထားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အရှုံး"

နေမျိုးက ပိုင်ပိုင်နိုင်နိုင် ပြောချလေ၏။ ဟံသာကပါ ...

"ခေတ်သစ် သိဝိဘုရင်ကြီးပေါ့ကွာ၊ ရှုံးခွင့်ရှိတုန်း ရှုံးရတာ ... ပျူးယာရှူ။ တို့မှာ ရှုံးခွင့်ကြုံချင်တာတောင် မရှုံးရဘူး။ တို့များ မစားကောင်းတဲ့အသီးတွေကျနေတာပဲ"

"ကိုယ်က ကြိုက်တာတော့ရှိတယ်မို့လား"

"ကိုယ်ကတော့ ကြိုက်တာပေါ့၊ အပျိုဆို အကုန်ကြိုက်တယ်"

"နှာဘူး"

ပြောရင်း ပိုင်က ဟံသာနှာခေါင်းကို လိမ်ဆွဲလေသည်။ နှလုံးသားဆိုတာ တပ်သားများလို ဝိစိမှတ်ပြီး အမိန့်ပေးလို့မှ မရပဲလေ။ ခဏလေး မြင်လိုက်ရတဲ့ မျက်နှာလေးကို မမေ့နိုင်စွာ စွဲလမ်းသွားမိတာကို ဘယ်လိုတားဆီးထိန်းချုပ်ရမလဲ။ ရင်ခုန်သံတွေရဲ့ အလိုဆန္ဒအတိုင်း စီးမျောလိုက်ပါနေချင်တဲ့စိတ်က ...

မ ဘယ်ကလဲ ...

ဘာအလုပ်လုပ်ပြီး ဘယ်နေရာတွေကို သွားနေကျလဲဆိုတာတွေပဲ သိချင်နေမိသည်။ ငှက်တွေလို အတောင်ပံပါရင်တော့ လေထဲကနေ ဝဲပြီး လိုက်ရှာရရဲ့။ အခုတော့ အတောင်မပါတဲ့ လူသား



ဖြစ်ခြင်းအတွက် ရပ်ကျန်ခဲ့မိတဲ့ ကိုယ့်အဖြစ်ကိုပဲ အားမလို အားမဖြစ်တာ ဒေါသထွက်ချင်မိ၏။

အဲဒီနေ့က ကြည်ဖြူတာ မကြည်ဖြူတာထား။ တစ်ခုခု သဲလွန်စရအောင် လိုက်မေးလိုက်ရအကောင်းသား။

"ကဲ ... ပိုင်"

"အင်း ... ပြော"

"တို့ပြောထားတဲ့ကိစ္စ မင်းစဉ်းစားပြီးပြီလား"

"ဘယ်ကိစ္စလဲ"

"အင်တာနက်မှာ မင်းဆိုတဲ့ သီချင်းတင်ဖို့ ကိစ္စလေကွာ"

ပိုင် တွေခနဲဖြစ်သွားလေ၏။ သူက သီချင်းဆိုတာရေးနေတာရောကို ဝါသနာကြီးသူလေ။ ဒါကြောင့် ကိုယ်တိုင်ရေးထားတဲ့ သီချင်းတစ်ပုဒ်ကို သူကိုယ်တိုင်ပဲဆိုပြီး အသံသွင်းထားတာ။ ကိုယ်ကတော့ ကိုယ့်ချဉ် ကိုယ်ချဉ်တာပေါ့။ သူများ မချဉ်မှာကိုစိုးပြီး ဆုံမရဲ ဖြစ်နေခဲ့တာ။

ဒါကို ...

သူငယ်ချင်းတွေက တင်ကြည့်ဖို့ တိုက်တွန်းနေကြတာလေ။

"တို့က မင်းကို ယုံကြည်လို့ တိုက်တွန်းနေတာနော်၊ မင်းက ဘာကိုကြောက်ပြီး တွန့်ဆုတ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မတွန့်ဆုတ်ပါဘူး ... ငါ တင်မှာပါ"

"တင်မယ်ဆို တင်လေကွာ၊ ဘာကို အချိန်ဆွဲနေတာလဲ"

"အေးပါ ... ဘယ်လိုဖြစ်နေတာလဲ၊ မင်းတို့ပြောတာနဲ့ ငါ တစ်ခုတောင် သတိရသွားပြန်ပြီ"

"ဘာလဲ"

"မနဲ့ပတ်သက်ပြီး ငါ သီချင်းတစ်ပုဒ်ရေးဖို့"

"ကောင်းသားပဲ လုပ်ကွာ"

"မင်းတို့ကလည်း မကောင်းတာ ဘာမှကိုမရှိဘူး"

အဲဒါ တကယ်။ ပိုင် ဘာပဲလုပ်လုပ် သူငယ်ချင်းနှစ်ယောက်က ဟုတ်တယ်, မှန်တယ်လို့ အမြဲထောက်ခံကြသည်ကိုပဲလေ။

♥

## အခန်း (၄)

နွေရိပ် ဝန်ထမ်းတွေကို စာအုပ်တွေပို့ဖို့ နယ်က စာရေးဆရာမတစ်ယောက်ကို ဘဏ်ကနေ ငွေလွှဲဖို့တွေ စီစဉ်စရာရှိတာ ဦး၊ ညွှန်ကြားသင့်တာ ညွှန်ကြားပြီး စာပေတိုက်ထဲမှ ထွက်လာခဲ့ [illegible] သူမ အိမ်အပြန် မေမေ့ဖို့ ကျေဒိုးနပ်ဝယ်သွားမလို့ပါ။

အိမ်မှာက သွေးအရင်းအချာဆိုလို့ ...

မေမေနဲ့နွေရိပ် နှစ်ယောက်တည်း ရှိတာလေ။ ဖေဖေရှိတုန်းကတော့ ဒီစာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဖေဖေပဲလုပ်ပြီး ဒီလုပ်ငန်းနဲ့ မိသားစုတွေ ရပ်တည်နေကြတာ။ ဖေဖေ ဆုံးသွားတော့ နွေရိပ်ပဲ လုပ်ငန်းကို ပခုံးပြောင်းထမ်းဆောင်ပြီး တာဝန်ယူခဲ့ရတာ ကြာပြီ။

www.burmeseclassic.com



ထုတ်ဝေသူအချို့က . . .

ကလောင်သစ်တင်ပေးဖို့ကျ နည်းနည်းနောက်တွန့်တတ်ကြသည်လေ။ နာမည်ရပြီးသား ကလောင်ရှင်တွေကိုသာ မိမိရရ လိုက်နေကြတာ။ နွေရိပ်ကတော့ အဲဒီလိုမဟုတ်ပေ။ ကလောင်သစ်တွေ ခေါ်ပြီး အလားအလာရှိရင် စွန့်စားကြည့်သည်။ ဒီလိုနဲ့ သူမ စင်တင်ပေးလို့ နာမည်ရလာတဲ့ ကလောင်ရှင်တွေ ဘယ်နှယောက်ရှိနေပြီလဲ။

အောင်မြင်တယ်ဆိုတာ . . .

ကိုယ့်ဘက်ကလည်း စွန့်စားကြည့်မှ သူ့ဘက်ကလည်း ကြိုးစားမှ ကံတူအကျိုးပေးဆိုတာ ဖြစ်လာတာ မဟုတ်လား။ တစ်ယောက်တည်း ကောင်းရုံနဲ့တော့ ဘာမှဖြစ်မလာနိုင်ဘူးလေ။

"ဟင်"

ဖုန်းသံမြည်လာသဖြင့် နွေရိပ် ထုတ်လိုက်ကာ . . .

"ဟယ်လို"

". . ."

"ဘယ်သူ . . . စာရေးဆရာမ တာရာကြည်ဖြူဟုတ်လား"

". . ."

"ဘာတဲ့လဲ"

". . ."





"ဟာ . . . အဲဒီလိုမရဘူးလေ၊ သူတို့ဘက်ကသာ စာမူခ တိုးတောင်းတာ၊ ဒီဘက်မှာက စာအုပ်ရောင်းအားတွေ ကျနေတာပဲဥစ္စာ၊ ရှင်းမပြလိုက်ဘူးလား။ အခု လူငယ်တွေက စာအုပ်သိပ်ဖတ်ကြတော့တာ မဟုတ်တော့ ရောင်းအားတွေ ကျနေတာကို"

". . ."

"အဲဒါတို့တင် မဟုတ်ဘူး။ ထုတ်ဝေသူတိုင်း ညည်းနေကြတာ နည်းနည်းပါးပါး လျှော့လာကြည့်ဦးလို့"

". . ."

"အဲဒါဆို ငါပဲ ဖုန်းဆက်ပြောလိုက်တော့မယ်နော်"

". . ."

"အေး အေး . . . ဒါပဲ"

ညိုမာ ဖုန်းဆက်တာနှင့် နွေရိပ်မျက်နှာ ညိုသွားလေသည်။ အလုပ်လုပ်ရတာ အဆင်မပြေမှုတွေက အဲဒီလိုပါပဲ။ အရင်တုန်းက စာမူခ တိုးတောင်းရင် တတ်နိုင်သလောက် တိုးပေးသားပဲ။ အခုက စာအုပ်တွေ ရောင်းအားကျနေလို့။ ဖြစ်နိုင်ရင် လက်ရှိပေးနေရတာထက် လျှော့တောင် ချပစ်လိုက်ချင်တာ။ ပြောရမှာ အားနာတာရယ်၊ ကိုယ့်ဘက်ကလည်း ခံသာသေးတာရယ်ကြောင့် ဘာမှမပြောသေးဘဲ နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခု ...

သူ့ဘက်က တိုးတောင်းနေတဲ့ကိစ္စအတွက်ကတော့ မဖြစ်နိုင်တဲ့အကြောင်း ပြောမှကိုဖြစ်မှာမို့ စာရေးဆရာမ တာရာကြည်ဖြူ ဖုန်းကို ခေါ်လိုက်ပြီး ...

"ဟယ်လို ... မကြည်ဖြူ နွေရိပ်ကို ညီမှာ ဖုန်းဆက်လို့ မမသိ ပြန်ဆက်လိုက်တာပါ"

"..."

"ဟိုလေ မမက စာမူခ တိုးတောင်းတယ်ဆိုလို့ပါ"

"..."

"မမရယ် နွေရိပ် အဲဒီကိစ္စအတွက်တော့ တောင်းပန်ပါတယ်၊ ဘယ်လိုမှကို တိုးပေးလို့မရလို့ပါနော်၊ စာအုပ်ဈေးကွက်ကို မမ စုံစမ်းကြည့်ပါ၊ အခု စာဖတ်အားတွေနည်းပြီး စာအုပ်ရောင်းအားတွေက ကျနေတာလေ"

"..."

"ဟုတ်ကဲ့ မမ ... ကျေးဇူးပါနော်"

"..."

"Ok Ok "

ဖုန်းချလိုက်ခြင်းနှင့်အတူ နွေရိပ် သက်ပြင်းပါ ချလိုက်မိ၏။



လွယ်လွယ်ကူကူ ပြောရလို့ တော်သေးတာပေါ့။ ဒါပေါ့လေ၊ သူလည်း ရမလားလို့ တောင်းကြည့်တာပဲ ဖြစ်မှာပေါ့။ မရနိုင်ဘူးဆိုတော့လည်း အေးအေးဆေးဆေးပါပဲ။

"ဖြောက် ... ဖြောက်"

"ဟင်"

"ဖြောက်ဖြောက် ... ဖြောက်ဖြောက်"

"ကျွတ်"

မိုးဖွဲတွေကျလာသဖြင့် နွေရိပ် စိတ်ညစ်သွားရသည်။ ထီးမပါ,ပါဘူးဆိုကာမှ။ ကောင်းကင်ဆီကို မော့ကြည့်လိုက်တော့ ကောင်းကင်တစ်ခွင် အုံ့မှိုင်းလို့ မိုးဖွဲတွေက ခပ်ကျဲကျဲကနေ ပိုစိတ်လာခဲ့လေပြီ။ နောက်တော့ ...

"ဝေါ"

"ဟာ"

"ဝေါ"

"ဒုက္ခပါပဲ"

ထီးကမပါ မိုးက သဲသဲထက် ပိုသဲလာတော့ မိုးကို အမုန်းတတ်ခံရှိသူပီပီ မျက်နှာက တင်းသွားလေ၏။ မုန်းလိုက်တာ။ မိုးကို မုန်းခြင်းနှင့်အတူ သူ့ကိုပါပေါ့။ အရင်တုန်းကတော့ နွေရိပ် ဒီမိုးကို

www.burmeseclassic.com

www.burmeseclassic.com



အံ့တုနိုင်ခဲ့သေးတာပဲ။ အခုရော ဘာလို့ နေ့ [illegible]ဆိုင်နိုင်ရမှာလဲလို့။ မိုးကို မုန်းသည့်စိတ်နှင့် မိုးရေထဲကို ထွက်လိုက်စဉ် ...

"ဟင်"

မိုးစက်မိုးပေါက်တွေက ဘာလို့ ကိုယ့်ခေါင်းပေါ် ကျမလာပါလိမ့်လို့ နောက်သို့ လှည့်ကြည့်မိစဉ် ...

"မှတ်မိလား"

အပြုံးချိုချိုနဲ့ မေးလိုက်ပုံက ကိုယ်ပဲ သူနဲ့ ရင်းနှီးခဲ့ဖူးသလိုလို။ နွေရိပ် မျက်နှာတင်းသည်ထက် ပိုတင်းသွား၏။ ဒီအချိုးမျိုးတွေ ရှိုးလို့လေ။ ယောက်ျားလေးတွေက လှတဲ့မိန်းကလေးမြင်လို့ သူတို့သဘောကျပြီဆို ဒီလိုပဲ လိုက်ရောကြတာပဲဟာ။ အခုပဲ ကြည့်လေ။ သူနဲ့ကိုယ် မသိပါဘဲ ထီးလာမိုးပေးထားတာ။

"ကျွန်တော်ကတော့ မကို မှတ်မိတယ် သိလား။ ကျွန်တော်က ကျွန်တော့်အသိဆီကိုလာတာ၊ အဲဒါ မကို လှမ်းမြင်လိုက်လို့ စကားပြောနေတာထားပြီး ထလာတာ၊ ဒါနဲ့ ... မက နွေရိပ်သွင် စာပေက ထွက်လာတာဆိုတော့ စာရေးဆရာမလား။ မသိလို့ သိအောင် မေးကြည့်တာပါ ... စိတ်မရှိပါနဲ့နော်"

"..."

"မ ... ကလောင်နာမည်က ဘယ်သူလဲ မသိဘူး"



"..."

"ဘယ်ကိုသွားမှာလဲ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဒီမှာ"

နွေ ဆတ်ခနဲ မော့ကြည့်ပြီး ခေါ်လိုက်တော့ ...

"ဗျာ"

"မင်း ကိုယ့်လမ်း ကိုယ်သွားတာ ကောင်းလိမ့်မယ်"

"မ,ကလဲ"

"မလဲနဲ့ ငါ့မှာ အမေမွေးကတည်းက ခြေထောက်နှစ်ချောင်း [illegible]တယ်၊ ဒုက္ခိတမဟုတ်ဘူး၊ ဘယ်သူ့အကူအညီမှလည်း မလိုအပ်[illegible] ကိုယ့်အားကိုယ်ကိုးပဲ၊ ပြောတာ ရှင်းတယ်နော်"

"ရှင်းပါတယ် ... ဒါပေမဲ့ ... မိုးတွေ အရမ်းရွာနေတယ် [illegible] လိုက်မပို့စေချင်ရင်လည်း ထီးယူသွားလေ"

"မလိုဘူး"

"ဘာလို့မလိုရမှာလဲ၊ ဒီအတိုင်းသွားရင် မကို မိုးရေတွေ [illegible]မှာပေါ့၊ ရော့ ... ထီးယူသွားပါ"

"မလိုဘူးလို့ ပြောနေတယ်လေ၊ နေစမ်းပါဦး ... မင်းက [illegible]တ်ရက်ရောပြီး ပေးကမ်းချင်နေရအောင် တမင်လာခဲ့ရာ [illegible] ငါ့ကို သိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မ,ကို သိလို့ပေါ့"

"ဘာ"

သူက သိလို့ဆိုပေမယ့် ကိုယ်ကမှ မသိတာ။ ပြီးတော့ ယောက်ျားလေးတွေနဲ့ မပတ်သက်ချင်သည့်စိတ်က မျက်နှာကို ပြန်လွှဲစေပြီး မျက်ဝန်းတွေက မာန်မာနကို အလံပြနေသလိုမျိုးပါ။ ဒီလို အစကောင်းတာမျိုးတွေကြားမှာ နွေရိပ်သွင်ဆိုတဲ့ မိန်းမက ပျော်ဝင်တိမ်မြုပ်သွားမယ့်မိန်းမမျိုးမှ မဟုတ်တာ။

ခဲမှန်ဖူးတဲ့ စာသူငယ်လို

လက်ရှယ်ရုံနဲ့ ကိုယ်က ထပျံထားနိုင်မှမဟုတ်လာ။ ယောက်ျားဆိုတဲ့ ပုရိသတွေနှုတ်က အစမှာ သကာလိုချိုပြီး ကြာကြာ ဝါးမှ ခါးမှန်းသိရတာ။

ဒါကြောင့် ...

"ငါ မင်းကို မသိဘူး"

"ဟုတ်ပါပြီ၊ မ ကျွန်တော့်ကို မမှတ်မိဘူးဆိုရင် စင်တာထဲ မှာ ကျွန်တော့်အငေါ်ကြယ်သီးနဲ့ မ,ဆံပင်တွေ ငြိသွားခဲ့တာကိုတော့ မမေ့နိုင်သေးဘူး ထင်ပါတယ်"

နွေရိပ် မျက်မှောင်ကြုတ်သွားလေသည်။ အဲဒီအဖြစ်ကိုတော့ မှတ်မိတာပေါ့။ ဒါပေမဲ့ ဘယ်သူဘယ်ဝါဆိုတာကို နွေရိပ် သေသေ





ချာချာကြည့်ခဲ့တာမှ မဟုတ်ပဲလေ။ ကြည့်ဖို့လည်း လိုမှမလိုအပ်တာ။ မျက်လုံးတွေက သစ္စာကြီးစွာနဲ့ သူစိမ်းယောက်ျားဆို ဘယ်သူ့ကိုမှ စေ့စေ့မကြည့်ခဲ့။

"မှတ်မိပြီလား"

"အဲဒီအဖြစ်ကို မှတ်မိပေမယ့် မင်းနဲ့ငါ ရင်းနှီးဖို့အကြောင်း မရှိဘူး"

"ကျွန်တော်က ရင်းနှီးချင်တယ်"

"သေလိုက်"

"မ"

ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်ပေမယ့် ပိုင့်ခြေထောက်တွေ က ပိုပြီး လျှင်မြန်စွာ ရှေ့မှ ပိတ်ရပ်ထားလေလျှင် ...

"တောက်"

"မိုးရေတွေ စိုကုန်မှာစိုးလို့ပါ မရဲ့၊ ထီးယူသွားပါ"

"ဒီမှာ"

"ဟင်"

"ငါ့လက်ဝါးက ပါးမရွေးဘူးနော်"

"ထီးယူသွားမယ်ဆိုရင် ကျွန်တော့်ပါးကို မ, ဘယ်ချက် ရိုက်သွား ... ကျွန်တော် ခံမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကောင်လေးပါလိမ့်။ လူလိုပြောလို့ နားမလည်တာကို ဖြစ်နိုင်ရင် သူပြောသလို ဆယ်ချက်လောက် ပါးရိုက်ပစ်လိုက်ချင်တာ။ ဒါပေမဲ့ . . . ပတ်ဝန်းကျင်ဆိုတာက ရှိနေသေးသည်လေ။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ပတ်ဝန်းကျင်ရဲ့ပါးစပ်တွေ၊ မျက်လုံးတွေထဲမှာ သို့လော သို့လောတွေ အထင်မခံနိုင်။

ယောက်ျားတွေနဲ့ ပတ်သက်ပြီး . . .

ကိုယ့်ဂုဏ်သိက္ခာကို နှမ်းတစ်စေ့စာပင် အစွန်းအထေး မခံနိုင်တာမို့ . . .

"ယူလည်း မယူဘူး၊ ရိုက်စရာလည်း မလိုဘူး၊ မရိုက်ရဲတာ မဟုတ်ဘူး။ မရိုက်ရက်တာလို့လည်း မင်းမထင်နဲ့၊ ပတ်ဝန်းကျင်ဆိုတာ ရှိနေလို့ နားလည်လား"

"ဟာ . . . မ"

ပြောပြီးတာနှင့် လှစ်ခနဲ ထွက်သွားတာ ဒီတစ်ခါတော့ တားချိန်မရလိုက်ပေ။ မိုးရေထဲကို ထွက်သွားပြီဆိုမှတော့ မိုးရဲ့အင်အားက ပိုးတိုးပါးတားမှ မဟုတ်တာ။ ရွှဲပြီပေါ့လေ။ ပိုင် ရှေ့ဆက်လိုက်ချင်ပေမယ့် မလိုက်တော့ဘဲ ရပ်ကျန်ခဲ့တာသည် မရဲ့ဒေါသမျက်ဝန်းတွေကို ရင်မဆိုင်ရဲတော့လို့ပါ။ လောလောဆယ် ပိုအရေးကြီးတာက မ ဘယ်သူလဲဆိုတာ သိရဖို့ . . .။



သင်ဆုံခွင့်မရှိတော့ဘူးလို့ ထင်ထားတာ။

အခုလို ဆုံခွင့်ပေးလိုက်တဲ့ ကံကြမ္မာကို ကျေးဇူးတင်ပါသည်သေး။ ဆိုချင်တော့ . . . ပိုင် ဖေဖေခိုင်းထားတဲ့ကိစ္စတစ်ခုကြောင့် ဒီလမ်းထဲကိုရောက်လာခဲ့တာပါ။ စာအုပ်ဆိုင်ဖွင့်ထားတဲ့ အသိတစ်ယောက်နဲ့ စကားပြောနေရင်း မ,ကို မြင်လိုက်တာမို့ ရေစက်မကုန်သေးဘူးပေါ့။

"ဟေ့ကောင် ပိုင်"

"ဗျာ"

"မင်း သူ့ကို သိလို့လား"

"မသိလို့ . . . အခုသိချင်နေတာ"

"မင်းတော့ ရာဇဝင်အိုးကို တုတ်နဲ့ ထိုးသလိုဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"သူက နွေနိုင်သွင်စာပေတိုက်ပိုင်ရှင်ကွ၊ သူ့နာမည်ကလည်း နွေနိုင်သွင်ပဲ၊ မာနခဲဆိုတာထက် ယောက်ျားမုန်းတီးရေးဝါဒသမား၊ များမလုပ်နဲ့ . . . မင်း ရှုံးသွားလိမ့်မယ်"

"ကျွန်တော်က ရှုံးခွင့်ရချင်လွန်းလို့ပါ"

"ဟော"

ကိုစောဝေ မျက်လုံးကြီးပြူးကြည့်တော့ ပိုင်က ရယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မနဲ့ ပတ်သက်ပြီး ရှုးခွင့်ရမယ်ဆိုရင် ရှုးချင်သလောက် ရှုးစမ်းပါစေ
ဖြေဆေးပေးရင်တောင် လုံးဝမသောက်ဘဲ အရှုးခံလိုက်မည်။

"မင်းအတွက် သွားလမ်းသာရှိပြီး ပြန်လမ်းမရှိဖြစ်လိမ့်မယ်
နော် ပိုင်"

"သူက အဲဒီလောက်တောင် ခါးသလား"

"ခါးတယ်"

"ဘယ်လောက်ပဲ ခါးခါးပါ၊ အပြုပ်နာရင် အခါးပြယ်တတ်
ပါတယ်"

ပိုင်ရင်ထဲမှာ ဆုံးဖြတ်ချက်က ခိုင်မာသွားပြီ။ ဘာလဲဆိုတော့
အခါးကို သကြားထပ်ပြီး ချိုလာအောင် ကြိုးစားဖို့ဆိုတာ။

♥

## အခန်း (၅)

"ဘာ ••• မင်း သူ့ကို မထင်မှတ်ဘဲ ထပ်တွေ့လိုက်ရတယ်
ဆုတ်လား ပိုင်"

"ဟုတ်တယ် ••• မနာမည်က နွေရိပ်သွင်တဲ့"

"နွေရိပ်သွင်"

"အင်း"

နေမျိုး တွေခနဲ ဖြစ်သွားလေ၏။ ဒီနာမည်မျိုး သူကြားဖူး
သလို ရှိနေလို့လေ။

"မက နွေရိပ်သွင်စာပေရဲ့ထုတ်ဝေသူပေါ့"

"အဲဒါကြောင့် ••• ဒီနာမည်ကို ငါ ကြားဖူးပါတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



တွေးနေတာ၊ ပြောပါဦး ဘယ်လိုထင်ဆုံဖြစ်သွားတာလဲ''

ဒီကလည်း ပြောချင်လွန်းလို့ ပါးစပ်ယားနေတဲ့ကောင်မို့ ပိုင့်နှုတ်ခမ်းလေး လွန့်ခနဲ ပြုံးသွားလေ၏။ မေးတဲ့သူကို ကျေးဇူးတင်မိစွာနှင့် ဒလိုကနေ အစချီပြီး ပြောပြတာ ဇာတ်လမ်းတစ်ပုဒ်လို စတွေ့ကတည်းက ဇာတ်လမ်းဆန်ဆန် တွေ့ခဲ့ကြတာကို။ မက မာနကြီးတယ်တဲ့။ ဘယ်လောက်ပဲ မာနကြီးကြီး အချစ်နဲ့တွေ့ရင်တော့ အရည်ပျော်ကျသွားမှာပါ။

အဲဒီလို ချစ်တတ်လာအောင် သင်ပေးဖို့က ကိုယ့်တာဝန်ပဲ မဟုတ်လား။

အင်း ...ကိုကြီးစော ပြောတာတော့ နွေရိပ်သွင်က ယောကျ်ားမုန်းတီးရေးဝါဒသမားတဲ့။ မချစ်ဖူးဘဲ မုန်းတာလား။ ချစ်ခဲ့ဖူးလို့ မုန်းတာလား။ ယောကျ်ားတွေနဲ့ပတ်သက်ပြီး မ,ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်ခံစားခဲ့ရပါလိမ့်။ ဒဏ်ရာတွေရှိခဲ့ရင် ကုစားပေးနိုင်မယ့်သူက ကိုယ်ပဲဖြစ်ချင်တာ အတွေးကြီးရာများ ရောက်နေပြီလား။

ဘာပဲဖြစ်ဖြစ် ...

အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးလို့ အဆိုပြုထားကြတာပဲလေ။ အခု ပိုင် မ,အကြောင်းတွေ အကုန်စုံစမ်းခဲ့ပြီးပြီ။ သိထားတာ



ထက် ပိုသိချင်တာတွေအတွက်တော့ ကြိုးစားပြီး ထပ်စုံစမ်းရဦးမှာပေါ့။

"ဒါဆို မင်း ထိုးပေးတာကို မယူဘဲ အရှုံခံသွားတယ်ပေါ့၊ မာနကတော့ မသေးဘူးနော်၊ မင်းပြောပုံအရဆို ယောကျ်ားတွေကို သူ ဒီလောက်မုန်းနေတာ အတိတ်မှာ ဇာတ်လမ်းတစ်ပုဒ်တော့ ရှိခဲ့လိမ့်မယ် ထင်တယ်''

"ငါလည်း ဒီလိုပဲ တွေးပါတယ်''

"လွယ်ပါ့မလား ပိုင်''

ဟံသာက ဖြတ်မေးလေတော့ ...၊

"ဘာကိုလဲ''

"မင်းနဲ့ နီးစပ်ဖို့လေ''

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ အဓိကလိုအပ်တာ ကိုယ့်ကြိုးစားမှုပဲလေ၊ ကကြီးနောက်က ခကွေးနဲ့ လနောက်က ဝလုံးတောင် ပေါင်းစပ်ပြီး ဆလိမ်ဖြစ်သေးတာပဲ၊ မိန်းမဆိုတာ ဘယ်လောက်ပဲ မာနကြီးတယ်ပြောပြော၊ နူးညံ့တဲ့ နှလုံးသားပိုင်ရှင်တွေ၊ တကယ်တမ်း တွေးကြည့်ရင် မာနကြီးတယ်ဆိုတာကိုက သူတို့ရဲ့ပျော့ကွက်ကို မာနနဲ့ ဖုံးကွယ်ထားတာ''

"များပြားလိုက်တဲ့ ဒဿနတွေ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရင်ထဲမှာ ဆူးစူးခဲ့ဖူးတယ်ဆိုရင်လည်း ကိုယ်က အဲဒီ ဆူးကို နှုတ်ပြီး ဒဏ်ရာကို ဆေးသိပ်ပေးနိုင်ရမှာပေါ့"

"ဆူးကို ထွင်ထုတ်ပေးတဲ့ အပ်ရာက ပိုကြီးနေပါဦးမယ် ကွာ၊ ကြည့်လည်း လုပ်ပါဦး"

"ကြီးစရောလား၊ ငါက မ,ကို မြင်မြင်ချင်း စွဲလမ်းမိသွားတော့ နှစ်ခါဆုံတော့ တကယ်ချစ်မိသွားတာကွ"

"မဟုတ်ဘူး၊ ငါပြောချင်တာက အဲဒီလိုမဟုတ်ဘူး"

နေမျိုး ပျာပျာသလဲပြောတော့ ဟံသာက ခပ်ကြောင်ကြောင် လှည့်ကြည့်လေသည်။ ပြောချင်တာက တစ်မျိုးကို အပြောမှားသွား တော့ အဓိပ္ပာယ်က တစ်မျိုးသက်ရောက်သွားတာလေ။

"ဒါဆို ဘာလဲ"

"ဆူးကိုထွင်ပေးမယ့် အပ်ကျိုးသွားမှာကိုစိုးတာ၊ ပြောချင် တာက အဲဒီလို"

"မကျိုးပါဘူး၊ အနည်းဆုံး ဖွဲ့ဆုတော့ရမှာပါ"

"အင်း . . . ငါ့အထင်ပြောရရင် မင်းအရင်းအနှီးကတော့ များလိမ့်မယ်ထင်တယ် ပိုင်"

ခုတစ်ခါဝင်ပြောလိုက်တာက ဟံသာပါ။

"ဘာတွေဖြစ်နိုင်မလဲ"





"အသေချာဆုံး အရင်ရင်းရမှာကတော့ ပါးဖြစ်နိုင်တယ်၊ ခင်းအစား ငါ ကြိုပြီး နာလိုက်တာ"

"အဟွန်း"

ပခုံးတွန့်ရယ်ပြီး ပိုင်ပါးတစ်ဖက်ကို လက်ဝါးနှင့် စမ်းလိုက် မိတော့၏။ လက်ဝါးမကလို့ တားဖြစ်ဖြစ် ပိုင် ရင်ဆိုင်ပြီး စွန့်စားမှာပါ။ ခုပြောသွားတဲ့ စကားကိုလည်း သတိရမိသွား၏။

"ငါ့လက်ဝါးက ပါးမရွေးဘူးနော်"

"ထိုးယူသွားမယ်ဆိုရင် ကျွန်တော့်ပါးကို မ ဆယ်ချက်ရိုက် သွား ကျွန်တော်ခံမယ်"

"ယူလည်း မယူဘူး၊ ရိုက်စရာလည်း မလိုဘူး၊ မရိုက်ရဲတာ မဟုတ်ဘူး၊ မရိုက်ရက်တာလို့လည်း မင်းမထင်နဲ့၊ ပတ်ဝန်းကျင်ဆို တာ ရှိနေလို့ နားလည်လား"

စူးစူးရဲရဲကြည့်ပြီးပြောသွားတဲ့ စကားတွေက မယုံစရာတော့ မရှိပေ။ ယောကျ်ားတွေကိုမုန်းတဲ့ မိန်းမတစ်ယောက်ရဲ့ လက်ဝါးက ဦးတာ, ညှာတာတွေ ဘယ်ရှိလာလိမ့်မှာလဲ။ အရင်တုန်းက ဖာတ်လမ်း ဖြစ်ခဲ့ဖူးတာဆိုရင် . . .

ဒါ . . .

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးကို ပုပ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်နေခြင်းပဲပေါ့။ မကို အဲဒီလောက် နာကျင်ခံစားရအောင် ဘယ်သူ့ လူမျိုးက လုပ်ခဲ့ပါလိမ့်။ ပိုင်ကတော့ မ,အချစ်ကိုသာရရင် တစ်သက် လုံး တန်ဖိုးထားမြတ်နိုးသွားမှာပါ။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်မိ တော့ ဒီ. . .

"မင်း ဘာပြုံးတာလဲ ပိုင်"

"မင်းပြောတဲ့ အရင်းအနှီးတွေထက် ပိုပြီး ရင်းနှီးရလည်း ရင်းမယ်လို့ ငါ ဆုံးဖြတ်လိုက်ပြီ။ အဲဒါ ငါ့ဆုံးဖြတ်ချက် ငါ သဘော ကျလို့ ပြုံးတာ"

နေမျိုးက အိမ်ထဲမှာမို့ မမြင်ရတဲ့ကောင်းကင်ကို မော့ကြည့် သလို အပေါ်ကိုမော့ကြည့်ပြီး . . .

"နေက မမြင်တာတောင် မဟုတ်ဘူး။ မိုးရွာနေလို့ မြင်ကို မမြင်ရတာဆိုတော့ မင်း အရှုံးမရင့်လောက်သေးပါဘူး"

ပိုင် ဘာမှပြန်မပြောဘဲ ရယ်နေမိ၏။ ဘယ်သူတွေ ဘာပဲ ပြောပြော ပိုင့်ရင်ထဲမှာက မ,မှမ ဖြစ်နေပြီ။ မ, ဘယ်တွေသွားတတ်လဲ ဘာတွေလုပ်တတ်သလဲ သိနေပြီဆိုတော့ ဒီနေ့ကစပြီး သူမရဲ့အရိပ်က လေးပဲ လုပ်တော့မှာပါ။

မိုးတွေ စိုရွှဲနေတာတောင် . . .

ဖြူဝင်းနေတဲ့ မ,မျက်နှာပြည့်ပြည့်လေးက အလှပျက်မသွား ခဲ့။ ဟိုဘဝက ဘယ်လိုများ ဆုတောင်းကောင်းခဲ့တာလဲ မရယ်။ ပိုင့် ရင်ထဲကို တိုးဖောက်ဝင်ရောက်လာတဲ့ မအနားမှာ ပိုင် အရိပ်ကလေးပဲ ဖြစ်ပါရစေ။

"အခု . . . မင်း ဘာဆက်လုပ်မလဲ ပိုင်"

"မရဲ့အရိပ်ကလေး လုပ်မှာပေါ့"

"တော်တော် ရည်ရွယ်ချက်ကြီးတာပဲ"

"မင်းတို့က ငါ့ကို နောက်ဆုတ်စေချင်တာလား။ ရှေ့တိုးဖို့ အားပေးမှာလား"

"မင်းသဘောပါ၊ ငါတို့က ရဲဘော်ရဲဘက်အဖြစ် ရှိနေပေးရုံ ပဲ"

"Ok ငါက ရှေ့ပဲ ဆက်တိုးမှာ"

အဲဒီလောက် ချစ်မိသွားတယ်ဆိုတာ ယုံပါ မရယ်။ အချို့က အနေနီးလို့ တွေ့နေမြင်နေကြမို့လို့ ငယ်သံယောဇဉ်ကြောင့်ဆိုတာ တွေ ရှိပေမယ့် ပိုင်ကတော့ မကို မြင်ကတည်းက ရင်ထဲမှာ စွဲလမ်း မိတာ ရေးရေစက်ကြောင့် ထင်ပါရဲ့။

♥





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မ"

"ဟင်"

နွေရိပ် ကားတံခါးကို ဆွဲဖွင့်ဖို့ လက်က မရောက်မီ အရိပ်တစ်ခု ရောက်လာပြီး တံခါးကို မှီလိုက်သဖြင့် လက်က ပြန်ရုပ်လျက်သားဖြစ်သွားသည်။ ဘယ်သူလဲလို့ မျက်နှာကို ကြည့်လိုက်တော့

"မင်းကို"

ပြောပြီး မျက်နှာအမူအရာပြောင်းလဲသွားပုံက ကျောက်ရုပ်ကျောက်သားလို။

"ဟုတ်"





"ဒါ ... ဘာလုပ်တာလဲ"

"မနဲ့ စကားနည်းနည်းလောက် ပြောချင်လို့ပါ"

"ငါ့မှာ ပြောစရာစကား မရှိဘူး"

"မမှာ ပြောစရာမရှိတာ ကျွန်တော် သိပါတယ်၊ အခုက ကျွန်တော့်မှာ ပြောစရာရှိလို့ မ နားထောင်ပေးဖို့ပါ၊ ခဏလေးပါရဲ့"

"ဒီမှာ"

"..."

"နင့်စကားကို နားထောင်ပေးဖို့ ငါ့မှာ အချိန်မရှိဘူး။ ပြီးတော့ နင်နဲ့ငါ့ကြားမှာ ဘာမှရင်းနှီးပတ်သက်မှု ရှိတာမဟုတ်တဲ့အတွက် မနှောင့်ယှက်ပါနဲ့"

"မ"

"ဘာမ,လဲ၊ မ,ရအောင် ငါ နတ်ကတော် မဟုတ်ဘူး၊ နင်က ဖယ်မလား၊ မဖယ်ဘူးလား၊ ဒါပဲပြော"

"ကျွန်တော် ပြောတာကို နားထောင်ပေးရင် ဖယ်ပေးမှာပေါ့"

မျက်နှာတင်းပြီး စေ့စေ့ကြည့်နေတာတောင် တစ်ချက်အကြည့်လွှဲမသွားပဲ ရဲရဲရင်ဆိုင်ကာ အပြုံးမပျက်ရှိနေတာကိုက မုန်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ။ ရုပ်ကလေးက ချောပါရဲ့။ ေ◌့ိုင်ယ်ကလည်း အမိစား အမိုက်စား။ ရုပ်ချောတိုင်း နှလုံးသားမလှတဲ့ ယောက်ျားတွေကို မုန်းပါတယ်ဆိုမှ အမုန်းကို ခြေထိုးခံဖို့ ကြိုးစားနေတဲ့ ကောင်လေးကို ဘယ်လိုတုံ့ပြန်ရမလဲ။

လက်ဝါးတွေ ယားကျိကျိဖြစ်လာပေမယ့် ...

ကိုယ်အလွန်မဖြစ်အောင် ထိန်းချုပ်ထားရတာမလွယ်။ အညာလွယ်တတ်တဲ့ နှလုံးသားက ဒဏ်ရာတောင် မပျောက်သေးဘူး။ နောက်တစ်ခါဆိုတာ ထပ်ရှိလာရင် သေတောင် ကိုယ့်ကိုယ်ကိုယ် သနားမိမှာ မဟုတ်ဘူးလေ။ မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ သိနေတာ သူမကို ဒီကောင်လေး ချဉ်းကပ်နေတာ ခင်မင်ရုံစိတ်မျိုးနဲ့ ဖြစ်နိုင်မတဲ့လား။

ခင်မင်ရုံဆိုရင်တောင်

ရှေးအလားအလာတွေကို ကြိုမြင်နေပြီး ယောက်ျားမုန်းတဲ့ မိန်းမတစ်ယောက်အနေနဲ့ သူ့ရှေ့မှာ ခုလောက်အထိ နေမိတဲ့ ကိုယ့်ခြေထောက်ကိုတောင် ဖြတ်ပစ်ချင်စိတ် ပေါက်တာ ဖြစ်နိုင်ရင်ပေါ့လေ။

"ကျွန်တော့်နာမည် ပိုင်ပါ"

"ဘယ်သူက မေးနေလို့လဲ ... စိတ်မဝင်စားဘူး"



"စိတ်မဝင်စားမှန်း သိပါတယ်၊ ဒါပေမဲ့ ... မကို သိစေချင်လို့ ပြောပြတာပါ"

"..."

"မ"

"..."

"တကယ်ပြောတာ ကျွန်တော် မရဲ့အရိပ်ကလေး ဖြစ်ချင်တယ်"

"နင်ပြောချင်တာ ဒါပဲမို့လား ... ဖယ်တော့"

ဖယ်တော့ဆိုပေမယ့် ပိုင်က မဖယ်ဘဲ ပေကပ်ကပ်လုပ်လေလျှင် နွေရိပ် စိတ်မရှည်တော့ဘဲ တစ်ဖက်တံခါးဆီသို့ ပတ်သွားလိုက်၏။ အဲဒီတော့ ... နွေရိပ် တစ်ဖက်ကနေ ဝင်အထိုင်မှာ သူကလည်း ဟိုတစ်ဖက်တံခါးကို ဖွင့်ပြီး ဝင်ထိုင်ပြီးနေပြီ။ ပိုင်စိုးပိုင်နင်း ဖြစ်လာပြီမို့ နွေရိပ် ဒေါသတွေက တရားချလို့မရချင်တော့ပေ။

"နင် ... ဘာလုပ်တာလဲ၊ ငါ့ကားပေါ်က ခုဆင်းစမ်း"

"မ,လိုရာခရီးကို ကျွန်တော် မောင်းပို့မယ်"

"မလိုဘူး ခုဆင်း။ နင်နဲ့ငါ ဘာမှပတ်သက်စရာ အကြောင်းမရှိဘူး။ ခုဆင်းသွား"

"မ"

www.burmeseclassic.com



“မခေါ်နဲ့”

“မ ကျွန်တော့်စေတနာကို လက်ခံပေးပါ။ ကျွန်တော် မကို”

“တော်စမ်း ... ထပ်မပြောနဲ့”

“မ”

“နင် ငါ့ကားပေါ်က ဆင်းမလား။ မဆင်းဘူးလား။ ဒါပဲ ပြော”

“မဆင်းဘူး”

“ဒီလောက် မဆင်းချင်တာ ... ကဲ”

“ဖြန်း”

တစ်ဖက်လည်သွားတဲ့ မျက်နှာက ချက်ချင်း ပြန်လှည့်မလာ။ ပိုင် ပါးတစ်ဖက် ပူသွားခြင်းနှင့်အတူ သူငယ်ချင်းတွေ ပြောတဲ့စကား က နားထဲကို ချက်ချင်းပဲ ဝင်ရောက်လာ၏။ အသေချာဆုံး အရင် ရင်းရမှာ ပါးဖြစ်နိုင်တယ်တဲ့။ အခု သူငယ်ချင်းတွေ ပြောသလိုပဲ ဖြစ်လာပြီး ပါးတစ်ဖက် အရင်ဆုံး ရင်းလိုက်ရပြီ။

နောက်ထပ် ဘာတွေရင်းရဦးမလဲ။

ဘာပဲ ရင်းရရင်းရ ပိုင့်ဘက်က ရင်းဖို့ အဆင်သင့်ပဲဆိုတာ

“မ ... ကျေနပ်လား”

“နင် သွားတော့နော်”



“မကျေနပ်ရင် မ, ထပ်ရိုက်လို့ရပါသေးတယ်။ အစကတည်း က ကျွန်တော် ခံနိုင်ရည်ရှိအောင် ကြိုးစားထားပြီးသားပါ”

“ဒီမှာ”

“ပြော”

“မင်း ... ငါ့ကားပေါ်က မဆင်းဘူးဆိုရင် ဒီတစ်ခါ လက် ဝါးမသုံးတော့ဘူး”

“ဘာသုံးမလို့လား ... သုံးလေ”

“ငါ ရဲစခန်းကို ဖုန်းဆက်လိုက်မယ်”

“ဆက်လေ ... အဲဒါဆို မ,လိုရာခရီးကို မရောက်ဘဲ ကျွန် တော့်လိုရာခရီးကို မောင်းပြေးလိုက်ရုံပဲပေါ့”

“ဘာ”

နွေရိပ် စူးစူးရှားရှားဖြစ်သွားလေ၏။ ဒါပေမဲ့ ကောင်လေး ဆီက ဖွတ်တစ္ဆေဆန်မည့်ပုံမို့ တကယ်လုပ်ရင် ဒုက္ခလို့ တွေးပြီး စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားရတာ မသက်သာ။ စိတ်ရှိတိုင်း သာ လုပ်ရရင် ...

ဒီကောင်လေးကို ကားပေါ်က တွန်းချပြီး တိုက်သတ်ပစ်ခဲ့ ချင်တာ။ နာမည်ကလည်း ပိုင်တဲ့။ နိုင်နဲ့ပိုင်။ နွေရိပ်နဲ့မှ ဆုံတည်း ဆုံတတ်ပါပေ့။ အဲဒီထူးဆန်းတဲ့ ရေစက်ကိုပဲ ဗူးထဲမှာသာဆို အဝတ်

www.burmeseclassic.com

www.burmeseclassic.com



စုတ်နဲ့ သုတ်ပစ်လိုက်ပြီ။

"ဖုန်းဆက်လိုက်လေ ရဲစခန်းကို"

"တောက်"

"ပါးထပ်ရိုက်ချင်ရင်လည်း ရိုက်လို့ရတယ်နော်"

"ဒီကားပေါ်ကနေ မင်း မဆင်းဘူးလား"

"မဆင်းပါဘူးဆို"

"ကောင်းပြီ ••• မင်းမဆင်းရင် ငါဆင်းမယ်"

"ဟာ ••• မ"

နွေရိပ် ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းမယ်လုပ်တော့မှ ပိုင် ပျာပျာသလဲဖြစ်သွားလေလျှင် နွေရိပ် မဆင်းဖြစ်သေးဘဲ ပြန်ငဲ့ကြည့်တော့ •••

"ကျွန်တော် ဆင်းမယ်"

ပြောပြီး ပိုင်ဆင်းသွားလေတော့ နွေရိပ် နေရာရွှေ့ထိုင်ပြီး ကားကို မောင်းထွက်လာခဲ့၏။ ကိုယ် မကြုံခဲ့ဘူးတာမှ မဟုတ်ပဲလေ ယောက်ျားတွေက ဒီအတိုင်းပဲဥစ္စာ။ ကိုယ့်ဆီက မပေးနိုင်ခင်မှာတော့ အသည်းအသန်နဲ့ မိန်းကလေးဘက်က ပြန်မချစ်ရင်ဘဲ ရူးတော့မလို လို့။ သေတော့မလိုလို့။

မိန်းကလေးဘက်က ချစ်ပါပြီလည်းဆိုရော •••



သူတို့ဘက်ကပဲ သွေးအေးပြီး ဥပေက္ခာပြုသွားတတ်ကြတာ။

နွေရိပ်သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ စားသောက်ဆိုင်ကို ရောက်လာတော့ သူငယ်ချင်းတွေက ရောက်နှင့်နေပြီဖြစ်ကာ •••

"နောက်ကျလှချေလား အမိရဲ့၊ လမ်းမှာ ဘာဖြစ်နေလို့လဲ သို့ တို့မှာ စိတ်ပူနေတာ"

"အဖြစ်ကတော့ မပြောချင်တော့ပါဘူး"

"ဟဲ့ ••• ပြောမှသိမှာပေါ့၊ ဘာဖြစ်လာတာလဲ ပြောပါဦး"

"ပိုင်ဆိုတဲ့တစ်ယောက် လိုက်နှောင့်ယှက်နေလို့ပေါ့"

"ပိုင်"

"ပိုင် ••• ဟုတ်လား၊ ဘယ်က ပိုင်လဲ"

"နင်တို့ မှတ်မိလားမသိဘူး၊ စင်တာထဲမှာတုန်းက ဝင်တိုက်ပြီး ငါ့ဆံပင်နဲ့ သူ့အကျႌကြယ်သီး ငြိခဲ့တဲ့တစ်ယောက်လေ"

"အေး ••• မှတ်မိပါတယ်၊ သူနဲ့နင်က ဘယ်လိုကနေ ဘယ်လို"

"ဒီလိုဟေ့ ••• ဒီလို"

မေးတဲ့သူတွေက မေးလာပြီဆိုတော့ ပြောချင်နေတဲ့သူကလည်း ဒီလိုကနေ အစချီပြီး ပြောပါလေတော့၏။ စကားဆုံးသွားပြီ ဖြစ်တော့နှင့် သူငယ်ချင်းတွေမှာ သက်ပြင်းကိုယ်စီချ၍ •••

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ဒီအဖြစ် ဒီအမှုနဲ့ ရပ်သွားမှာမဟုတ်ဘူးနော် နွေရိပ်၊ သူ့ဘက်က နောက် ဆက်ရန်တွေ အများကြီး ရှိလာဦး မှာ"

"ရှိလာရင် နွေရိပ်သွင် ဘယ်လိုမိန်းမလဲဆိုတာ သိအောင် တတ်နိုင်သလောက် ရက်စက်ပြရုံပဲ ရှိတာပေါ့"

"ပဏ္ဏာမအနေနဲ့ ပါးတစ်ဖက်တော့ ရိုက်ခဲ့ပြီးပြီ မဟုတ်လား"

မောင်က မျက်စောင်းလေး ထိုး၍ ပြောလေ၏။ သူတို့ နွေရိပ်ရဲ့ယောကျ်ားမုန်းတီးရေး အစွဲကြီးကို ချွတ်ချင်နေတာလေ။ တ ယောက်မကောင်းတာနဲ့ အားလုံးကို သိမ်းကျုံးမုန်းနေတာ ကောင်း လား။

"နွေရိပ်"

"ဘာလဲ"

"နင့်ကို တို့ မပြောချင်လို့ ကြည့်နေတာနော်၊ တစ်ယော မကောင်းရင် တစ်ယောက် ပြောင်းကြည့်ပါလား။ ခုတော့ တစ်ယော မကောင်းတာနဲ့ အားလုံးကို သိမ်းကျုံးပြီး မုန်းနေတာ . . . မတရား လို့ ထင်တယ်၊ တကယ်ဆို နင်က ကိုယ့်နှလုံးသားကို ကိုယ် အ သတ်နေတာ"

"ဟုတ်တယ် . . . ငါ့နှလုံးသားက သေဆုံးသွားပြီ ဘဲ



ားစရာရှိတာ စား၊ ပါးစရာရှိတာ ပါး၊ မဟုတ်လို့ နောက်ထပ် တရား ရင် ငါ ထပြန်မှာနော်"

ရာဇသံပေးလိုက်တာနှင့် ပါးစပ်တွေ ပိတ်သွားကြလေ၏။ ကြိုက်မုန်းသိသိနဲ့ ဆက်ပြောနေရင် နေရင်းထိုင်ရင်း စိတ်အနှောင့် အယှက်ဖြစ်ကြမှာမို့ မပြောတာ အကောင်းဆုံးလို့ စိတ်ပိုင်းဖြတ်ပြီး ပါးစပ်ပိတ်လိုက်ကြတာပါလေ။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နွေရိပ် အိပ်ရာထက်မှာ အိပ်မပျော်တာနှင့် လူးလိမ့်
လိုက်ဖြစ်ရင်းပဲ စိတ်တွေက ဆုံးမ,မရ အတိတ်ကိုသာ နာကျင်စွာ
သတိရနေမိ၏။ အငြိုးအတေးကြီးခဲ့ပေမယ့် သူ့အသက်ကို ခြေ
အစွယ်ကောင်း နားတောင်းပန်ဖို့က သူ့မှာက ပူဆာစရာ မင်းကေရာ
မရှိသလို၊ စေခိုင်းဖို့ သောနတ္တိရကလည်း မရှိဘူးလေ။

ဖြစ်နိုင်ရင်တော့ အဲဒီလို စေခိုင်းချင်တာ။

အခု မဖြစ်နိုင်တော့ ကိုယ်တစ်ယောက်တည်းပဲ ကျိတ်
နာကြည်းမုန်းတီးနေရတာ ဘယ်လောက်ဆိုးဝါးလိုက်ပါသလဲ။

"နွေရိပ်ကို ကိုယ် ရိုင်လို့ပဲ ခေါ်မယ်နော်၊ မင်းမျက်နှာလေး





ခိုက်ရသူ ရင်ထဲကို တကယ်အေးချမ်းစေတာ၊ နွေထည့်ထား
နဲ့ လုံးဝမလိုက်ဘူးသိလား။ ကိုယ့်အတွက်တော့ မင်းက အရိပ်
လေးတစ်ခုပါ၊ တကယ်ပြောတာ မယုံမရှိနဲ့နော်၊ ရင်ခွဲပြလို့ရရင်
ကိုယ့်ရင်ကို ခွဲပြချင်ပါတယ်၊ ကိုယ် ရိပ်ကို ဘယ်လောက်ချစ်တယ်
ဆိုတာကိုလေ"

"ယုံရမှာလား"

"အဲဒါ အထပ်ထပ်သေချာနေတာ၊ သပိတ်ဝင် အိတ်ဝင်သာ
ယုံလိုက်"

"ရကောက်နဲ့ ယုံရမှာလား"

"ဟင့်အင်း ... ယပက်လက်နဲ့ ယုံလိုက်"

"အဟွန်း"

"ဘာရယ်တာလဲ ... ခုထိ မယုံဘူးလား"

"ယုံပါတယ်"

"ယုံရင် အာဘွားပေး"

"ဟင် ... ဘာမှလည်း မဆိုင်ဘဲနဲ့"

"ချစ်သူတွေဖြစ်နေမှတော့ ဆိုင်တာပေါ့၊ လုပ်ပါ ... ရိပ်က
ပေးမှာပါတယ်"

"မလိမ္မာဘူး ... မိုက်ရိုင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"အင်း"

"ဒါဆို . . . မိုက်ရိုင်းတဲ့သူကို ဆုံးမရယ် . . . ကဲ"

နွေရိပ် မျက်နှာလေး ဟိုငဲ့ ဒီငဲ့နှင့် ရှောင်တိမ်းပေမယ့် မရပေ။ သူ့ရဲ့အနမ်းပန်းပွင့်တွေ စိတ်စိတ်ကြွေနေခြင်းကြားမှာ ရင်ခုန်သံတွေ စည်းဝါးမညီညာစွာနှင့် ပျော်ခဲ့ဖူးသည်လေ။ အဲဒီတုန်းကတော့ သူပြောသမျှ ယုံပြီး မိုးမမြင်၊ လေမမြင်။ ချစ်ပါတယ်ဆိုတဲ့ စကားသာ အန္တရာယ်ကင်းဂါထာဆိုရင် သူ့နှုတ်ဖျားက ရွတ်လွန်းလို့ တုတ်ပြီး ခါးပြီး လူသားတောင် ဖြစ်သွားနိုင်ဖွယ် ရှိခဲ့သည်လေ။

ရိပ်ရင်ထဲမှာ . . .

သူမှတစ်ပါး အခြားသော ယောကျ်ားတွေ ချစ်တတ်တာသူ့ကို မိပဲ့မလားလို့တောင် ထင်ခဲ့တာ။

"ကိုယ်တော့ ချစ်သူလေး စိတ်ကောက်ရင် ချော့တတ်အောင် ကျင့်ထားဦးမှ"

"ရိပ်က တော်ရုံနဲ့ စိတ်မကောက်တတ်ပါဘူး"

"ကိုယ့်မှာ အကျင့်တစ်ခုရှိတယ် ရိပ်ရဲ့"

"ဟင် . . . ဘာအကျင့်လဲ"

"အတည်ပေါက်နဲ့ နောက်တတ်တာလေ၊ ကိုယ်က အ



နောက် သန်တယ်၊ ရိပ်သိအောင် ကြိုပြောထားတာ၊ အဲဒီလို နောက်ရင် မနေတတ်သလိုကို ဖြစ်နေတော့တာ ရိပ်ရဲ့၊ အဲဒါကြောင့်"

"ကိုက ရိပ်ချစ်သူပဲဟာ၊ နားလည်ပေးရမှာပေါ့"

"သဘောကောင်းလိုက်တဲ့ ချစ်သူလေး"

သူ ပါးကို လိမ်ဆွဲလေတော့ ရိပ် ငြိမ်ငြိမ်သက်သက်ကလေး ရယ်နေခဲ့မိသည်။ အချစ်ကြီးလို့ အမျက်ကြီးခဲ့တာ . . . ခုတော့ ရင်ထဲမှာ သူနဲ့ပတ်သက်ပြီး အမုန်းမီးတွေ တဟုန်းဟုန်းတောက် နေခဲ့သည်။ အချစ်ရဲ့ အခြားတစ်ဖက်မှာ အမုန်းတွေရှိတတ်ခဲ့ နောက် . . .

အမုန်းရဲ့နောက်ကွယ်က အချစ်ဆိုတာတော့ ဘယ်သောအခါမှ ပြန်လည်ငဲ့စောင်းကြည့်မှာ မဟုတ်တော့ပေ။

"နင်သိလား ဂမုန်း . . . နင်သာ ဂျပန်မသွားခဲ့ရင် သူနဲ့ငါ ချစ်သူတွေ ဖြစ်လာမှာမဟုတ်ဘူး"

"နင်သိလား ဂမုန်း . . . နင်သာ ဂျပန်မသွားခဲ့ရင် သူနဲ့ငါ ချစ်သူတွေ ဖြစ်လာမှာမဟုတ်ဘူး"

"နင်သိလား ဂမုန်း . . . နင်သာ ဂျပန်မသွားခဲ့ရင် သူနဲ့ငါ ချစ်သူတွေ ဖြစ်လာမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားက နားထဲမှာ ပဲ့တင်ထပ်နေသည်။ နွေရိပ် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းခါထုတ်လိုက်၏။ ထွက်သွား ... ထွက်သွားစမ်းပါ။ သူ့အကြောင်းတွေ နောက်ထပ် ခေါင်းထဲကို ရောက်မလာပါနဲ့တော့။

နွေရိပ် ...

အိပ်မပျော်တဲ့ မျက်လုံးကို ဆုံးမဖို့ အိပ်ဆေးထယူပြီး သောက်ပစ်လိုက်၏။ တောင်းပန်ပါတယ် ... အိပ်ပျော်ပါတော့ မျက်လုံးတွေရယ်။

♥



## အခန်း (၈)

ညက အိပ်မပျော်တာတော်တော်ကြာတာမို့ မိုးလင်းတော့ ...င်တော်နှင့် အိပ်ရာက မထချင်။ ထပြီးတော့လည်း မျက်လုံးတွေက ...နေ၏။ မျက်လုံးဖန်တာကြာရင် ပြေသွားမှာပါ။

"သမီး"

"ရှင် မေမေ"

"မေမေ ကော်ဖီဖျော်ထားတယ်၊ သမီးက ကော်ဖီကို အားမှ ...က်တတ်တာလေ"

"သမီးဘာသာ ဖျော်သောက်လည်း ရတာကို မေမေရယ် ...ကို ဖျော်နိုင်းလည်း ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလာမှ ဖျော်ရင် အေးအောင် ဂိုင်စောင့်နေရမှာစိုးလို့ပါ။ ပြီးတော့ . . . မိဘဆိုတာ ဘယ်သူ့ကိုပဲ နိုင်းလို့ရရ ကိုယ့်သားသမီး စားသောက်ဖို့အတွက် ကိုယ့်လက်နဲ့ ကိုယ်တိုင်ပဲ လုပ်ပေးချင်ကြတာလေ"

နွေရိပ် ခေါင်းညိတ်ပြလိုက်၏။ သူမကလည်း မေမေ့မေတ္တာစေတနာတွေကို နားမလည်လို့မှ မဟုတ်တဲလေ။ နားလည်လို့ပဲ ကိုယ့်အတွက်နဲ့ မေမေ့ကို မပင်ပန်းစေချင်တာပါ။ ဒီအမေ ဒီသမီးနှစ်ယောက်ပဲ ရှိပေမယ့် မေမေ့ရဲ့မေတ္တာဥယျာဉ်ထဲမှာ နွေရိပ်တဝလေး လုံခြုံနွေးထွေးခဲ့ပါသည်။ ဒီဘက်မှာ ကံကောင်းပေမယ့် ကံမကောင်းတာက နှလုံးသားရေးကိစ္စဘက်မှာလေ။

ဒေါ်မိုးနိုင် . . .

ကိုယ်က မိခင်ဆိုတော့ ကိုယ့်သမီးအကြိုက်ကို ကိုယ်က အသိဆုံးပဲလေ။ အရင်တုန်းကဆို သမီးက ကော်ဖီကို ပူပူလေး မှုတ်သောက်ရမှ ကြိုက်တာတဲ့၊ နောက်ပိုင်းက ဘာကြောင့်စိတ်ပြောင်းသွားလဲ မသိပါဘူး။ ကော်ဖီပူပူ ဘယ်တော့မှ မသောက်တော့ဘူး။ အေးမှပဲ သောက်တော့မယ် ဖြစ်လာတာလေ။

"ဒီနေ့ သမီး အိပ်ရာထနောက်ကျတယ်နော်၊ ညက အိပ်မပျော်လို့လား"



"ဟုတ်တယ် မေမေ၊ ညက တော်တော်နဲ့ အိပ်မပျော်လို့ပါ"

"အိပ်မပျော်ရအောင် သမီးက ဘာတွေတွေးနေလို့လဲ၊ ဒီအိမ်မှာ ဒီအမေနဲ့ ဒီသမီးနှစ်ယောက်ပဲ ရှိတာ၊ ဘာကိစ္စပဲဖြစ်ဖြစ် မေမေ့ကို ဖွင့်ပြောတိုင်ပင်နော် . . . သမီး"

"ဟုတ်ကဲ့ပါ မေမေ"

သမီးကို ပြောလိုက်တဲ့ ဒေါ်မိုးမိုးနိုင်မျက်နှာက ပြုံးစိစိနှင့်ပါ။ သမီးက အရွယ်ရောက်နေပြီ။ အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီပေမယ့် ကိုယ့်မျက်စိထဲမှာတော့ ကလေးလေးလိုပါပဲ။ သမီးအိမ်ထောင်မပြုလေ ကောင်းလေပေမယ့် တစ်ဖက်က ပြန်တွေးကြည့်တော့ သမီးဘဝအတွက် အားကိုးအားထားပြုဖို့ အိမ်ထောင်ဖက်ကောင်းတစ်ယောက် လိုအပ်နေပြီ။

ဘာလို့လဲဆို . . .

သူမက အသက်ကြီးလာပြီလေ။ လူဆိုတာ သေမျိုးမို့ ကိုယ့်အသက်ကိုယ် ဝှက်ထားလို့မှမရတာ။ သူမ မျက်စိမမှိတ်ခင် သမီးလေး အိမ်ထောင်ရက်သားကျပြီး အခြေတကျ အေးချမ်းသာယာတဲ့ဘဝလေးကို မြင်သွားချင်သည်။ သမီးက ယောကျ်ားတွေကို မုန်းဆယ်ဆိုတော့ ခက်နေတာပေါ့။

ကိုယ်က အတင်းအဓမ္မ စီစဉ်ပေးတာမျိုးလည်း မဖြစ်ချင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လေ။ သူလည်း ငယ်တော့တာမှ မဟုတ်တ... ...စိတ်ကြိုက် ရွေးချယ်ပါစေဆိုပြီး ကြည့်နေခဲ့ပေမယ့် အခုထိ ဘာမှကို ထူးခြားမလာခဲ့ပါဘူး။

"သမီး"

"ရှင်"

"သမီး အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား"

"မေမေကလဲ"

"မေမေကလည်း မလုပ်နဲ့ သမီး။ သမီးကညာ အခါမလင့်စေနဲ့ ဆိုတဲ့အတိုင်း မေမေကတော့ သမီးကို အိမ်ထောင်ပြုစေချင်ပြီ၊ တစ်ခါ အဆင်မပြေတိုင်း အခါခါတိုင်းကို အရောင်းဆိုးမပစ်ပါနဲ့ သမီးရယ်၊ ဒီတစ်ယောက် မကောင်းပေမယ့် လူတိုင်းက အဲဒီတစ်ယောက်လို လိုက်မကောင်းမှာမှမဟုတ်တာ၊ သမီးရဲ့နှလုံးသားကို ရှင်သန်ခွင့်ပေးလိုက်ပါ"

"အင်"

မပြောစဖူး မေမေ့ပါးစပ်က ဒီစကားထွက်လာတော့ နွေရိပ် အံ့ဩသွားရ၏။ ကော်ဖီခွက်ကို ခဏပြန်ချပြီး သက်ပြင်းလည်း ချလိုက်မိကာ . . .

"သမီး ခုလို လွတ်လွတ်လပ်လပ်နေတာ ဘာဖြစ်လို့လဲ မေမေရဲ့ . . . အေးချမ်းပါတယ်"



"မဟုတ်သေးဘူး သမီး"

"ရှင်"

"မိန်းမသားတစ်ယောက်ရဲ့ဘဝအတွက် အိမ်ထောင်ဘက်ဆိုတာ အကာအကွယ်တစ်ခုပါ သမီးရယ်၊ မေမေမသေခင်မှာ သမီးဘဝကို လင်ကောင်းသားကောင်းနဲ့ လုံခြုံစိတ်ချရတဲ့ဘဝတစ်ခု ပိုင်ဆိုင်ထားတာကို မေမေ မြင်သွားချင်တယ်"

"ဒီတစ်သက် အိမ်ထောင်မပြုတော့ပါဘူးလို့တော့ သမီး အပြတ်မပြောပါဘူး မေမေ၊ လူတွေအားလုံး ကံကြမ္မာစေစားရာ ခေါင်းညိတ်နေရတာမို့လို့ တစ်နေ့နေ့ဆိုတဲ့အချိန်မှာ ဖြစ်ချင်လည်း ဖြစ်လာနိုင်သလို မဖြစ်ချင်လည်း မဖြစ်ဘူးပေါ့၊ သမီးရင်ထဲမှာတော့ ယောကျ်ားတွေကို အထင်ကြီးလို့ မရတော့တာ အမှန်ပဲ"

"နွေရိပ်ရေ"

". . ."

"နွေရိပ်"

နွေရိပ်နာမည်ကို ခေါ်လာတဲ့ ပုတေးကို သားအမိနှစ်ယောက် လှည့်ကြည့်လိုက်ကြ၏။ ပုတေးက အိမ်မှာ ထမင်းချက်ဆိုပေမယ့် နွေရိပ်တို့သားအမိက ဆွေမျိုးအရင်းအချာတွေလို ဆက်ဆံကြသည်မို့ ခေါ်ပုံကအစ အဲဒီလို ရင်းရင်းနှီးနှီးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပုတေး"

"ခြံရှေ့မှာ ကောင်လေးတစ်ယောက် ဝင်ခွင့်တောင်းနေလို့"

နွေရိပ် မျက်မှောင်ကြုတ်သွားပြီး ...

"ဘယ်သူပါလိမ့်"

"ပိုင်တဲ့"

"ဟင်"

ပိုင်ဆိုတာနှင့် ကိုယ်လေးက မတ်ခနဲဖြစ်သွားလေ၏။ ဒီကောင်လေး ဒီလောက်တောင် ရဲတင်းလွန်းလှချေလား။

"သမီးအသိလား သမီး"

"ရင်းရင်းနှီးနှီးမသိပါဘူး"

ရင်းရင်းနှီးနှီးမသိပါဘူးဆိုတာတောင် ...

"ဝင်ခွင့်ပေးလိုက် ပုတေး"

"မေမေ"

"မေမေသိတယ်၊ ဝင်ခွင့်တောင်းတာ အကြောင်းမဲ့မဖြစ်နိုင်ဘူး၊ ပုတေး ဝင်ခွင့်ပေးလိုက်"

"ဟုတ်ကဲ့"

ဝင်ခွင့်ပေးလိုက်ပြီဆိုကတည်းက တွေ့ကိုတွေ့တော့မှာမို့ နွေရိပ် ကော်ဖီကို အပြတ်သတ် မော့ချပြီး ထွက်လာခဲ့၏။ အိမ်အဝင်





လိုက်လာတယ်ဆိုတဲ့ သတ္တိက မသေးပေမယ့် နွေရိပ် မချီးမွမ်းနိုင်။ ကိုယ့်အတွက်က အနှောင့်အယှက်မှ အကြီးကြီးပဲလေ။ သူဝင်လာမယ့် အချိန်ကို ညှော်ခန်းထဲကနေ ထိုင်စောင့်နေလိုက်၏။

ဘယ်လိုပုံစံနဲ့ လာပြီး ဘာတွေပြောဦးမှာလဲ။

ပါးရိုက်တာတောင် မမှတ်ရင် ဓားနဲ့စိုက်ဖို့ပဲ ကြိုးစားရတော့မှာလား။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျာ"

"ဝင်လာခဲ့ သား ... ဝင်လာခဲ့"

ဒေါ်မိုးခိုင်က ဝင်လာခဲ့လို့ လိုက်လျောစွာ ခွင့်ပြုပေမယ့် ပိုင် မဝင်ဖြစ်သေးဘဲ ဆက်ရပ်နေမိ၏။ 'မ' ဝင်ခွင့်မပြုသေးတာကြောင့်လေ။ မကိုတွေ့ချင်လို့ လာခဲ့တာမို့ မျက်နှာကို လှမ်းကြည့်လိုက်တော့ တင်းနေလိုက်တာ မျက်နှာပေါ်က အကြောတွေ ပြတ်ထွက်တော့မယ့် အတိုင်းပါပဲ။

ဒါပေမဲ့ ...

လာခဲ့ပြီးမှတော့ ပိုင်ဆိုတဲ့ကောင်က နောက်လှည့်ပြန်မယ့် ကောင်မျိုးမှ မဟုတ်တာ။ မ,မကြည်ဖြူတာကို သိပြီးသားမို့ မျက်နှာ တင်းနေတော့ရော ဘာဖြစ်လဲ။ သူ ပိုင့်ကို ထသတ်ပစ်မှာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



“မ … ကျွန်တော် ဝင်ခဲ့ရမလား”

“လာပြီးမှတော့ ဝင်ခဲ့”

မ,ခွင့်ပြုချက်ရသည်နှင့် ပိုင် ဝင်လာခဲ့ပြီး ထိုင်လိုက်သည် တွင် …

“မင်း အိမ်အထိ လိုက်ပြီး နှောင့်ယှက်တာတော့ မကောင်း ဘူးထင်တယ်”

“ဟဲ့ … သမီး”

“မေမေမသိဘူး မေမေ သူက သမီးကို အမြဲတမ်း လိုက် ပြီး နှောင့်ယှက်နေတာ”

“နှောင့်ယှက်တယ်လို့တော့ မပြောပါနဲ့ မရယ်၊ ခင်မင်ရင်း နီးချင်လို့ ခေါ်တာပြောတာ မ,အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတာ ကို တောင်းပန်ပါတယ်”

“ဘာ”

ဟိုနေ့ကတော့ ဆင်ဖမ်းတော့မလို ကျားဖမ်းတော့မလိုနဲ့ ... ကျတော့ … မျောက်အိုမလေးပါးရိုက်ထားတဲ့ရုပ်နဲ့ပါလား။ တ... လည်း တတ်နိုင်တဲ့ စပရိန်ပါပဲ။

“ကျွန်တော် ခုလာတာလည်း မ,ကို အနှောင့်အယှက်ပေး... လာတာ မဟုတ်ပါဘူး။ မကို အကျိုးပြုဖို့ စီးပွားရေးကိစ္စတစ်ခု ပြော...



...ရှိလို့ လာခဲ့တာပါ”

ပိုင့်စကားကြောင့် နွေရိပ် မယုံကြည်သောမျက်ဝန်းတွေ ...အောက်မှာ တွေခနဲ ဖြစ်သွားလေ၏။

“စီးပွားရေးကိစ္စဆိုရင် ပြော”

“ကျွန်တော့်မိတ်ဆွေတစ်ယောက် စာအုပ်ဆိုင်ဖွင့်ချင်တယ် ...ဆိုလို့ပါ၊ အဲဒါ သူက မ,တိုက်က ထွက်တဲ့စာအုပ်တွေ လစဉ်လိုချင် ...တယ်တဲ့၊ အဲဒါ … ကျွန်တော်က ကျွန်တော်နဲ့ သိတယ်ပြောလို့ ...ညီပါဆိုတာနဲ့ ကျွန်တော် ရောက်လာတာပါ၊ စာအုပ်တွေကို မတို့ ...ပေးစရာ မလိုပါဘူး။ ကျွန်တော်ကိုယ်တိုင် လာယူမှာပါ”

“တို့က ပို့ပေးရမယ်ဆိုလည်း ရပါတယ်”

“နေပါစေ … ကျွန်တော်ပဲ လာယူပါ့မယ်”

စာအုပ်ကိစ္စ ပြောတာဆိုတာ နွေရိပ်ရဲ့မျက်နှာကြောတင်းမှု ...နည်းနည်းပြေကျသွား၏။ ဆက်ပြောဖြစ်တာတွေလည်း စာအုပ် ...အကြောင်းတွေပဲမို့ နွေရိပ် ပြေပြေလည်လည်ဆက်ဆံလိုက်တာဖြစ်၏။ ...တော့ မေမေကလည်း ရှိနေတာဆိုတော့လေ …

“အားလုံး Ok ပြီဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

“ကောင်းပြီ”

သူ ထ,ရပ်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်"

"အေး ... သား ကောင်းပါပြီကွယ်"

ကောင်လေးက ရည်ရည်မွန်မွန်လေးကို ကိုယ့်သမီးက မချေမင် ဆက်ဆံတာမို့ ဒေါ်မိုးခိုင်ကောင်လေးကို အားနာမိ၏။ သမီးဆီမှာ ရှိနေတဲ့ ယောကျ်ားမုန်းသောအစွဲကို ဘယ်လိုချွတ်ရပါ့မလဲ။

♥



## အခန်း (၉)

ဆိုဖာပေါ်မှာထိုင်ပြီး သတင်းစာဖတ်နေတဲ့ ဦးအောင်စစ်နန်းမြည်သံကြောင့် ထကိုင်လိုက်သည်။ ကြိုးဖုန်းကို ဆက်တယ်ဆိုကတည်းက သားကြီးလားလို့ ခြေထောက်ရော လက်ရောက သွက်မှသွက်ပဲ။ ရေခြားမြေခြားမှာဆိုတော့ တစ်မိသားစုလုံး လွမ်းနေတာ။ အမြင်ရပေမယ့် အသံကြားနေရတော့ တော်သေးတာပေါ့။

"ဟယ်လို"

"..."

"အေး ... သားကြီး ပြော"

ထင်တဲ့အတိုင်း သားကြီးပဲမို့ အသံက ဝမ်းသာအားရပါ။



www.burmeseclassic.com

www.burmeseclassic.com



"..."

"ကောင်းတယ် သားကြီး ... ကောင်းတယ်၊ သားကြီးရော နေကောင်းလား"

"..."

"ကောင်းတယ်၊ မင်းမေမေရော မင်းညီရော အားလုံး နေ ကောင်းကြပါတယ်"

"..."

"ရှိတယ် ... နေဦး မေမေ ခေါ်လိုက်ဦးမယ်"

"..."

"အေး ... အေး"

သားကြီးကို ဖုန်းကိုင်ခိုင်းထားပြီး ...

"အကြည်ရေ ... အကြည်"

"..."

"အကြည်'

"ရှင်"

"မင်းသားကြီး ဖုန်းဆက်တယ်ကွ ... မြန်မြန်လာ"

"လာပြီ ... လာပြီ"

သားကြီး ဖုန်းဆက်တယ်ဆိုတာနှင့် ခေါ်မြင့်မြင်း



ထွက်လာသည်မှာ သုတ်သီးသုတ်ပျာ။ မိဘဆိုတာ ဒီလိုပဲလေ။ သား ကြီးက နိုင်ငံခြား သွားချင်လွန်းနေလို့သာ လွှတ်ရတာ။ ကိုယ့်သားသမီး ကို ကိုယ့်မျက်စိရှေ့အောက်မှာပဲ ရှိစေချင်တာပါ။

"သားကြီး ... မင်းမေမေ ရောက်လာပြီ သူနဲ့ ပြောမလား"

"..."

"မင်းနဲ့ပြောမယ်တဲ့ ... ရော့"

သားကြီးဆီက ဖုန်းလာတယ်လို့ ဖေဖေ မေမေ့ကို လှမ်းခေါ် ။ ကြားတာနှင့် ပိုင်လည်း ရောက်လာ၏။ ဘာတွေပြောလဲ ကြား ချင်လို့လေ။ သူနဲ့က ခဏခဏစကားပြောဖြစ်ကြပေမယ့် ဖုန်းလာ တယ်ဆိုတော့ ကြားချင်သေးတာပါပဲ။

"သားကြီး နေကောင်းတယ်နော်"

"..."

"မေမေတို့လည်း အားလုံးနေကောင်းကြပါတယ်၊ ကျန်းမာ ရေးကို ဂရုစိုက်နော် သား၊ မေမေတို့က အဝေးကနေပဲ မှာလို့ပြော ရမှာ"

"..."

"ဘယ်လို ... ဘယ်လို"

"..."

www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် ပြန်လာခဲ့မယ် ဟုတ်လား။ သားကြီး တကယ် ပြောတာလား။ မေမေ ဝမ်းသာလိုက်တာ သားကြီးရယ်"

"..."

"ဘာ ... မြန်မာပြည်ပြန်ရောက်ရင် မိန်းမယူတော့ ဟုတ်လား"

"..."

"အမယ်လေး ... သားကြီးသာ ပြန်လာခဲ့၊ မိန်းမတစ် ယောက်မဟုတ်ဘူး၊ ဆယ်ယောက်ယူလည်း ရတယ်၊ မေမေတို့ ဘက်က အဆင်သင့်ဖြစ်နေရမယ် စိတ်ချ"

"မင်းစကားကလဲ"

"ဘာဖြစ်လို့လဲရှင့်"

"မင်းသားတစ်ယောက်တည်းကို ဘယ်လိုလုပ်ပြီး မိန်း ဆယ်ယောက် ယူမလဲ"

"ကျွန်မက သဘောပြောပြတာလေ"

လင်မယားနှစ်ယောက် စကားပြောနေကြတာ ကလေးတွေ ရန်ဖြစ်နေသလိုမို့ တစ်ဖက်က သားကြီးရော၊ အနားက သားငယ်ရော ရယ်ကြလေ၏။ သူတို့လင်မယားက အဲဒီလို ကတ်ိုးကတ်ဖဲ့ပြောတာ လေးတွေ ရှိပေမယ့် ကြီးကြီးကျယ်ကျယ် ရန်ဖြစ်တယ်ဆိုတာတော့



ဘယ်တုန်းကမှ မရှိခဲ့ပေ။

"ပြောပါဦး သားကြီးရဲ၊ သားလက်ထပ်မယ့် မိန်းကလေးက အဲဒီမှာ တွေ့တာလား"

"..."

"မြန်မာပြည်မှာ ကျန်ခဲ့တာ ဟုတ်လား"

"..."

"သားမှာ ချစ်သူရှိတာ မေမေတို့ မသိလိုက်ရပါလား"

"..."

"အေးပါ ... အေးပါ၊ လက်ထပ်ခေါ်လာမယ်ဆိုတော့လည်း ပြီးတာပဲ"

"..."

"သားကြီး ... ဖေဖေနဲ့ ပြောဦးမလား"

"..."

"ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်နော်"

ဒေါ်မြင့်မြင့်ကြည် ဖုန်းချပြီးနောက် မိသားစုတွေ အသီးသီး ထိုင်ရာပေါ်မှာ ကိုယ်စီ ဝင်ထိုင်လိုက်ကြသည်။ ထိုင်နေကြပြီဆိုကာ လည်းက သားကြီးအကြောင်းပဲ ပြောတော့မယ်ဆိုတာ မေးနေစရာ မလိုတော့ပါဘူး။ သားကြီးက မြန်မာပြည်ကို ပြန်လာတော့မယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မင်္ဂလာသတင်းက ...

သူ မြန်မာပြည် ပြန်ရောက်ရင် လက်ထပ်တော့မယ်တဲ့လေ။ သားကြီးကို လက်ထပ်စေချင်နေတာ ကြာပြီဆိုတော့ အခု ကိုယ့်ဘက်က ရေကန်အသင့် ကြာအသင့်ဖြစ်နေရမှာပေါ့။

"ကဲ ... ဖေကြီးရေ ရှင့်သားက မြန်မာပြည် ပြန်လာရင် လက်ထပ်တော့မယ်တဲ့"

"တို့ဘက်က မိဘဝတ္တရားကျေရမှာပေါ့ကွ"

"သားကြီးလက်ထပ်မယ့် မိန်းကလေးက ဘယ်လိုမိန်းကလေးမျိုးလည်း မသိဘူးနော်၊ သိချင်လိုက်တာ"

"ဂမုန်းစံများ ဖြစ်နေမလား"

"မဖြစ်နိုင်ဘူး"

"ဟင်"

ဘာဖြစ်လို့လဲလို့ မမေးပေမယ့် ဦးအောင်စစ် မျက်မှောင်ကြုတ်သွားလေသည်။ ထင်ကြေးပေးတာလေ သူက။ သားကြီးနဲ့ တွဲသွားတွဲလာများခဲ့တာက ဂမုန်းစံပဲဟာ။ ဂမုန်းစံ ဂျပန်ကိုသွားတော့ ဘယ်သူနဲ့ တွဲတယ်ဆိုတာ သူတို့ မသိခဲ့တာ မတွဲလို့တဲ့ ဖြစ်မှာပေါ့။

"သားကြီးနဲ့ ဂမုန်းစံက သူငယ်ချင်းတွေပဲလေ၊ သူငယ်ချင်း



တနေ ချစ်သူရည်းစား ဖြစ်သွားကြတာတွေ ရှိပါတယ်၊ ဒါပေမဲ့ ... သားကြီးက ဂမုန်းစံ ဝတ်တာစားတာတွေကို ကြိုက်မှမကြိုက်တာ"

"အဟဲ ... ကျွန်တော်က ကိုကြီးမပြန်ခင် သူ့အရင် အစွဲထုတ်မှထင်တယ်"

"ဟင်"

"ဘာပြောတယ် သားငယ် ... သားငယ်က"

"သားမှာလည်း ချစ်သူရှိနေပြီ မေမေရဲ့"

"တကယ်"

"ကိုယ်က ချစ်ရတာပါ၊ သူ့ဘက်ကတော့ စလံသပြီး အလံချည်းပဲ ပြနေလို့ ခက်နေတယ်"

"ဘာ"

ဦးအောင်စစ် သူ့အမေ ဘာများပြောမလဲလို့ မအေကို တစ်လှည့် သားကိုတစ်လှည့် ကြည့်လိုက်၏။ အကြည့်က သားတွေကို အထိခံတဲ့သူမှ မဟုတ်တာ။

"နေစမ်းပါဦး ... သားငယ်လိုလူမျိုးကို လက်မခံနိုင်ရအောင် အဲဒီမိန်းကလေးက ဘယ်လောက်တောင် ကြီးကျယ်မြင့်မြတ်နေလို့လဲ ပြောပါဦး"

"ကြီးကျယ်မြင့်မြတ်တာက မာန မေမေရဲ့၊ သူက လောက်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးရေးဝါဒသမား''

''အကြောင်းမဲ့ မုန်းတာတော့ မဖြစ်နိုင်ဘူး''

''အဲဒါတော့ ရှင်ပြောမှလား၊ မုန်းပါတယ်ဆိုမှတော့ အကြောင်းရှိလို့ မုန်းတာပေါ့''

အကြောင်းဆိုတာကတော့ အမျိုးမျိုးရှိပါသည်။ စဉ်းစားရ မခက်တဲ့ အကြောင်းတွေ ဆွဲတွေးရရင် အချို့က ယောက်ျားတစ်ယောက်ကြောင့် ဘဝပျက်ခဲ့ရလို့။

အချို့က အသည်းကွဲခဲ့ရလို့ဆိုပြီး ရိုးရိုးရှင်းရှင်းလေးပေမယ့် အချို့ကျတော့ ကိုယ်နဲ့ပတ်သက်နေသူတစ်ယောက်ရဲ့ နာကျင်ခံစားမှုတွေကြောင့်ဆိုတာ . . .

အဲဒီအကြောင်းတွေထဲကမှ . . .

ဘာအကြောင်းလဲ စကာတင်ရွေးချယ်ပြီး အကြောင်းရင်းကို သိနေဖို့ မလိုဘူးလား။

''သူက ဘာလို့ ယောက်ျားတွေကို မုန်းတာလဲ''

''မသိဘူးလေ ဖေဖေရဲ့၊ ဘာကြောင့်ပဲဖြစ်ဖြစ် သားကတော့ သူ့ကိုချစ်တယ်၊ လိုချင်လာပြီဆိုတော့ ရအောင်ယူဖို့လည်း ဆုံးဖြတ်ထားတယ်''

''ပြင်းလှချေလား . . . အခိုင်အမာပေါ့''



''အခိုင်အမာပဲ''

''ဒါဆို . . . အိမ်ခေါ်လာခဲ့လေ၊ မေမေတို့ အကဲခတ်ကြည့်တာပေါ့''

မေမေ့စကားကြောင့် ပိုင် ရယ်မိ၏။ အနားကပ်ပြီး လေသံနှိမ်းဖို့တောင် မနည်းကြိုးစားနေရတာ။ အိမ်ခေါ်လာခဲ့ပါတဲ့လား။ မကို ပြောမိလို့ကတော့ သေချာပါတယ်။ ပါးမှာ လက်ဝါးတံဆိပ် အကပ်ခံရိုက ကျိန်းသေ။

တစ်နေ့တစ်နေ့ မနဲ့ နီးစပ်ခွင့်ရဖို့ ညဏ်နီဉာဏ်နက်တွေ ထုတ်ပြီး စဉ်းစားရတာ ခေါင်းက ဆံပင်တွေတောင် ကျွတ်ထွက်ကုန်တော့မလား မပြောတတ်။

တစ်ဖက်သတ်အချစ်က တော်တော်ဆိုးဝါးပါလား။ မနူးမနပ် ချက်ထားတဲ့ ဟင်းဖတ်ကို စားရသလို ကိုယ်လိုချင်တိုင်း ဖွဲ့လို့မရ ကိုက်လို့မရနဲ့ အတုံးလိုက် မျိုချရင်လည်း နင်နေတာမျိုးလေ။

''ကိုယ့်ဘက်က တစ်ဖက်သတ်ဆိုမှတော့ အိမ်ခေါ်လာဖို့ ဖြစ်နိုင်ပါ့မလား မေမေရယ်၊ အနားကပ်ခွင့်လေးရဖို့တောင် မနည်း ကြိုးစားနေရတာ၊ ပါးတစ်ဖက်လည်း ရင်းခဲ့ရပြီးပြီ၊ နောက်ထပ် ဘာတွေ ရင်းရှီးမလဲတောင် မပြောတတ်သေးဘူး''

''ဘာ''

www.burmeseclassic.com

www.burmeseclassic.com



ပါးတစ်ဖက် ရင်းခဲ့ပြီးပြီဆိုတာကြောင့် အကြည့်က ပါးနှစ်ဖက်စလုံးဆီ အပြန်အလှန် ရောက်သွား၏။ နောက်မှ ညာဘက်လက်နဲ့ ရိုက်ရင် ဘယ်ဘက်ပါးပေါ့ဆိုပြီး ဘယ်ဘက်ပါးဆီမှာ အကြည့်က စူးနစ်လျက်။

မိဘက ချစ်လို့ နမ်းခဲ့တဲ့ ပါးပြင်သည် ...

သူများ ရိုက်ဖို့ ဖြစ်လာသတဲ့လား။

♥



## အခန်း (၁၀)

♬ သတိရရဲ့လား xxx မှတ်မိရဲ့လား မရဲ့ဘေးနားရှိတဲ့ ကောင်လေး ကျွန်တော့်ကို xxx မတွေ့ရရင်လည်း လွမ်းလို့နေမယ် တကယ်မေ့လို့မရတဲ့ မရဲ့မျက်ဝန်းရယ် xxx

မရယ် xxx

မလိမ်ညာရင်လည်း ဟန်ဆောင်အပြုံးလေးတစ်ခုတော့ လိုချင်တယ် xxx မက ကျွန်တော့်အတွက် မရှိမဖြစ်ပါ မရယ် xxx အချိန်ရှိတိုင်းပဲ မရဲ့ဘေးနား ရှိချင်တယ် xxx

မြူးစင်လွန်းတဲ့ မရဲ့အပြုံးလေးများထဲ ရင်ခုန်နေမိတယ် xxx မရယ် xxx



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့လိုက်ပါနဲ့ ××× မရဲ့ရှေ့က အမြဲရှိနေပေးမယ် ××× ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်ဘဲ ဆက်ချစ်နေမယ် ××× ဆံပင်ရှည်လေးနဲ့ လှတဲ့ မအတွက် အမြဲတမ်း ဘာမဆိုစွန့်ရဲတယ် ×××

မရယ် ×××

မရက်စက်လိုက်ပါနဲ့ ×××

ဂစ်တာတီးပြီး သီချင်းဆိုနေသံကြောင့် နွေရိပ် အိပ်ရာထဲက နေ ထလာခဲ့၏။ ဒီအသံက ကိုယ့်ခြံရှေ့ကပဲဖြစ်မည်။ ဘေးခြံတွေမှာ က ကောင်လေးတွေ သီချင်းလာဆိုရလောက်အောင် ငယ်ငယ်ရွယ် ရွယ် အပျိုမရှိဘူးလေ။ လူပျိုတွေရှိပေမယ့် အဲဒီလူတွေက ဂစ်တာ ခေါက်ပြီး သီချင်းဆိုလေ့မှ မရှိကြတာ။ ဆိုသည်ထားဦးတော့ ...။

ဟိုဘက်ခြံရှေ့ကဆိုရင် ဒီလောက် သီချင်းသံကို ပြတ်ပြတ် သားသား ကြားရမှာမှ မဟုတ်တာ။ နွေရိပ် အပြင်ကိုထွက်လာတော့ ထင်တဲ့အတိုင်းပဲ အသံက ကိုယ့်ခြံရှေ့ကပဲလေ။ အရင်ကလည်း ခြံ ရှေ့မှာ ခဏခဏ ကောင်လေးတွေ သီချင်းလာဆိုလို့ ထွက်ပြီး မျက် လုပ်လွှတ်ရတာလည်း ခဏခဏပါ။ အခုဆိုတာ အရင်ကောင်လေး တွေပဲလား။

ဒါမှမဟုတ် ...





"သမီး"

"ရှင် ... မေမေ"

"ဘယ်ကိုလဲ"

"မေမေ မကြားဘူးလား မေမေရဲ့ အိမ်ရှေ့မှာ လာသောင်း ကျန်းနေတဲ့အသံလေ"

"သူ့ဘာသာသူ ဆိုတာ ဆိုစမ်းပါစေ သမီးရယ်၊ ပြဿနာ သွားမရှာစမ်းပါနဲ့၊ ကိုယ် မကြားချင်လည်း နားသာပိတ်ထား"

"မရဘူး မေမေ ... တစ်ခါသည်းခံလိုက်ရင် နောက်လာနေ ဦးမှာပဲ၊ ခုကတည်းက ဦးချိုးထားမှ"

"ဟဲ့"

ပြောစကား နားမထောင်ဘဲ ထွက်သွားတဲ့ သမီးကျောပြင် ကို ကြည့်ပြီး ဒေါ်မိုးနိုင် သက်ပြင်းချလိုက်မိ၏။ ယောကျ်ားဆို ကြီး ကြီးငယ်ငယ် အသံတောင် မကြားနိုင်ဖြစ်နေတာ နည်းနည်းမလွန်လွန်း ဘူးလား။ တစ်ယောက်မကောင်းတာနဲ့ အားလုံးမကောင်းကြတာမှ မဟုတ်တာ။ သူ့အဖေဆိုရင် ဇနီးအပေါ်ရော၊ သမီးအပေါ်ရော ဘယ် လောက်ကောင်းတဲ့ ယောကျ်ားလဲ။ ဒါပေမဲ့ ... အသက်ကတော့ ရှည်ခဲ့ဘူးလေ။

စိတ်ညစ်နေရလည်း အမြဲရှိနေမယ် နှလုံးသားထဲက



www.burmeseclassic.com

www.burmeseclassic.com



မအတွက် နေရာလေးရယ် ××× ညဘက်ဆိုလည်း ××× ဖုန်းဆက်နေမယ် ××× ချိုသာလွန်းတဲ့ မရဲ့ပြုံးရယ်သံလေးရယ် ×××

မရယ် ×××

တစ်ချိန်ချိန်မှာတော့ ××× ကျွန်တော်လေ မရဲ့ဘေးနား ပျော်ချင်တယ် ××× မရဲ့ပါးလေး နမ်းရှိုက်ချင်မိတယ် ××× ရင်ခွင်ထဲ ထွေးပွေ့လို့ အမြဲဖက်ထားချင်တယ် ××× ညင်သာစွာ မရဲ့လက်ကလေးဆွဲလို့ မြို့အနှံ့ အတူတူလျှောက်သွားမယ် ×××

မရယ် ×××

ဆုတောင်းလေး ပြည့်ချင်တယ် ××× အခြားတစ်ယောက်ယောက်နဲ့ တွဲသွားရင်လည်း နာကျင်စွာ အပြုံးလေးတစ်ခုတော့ မအတွက် ပေးနိုင်တယ် ×××

အရာရာကို ချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်ရင်းပဲ တကယ်မြတ်နိုးနေလို့ မရယ် ×××

ချစ်တယ် အရမ်းပဲ ချစ်ပါတယ် ×××

သီချင်းဆုံးသွားတော့ ပိုင် ဂစ်တာကို ရင်ခွင်ထဲမှာ ပိုက်ထားရင်း မတို့အိမ်ကို ငေးမောကြည့်နေမိ၏။ အဖော်တွေခေါ်လာရင် ကိုယ့်အတွက်ရော မအတွက်ရော အနှောင့်အယှက်ဖြစ်မှာစိုးလို့ ပိုင် တစ်ယောက်တည်းပဲ လာခဲ့တာလေ။



မရယ် ...

မကို ကျွန်တော် အရမ်းချစ်တယ်။ နေ့တိုင်း၊ အချိန်တိုင်း မျက်နှာလေးကိုမြင်ပြီး မ,အသံလေးကို ကြားနေချင်မိတယ်။ ကိုယ့်အပေါ် ဆက်ဆံရေးက မပြေလည်၊ မညှင်းပြောင်းပေမယ့် ဒေါသဖြစ်ညည်းတင်းနေတဲ့ အလှတရားကပဲ တစ်နေ့ထက်တစ်နေ့ ရင်ထဲကို ...ပြီး ရောက်လာတာ ထိထိမိမိကြီးဖြစ်နေပြီ။

အချစ်က သကာမဟုတ်တော့ ...

လျှာပေါ်တင်ပြီး ချိုသလား၊ ခါးသလား ဘယ်လိုမြည်းကြည့်နိုင်မလဲ။ ချိုသည်ဖြစ်စေ၊ ခါးသည်ဖြစ်စေ မနဲ့ပတ်သက်လာရင် အရာရာကို လက်ခံနိုင်ခြင်းများနှင့် ရင်ထဲမှာ စူးနေတဲ့ အချစ်ဆူးကို ပိုင်ဘယ်တော့မှ နှုတ်ပစ်ဖို့ ကြိုးစားမှာ မဟုတ်ပေ။

"ဒီမှာ"

"ဟင်"

အနားသို့ အသံနှင့် ထပ်တူ အရိပ်တစ်ခုရောက်လာလို့ မော့ကြည့်လိုက်တော့ ...

"မ"

"သြော် ... လက်စသတ်တော့ မင်းကိုး"

"ဟုတ်တယ် မ၊ ကျွန်တော် နေ့နေ့ညည မကိုပဲ သတိရ

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်၊ အဲဒါကြောင့် ...''

''သေလိုက်ပါလား''

''မက သေစေချင်ရင် သေပြမယ်လေ၊ ဘယ်လိုနည်း
သေပြရမလဲ ပြော''

နွေရိပ် မျက်မှောင်လေး ကြုတ်သွား၏။ ကိုယ်သေနိုင်း
တကယ်သေပြမှာတဲ့လား။

''လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ မင်း နောက်
ဒီနေရာမှာ လာပြီး လုံးဝသီချင်းမဆိုပါနဲ့''

''ဘာဖြစ်လို့လဲ''

''ငါ့မှာ ပတ်ဝန်းကျင်နဲ့နေတာကွ၊ မင်း ဒီလို အော်ချင်တိုင်
လာအော်နေရင် ပတ်ဝန်းကျင်က ငါ့ကို ဘယ်လိုမြင်ကြမလဲ''

''အော်ချင်တိုင်း အော်မနေတာ မဟုတ်ပါဘူး မရဲ့၊ ကျွန်တော
က ရင်ထဲမှာရှိတဲ့အတိုင်း 'မ'သိအောင် ရင်ဖွင့်ပြတာ''

''ဘာ ... ခံစားချက် ဟုတ်လား''

ပိုင် ခေါင်းညိတ်ပြတော့ နွေရိပ် ခပ်စူးစူးပဲ ကြည့်ပစ်လို
၏။ ဘာခံစားချက်လဲ၊ ခံစားရရင် သေလိုက်ပေါ့။ ချစ်ပါတယ် တ
ဖျစ် မြည်ပြီး နောက်ဆုံးတော့ ကိုယ့်ရင်ဘတ်ကို နင့်နေအောင်
မယ့် ယောကျ်ားဆိုတဲ့ ပုရိသတွေစကားကို ယုံရင် နောက်ထပ်





သားတစ်ခု အပိုဆုပေးပါလို့ ဆုတောင်းရတဲ့အဖြစ်ကို ရောက်သွားမှာ
ပေါ့။

လုံးဝ နိုးပဲ။

အဲဒီလိုအဖြစ်မျိုး နောက်ထပ် နွေရိပ် အဖြစ်မခံနိုင်။ တကယ်
တော့ ယောကျ်ားတွေက ပီကေလိုပါပဲ။ အစပိုင်းတော့ ချိုနေပြီး
နောက်တော့ အချိုရည် ကုန်ခြင်းရဲ့နောက်မှာ မျိုချလို့လည်း မဖြစ်။
ထွေးပစ်တော့လည်း ဟိုပေ ဒီကပ်နှင့် လူကို ညစ်ပတ်ကျန်စေခဲ့တာ
မဟုတ်လား။

''ပြီးတော့ ... ဒါ ပြည်သူပိုင်လမ်းမလေ မရဲ့၊ ကျွန်တော်
က မကို စောင်းမြောင်းဆိုတယ်ထားဦး မ,ခြံထဲဝင်တာမှ မဟုတ်တာ၊
အဲဒါကြောင့် မ ကျွန်တော့်ကို တားပိုင်ခွင့်မရှိဘူး''

''မင်း''

''ဟာ ... မ''

စိတ်မြန်သူပီပီ နွေရိပ် သူ့ရင်ခွင်ထဲက ဂစ်တာကို ဆွဲယူ
ကတော့ ပိုင် ပျာပျာသလဲဖြစ်သွားကာ ...

''ဘာလုပ်မလို့လဲ''

''ရိုက်ချိုးမလို့''

''ဘာဆိုင်လို့လဲ ... 'မ'မကျေနပ်ရင် ကျွန်တော့်ပါးကို ရိုက်''

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကလည်း သတ္တိရှိစွာ မျက်နှာကို စောင်းငဲ့ပေးလေသည်။ အချစ်အတွက် သတ္တိရှိတဲ့ အချစ်သူရဲကောင်းကြီးပေါ့။ မကို ချစ်သလို ဂစ်တာကိုလည်း ချစ်တာပဲလေ။

နွေရိပ် …

စောင်းငဲ့ပေးတဲ့ပါးကို ရိုက်ချလိုက်ရမလား။ လက်ထဲမှာ ဂစ်တာကို ကိုင်ထားဆဲရှိကာ ခပ်တွေတွေ ရပ်နေမိသည့်အဖြစ်တွင် …

"ရိုက်လေ"

"မင်း ငါ့ကို စိတ်ကောင်းစမ်းနေတာလား ပိုင်"

"စိတ်ကောင်းမစမ်းပါဘူး။ မ ဒေါသထွက်နေလို့ စိတ်ပြေမယ်ဆိုရင် ကျွန်တော့်အသား အနာခံရကျိုးနပ်ပါတယ်၊ ရိုက်ချင်ရင် ရိုက်လို့ပြောတာ"

"တောက်"

ဒေါသ၏ဒဏ်ပေါက်ကာ တက်ခေါက်သံပဲဖြစ်သွား၏။ ပိုင်က သူ့ဂစ်တာကို ပြန်းတွဲယူတော့ လွှတ်ပေးလိုက်ပြီး …

"မင်း ဒီ၊ နေရာကနေ အမြန်ဆုံးထွက်သွားတော့"

ပိုင်က သူမကို စေ့စေ့ပြန်ကြည့်ပြီး …

"မကို ကျွန်တော် အရမ်းချစ်တယ်"

"…"



"အဲဒါ ခုမှမဟုတ်ဘူး။ စတွေ့တဲ့နေ့ကတည်းက စွဲလမ်းသွားမိတာ၊ တစ်ခါထပ်တွေ့ခွင့်ရတော့ ပိုပြီးချစ်တယ်၊ တကယ်ရင်ထဲမှာ မြတ်မြတ်နိုးနိုးနဲ့ပါ"

နွေရိပ် သွားကြားမှ ကျိုခနဲ အသံထွက်လာ၏။ ဒီစကားကို သူမ မကြားချင်ဆုံးပါပဲ။ တစ်ခါသေဖူးတာတောင် ပျော့မိုးနေသေးမလည်းရင် နောက်တစ်ခါ သေလို့ကတော့ သင်ဖြူးစုတ်နဲ့ ပတ်ချဖို့ပဲ ကောင်းတာလို့ ကိုယ့်ကိုယ်ကိုယ်တောင် သနားမိမှာ မဟုတ်ပေ။

"မ … ကျွန်တော့်ကို တစ်ခုခုပြန်မပြောတော့ဘူးလား"

"ပြောရမယ်ဆိုရင် ငါ့ရင်ထဲမှာ ချစ်တတ်တဲ့ နှလုံးသား မရှိတော့ဘူး၊ သေဆုံးသွားတာ ကြာခဲ့ပြီ"

"မရဘူး … မ ကျွန်တော့်ကို ပြန်ချစ်ဖို့ မ,ရင်ထဲက နှလုံးသားကို ပြန်လည်ရှင်သန်ခွင့်ပေးရမယ်"

"ဘာလဲ … မင်းက ငါ့ကို အမိန့်ပေးနေတာလား"

"မ"

"ဟင်"

သူမလက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်တာမို့ နွေရိပ် ဒေါသကြောင့် မျက်လုံးများ ပြာဝေသွားပြီး လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားသည်နှင့် …

www.burmeseclassic.com



"ကဲ"

"မြန်း"

ခံလိုက်ရပြန်ပြီ တစ်ခါ။ ပထမတစ်ခါလည်း ဒီပါး။ ခုတ ခါလည်း ဒီပါးကိုပဲ ထပ်ရိုက်ပြီး နာကျင်စေပေမယ့် ရင်ထဲမှာတော ပန်းနဲ့ပေါက်သလို။

ဒါ . . .

သိပ်ချစ်လို့ပဲပေါ့။

♥

## အခန်း (၁၁)

"ခံလာရပြန်ပြီ တစ်ခါ . . . ဟုတ်လား ဝမ်းသာတယ်ကွာ . . . ဟား ဟား ဟား ဟား"

ကိုယ့်ခံစားချက်ကို ရင်ဖွင့်ပြကာမှ နေမျိုးက ရယ်လေသဖြင့် ဗိုဟ်မျက်နှာ ရဲသွားသည်။ ကိုယ့်အဖြစ်က သူတို့အတွက် လှောင်စရာ ဖြစ်နေပြီလား။ လှောင်ချင်လှောင်၊ ပြောင်ချင်ပြောင် ကိုယ့်ရင်ထဲမှာ ချိုတာ ကိုယ်ပဲသိတယ်လေ။ ငါ့ရင်ထဲမှာ ချစ်တတ်တဲ့ နှလုံးသားမရှိ တော့ဘူး။ သေဆုံးသွားတာ ကြာခဲ့ပြီတဲ့။

'မ' နှလုံးသားကို သေဆုံးအောင် လုပ်ခဲ့တာ ဘယ်လိုလူ ပါလိမ့်။ မလို မိန်းကလေးကို ဥပေက္ခာထားနိုင်တဲ့လူဟာ အရူးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ် ...

ကိုယ်ကတော့ 'မ' နှလုံးသားကို ပြန်လည်ရှင်သန်စေ ခြင်းနှင့် အသက်သွင်းပေးမည့်သူ။ တစ်ယောက်ကစရုံနဲ့ တစ်ေ လောက် မကောင်းဘူးလို့ မြင်နေတဲ့ 'မ' အမြင်တွေကို ကျွန်တော် ပြောင်းလဲပေးနိုင်ဖို့ ကြိုးစားမယ် 'မ'။

မကို ကျွန်တော် အရမ်းချစ်တယ်။

"ဗိုင်"

"..."

"တော်တော်နာလား"

"ငါက 'မ' လက်ဖဝါးနုနုလေး နာသွားမှာကိုပဲ စိုးတာပါ"

"အေး ... အဲဒါဆို နောက်တစ်ခါ လက်ဝါးနာမှာစိုးရ ားသာ လက်ထဲထည့်ပေးပြီး ရင်ကော့ပေးလိုက်"

"လုပ်သင့်ရင် လုပ်ရမှာပဲ"

"အချစ်သူရဲကောင်းကြီးပေါ့"

"ဘယ်သူဖြစ်ဖြစ် ချစ်တတ်ရင် သတ္တိရှိလာကြတာပဲဥပ ငါ့အဖြစ်က မိကျောင်းစီးပြီး မြစ်တစ်ဖက်ကမ်းကူးရတာလောက် စွ စားရသေးတာမှမဟုတ်တာ၊ ခုဟာက ပါးပါးလေးပဲ"



"မင်းက အဲဒီလို စွန့်စားချင်လို့လား"

"စွန့်စားမှုရှိမှ ကိုယ့်အချစ်ကို သက်သေပြနိုင်မှာပေါ့"

"အဲဒါဆို သူမောင်းလာတဲ့ ကားရှေ့မှာ မတ်တတ်ရပ်နေ လိုက်လေ၊ သေရင်သေ၊ မသေရင် ကျိုးပဲ့ကုန်တော့မှ ကရုဏာ ဖျက်ဝန်းလေးနဲ့ ... ဗိုင်ရယ် ... မင်း 'မ'ကြောင့်ဖြစ်ရတာ စိတ်မ ကောင်းလိုက်တာ၊ မင်းကို 'မ' ချစ်ပါတယ်လို့"

"တော်စမ်းပါ"

နေမျိုးစကားတွေက ကိုယ့်ကို နောက်ဆုတ်စေချင်တာလား တော့မသိ။ ပြောနေတာ ကောင်းတာလေး အကြံပေးတာ တစ်ခွန်းမှ မပါ။ ဒါပေါ့လေ 'မ' က ယောကျ်ားတွေကို အသလွတ်ကြီး မုန်းနေ တယ်ဆိုတော့ ယောကျ်ားထဲက ယောကျ်ားဖြစ်နေတဲ့ နေမျိုး အမြင် ကတ်နေသလားမှ မသိတာ။

အဲလေ ...

အမြင်ကတ်ရအောင် 'မ' ကို ဒီကောင်မြင်ဖူးတာမှ မဟုတ် တာ။ မြင်ဖူးရင် ဒီကောင်ပါ ရူးနိုင်သေးရဲ့။

"တော်စမ်းပါ မလုပ်နဲ့၊ ပြောလက်စနဲ့ ပြောရဦးမယ် ဟေ့ ကောင်ရေ၊ ပါးနာတာ အရာမထင်လို့ဆိုပြီး အရာထင်အောင် ဓားသာ လက်ထဲထည့်ပေးကြည့်၊ မင်းပြောပုံအရဆို မင်းရဲ့ 'မ'က တကယ်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ဓားထည့်ပေးရင် တကယ်ထိုးမယ့်ပုံပဲ၊ ကြည့်လည်း လုပ်ပါဦးကွာ၊ တော်ကြာ ငွေကုန်လူပန်းဖြစ်တာပဲ အဖတ်တင်နေဦးမယ်”

နေမျိုးက စာအုပ်ထုပ်ကြီးကိုကြည့်ပြီး ပြောလိုက်တာ ဖြစ်၏။ သူနဲ့ ခဏလိုက်ခဲ့ပါလို့ ဖုန်းဆက်ခေါ်လို့ လိုက်သွားပါတယ် ... ဘာများလဲမှတ်လို့ စာအုပ်တွေ သယ်ခိုင်းတာလေ။ နွေရိပ်သွင် စာအုပ်တိုက်ကို သွားသယ်ရတာ နွေရိပ်သွင်ကိုတော့ မတွေ့ခဲ့ပေ။ ဒီအတိုင်း လိုက်လည်း ရတာကို စာအုပ်တွေဝယ်ပြီး အကြောင်းပြုရတယ်လို့။

“ကုန်ကျိုးပန်းကျိုးနပ်အောင် ငါ ကြိုးစားမှာစောင့်ကြည့်”

“ကြည့်နေတာပဲ”

“တည်ငြိမ်တဲ့ ကျောက်တုံးများတောင် တိုက်ဖန်များရင် နုံးတယ်တဲ့”

“အေး ... ကျောက်တုံး မနုံ့ခင် မင်းလည်း တိုက်ဖန်များပြီး ခြေကျိုးနေဦးမယ်”

“မင်းပြောသမျှ ငါ့အတွက် အကောင်းတစ်ခွန်းမှ မပါပါလား”

“ငါက စေတနာနဲ့ ပြောနေတာလေ၊ မလွယ်တာကြီးကို မင်း ကြိုးစားရတာ မတန်လို့”





“ငါကလည်း အဲဒီမလွယ်တာကိုမှ ပိုလိုချင်တာကွ”

ပိုင် အဲဒီလိုပြောလိုက်တော့ အေးရောမဟုတ်လား။ မဟုတ်ရင် ဒီကောင် ဘာတွေရည်နေဦးမည်မသိ။

“ဟ ... ဒါတွေက ဘာတွေလဲကွ”

“ဟင်”

ဖေဖေနဲ့မေမေ ရောက်လာပြီး စာအုပ်ထုပ်ကိုကြည့်ပြီး မေးလေတော့ ပိုင် မချိုမချဉ်မျက်နှာနှင့် ...

“စာအုပ်တွေပါ ဖေဖေ”

“စာအုပ်တွေ”

“ဟုတ်ကဲ့”

ဦးအောင်စစ် စာအုပ်ထုပ်ကြီးကို နောက်တစ်ခါ သေသေချာချာ ငုံ့ကြည့်၍ ...

“ဘာစာအုပ်တွေလဲကွ”

“ရသစုံပါပဲ၊ ဝတ္ထု၊ ကာတွန်း၊ မဂ္ဂဇင်းတွေပါပဲ”

“ဒီလောက် အများကြီးကို သားငယ်က ဘာလုပ်ဖို့လဲ၊ ဘာလဲ စာအုပ်ဆိုင်ဖွင့်မလို့လား”

“မဖွင့်ပါဘူး... သားဖတ်မလို့ ဝယ်လာတာပါ မေမေ”

“သားဖတ်မလို့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်သွားကြ၏။ သားငယ်ရဲ့လုပ်ရပ်က ထူးဆန်းနေလို့လေ။ စာဖတ်တာတော့ ဟုတ်ပါတယ်။ ဒီလောက် စာအုပ်ထုပ်ကို အပိုင်ဝယ်လာပြီး ဖတ်မယ်ဆိုတော့ ထူးဆန်းမနေဘူးလား။

ဒါကြောင့် ...

"ဒါတွေကို မင်း အကုန်ဖတ်မှာလား"

"ဒါပေါ့"

"ရည်ရွယ်ချက်တော့ ရှိမှာပေါ့၊ ဘာရည်ရွယ်ချက်နဲ့လဲ ပြောပါဦး"

"စာဖတ်တာကောင်းတဲ့အလုပ်လေ ဖေဖေရဲ့၊ စာဖတ်တဲ့လူနဲ့ စာမဖတ်တဲ့လူ စကားယှဉ်ပြောရင် စကားလုံးလေးနက်မှုရှိတာချင်းတောင် မတူဘူး။ စာများများဖတ်တော့ အသိပညာတွေ တိုးတာပေါ့"

"ဟော ... အေး"

နေမျိုး မဲ့ခနဲဖြစ်သွားလေ၏။ အကြောင်းပြချက်က ကောင်းပါပေ့။ ကမ္ဘာနဲ့ချီပြီး ကိုင်မပေါက်တာပဲ တော်သေးတယ်လို့ ပြောရမလား။ ဖြီးလုံး ရှိုးလုံးတွေကိုပဲ အမြင်ကတ်တာ။



"လိုအပ်ရင် ဒီကောင် စာရေးဆရာတောင် ထလုပ်ချင်လုပ်ဦးမှာ အန်ကယ်လ်ရဲ့၊ ဟိုစကားရှိတယ်လေ ... အချစ်နဲ့ တွေ့ရင် လူတွေအားလုံး ကဗျာဆရာဖြစ်သွားတတ်တယ်ဆိုတာ"

"ငါလည်း ငယ်ရာက ကြီးလာတဲ့ကောင်ပါကွာ၊ ဒီကောင် ဘယ်လိုခြေလှမ်းမျိုး လှမ်းတယ်ဆိုတာ သိသားပဲ၊ သေချင်အောင် စာဖတ်ချင်တယ်ပြော၊ ဒီလောက်များတဲ့ စာအုပ်တွေနဲ့ အပြင်ချည်းပဲ ထွက်နေတဲ့ကောင်"

ပြောပြီး ခေါင်းခါလိုက်ကာ ...

"မသာနဲ့ နာရှောင်းပဲ"

"ရှင့်စကားကြီးကလဲ"

"မလိုက်ဖက်ဘူးလို့ ပြောတာဟ ... သိပြီလား"

ဘယ်သူတွေ ဘယ်လိုပဲပြောပြော ပိုင်ကတော့ ရယ်နေသည်သာ။ ပြောစရာဖြစ်နေလို့ ပြောတာ ပြောကြပါစေ။ ကိုယ့်ဝမ်းနာတာ ကိုယ်ပဲ သိတာကိုးလေ။

တကယ်တော့ အချစ်ဆိုတာ ...

ကိုယ်လိုချင်တိုင်း မရရင် ဝမ်းနူတ်ဆေးသောက်ပြီး ဝမ်းမသွားသလို မအီမလည်ကြီးနှင့် ဘယ်လိုအခံရခက်မှန်းမသိ။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ငါတော့ သေသာသေလိုက်ချင်တော့တာပဲဟယ်၊ တကယ် ... တကယ်၊ အဲဒီကောင်လေး ပြောမရ ရိုက်မနာနဲ့ တကယ်ကို ဆိုးရွားတယ်သိလား၊ သူမို့လို့သာပေါ့ ... တောက်တဲ့ဆိုရင်လည်း ဆေးချေးနဲ့ တို့ပစ်လိုက်ရရဲ့၊ ငါ့ကို နှောင့်ယှက်ဖို့များ လူဖြစ်သလား မပြောတတ်ဘူး၊ သွားလေရာအရပ်မှာ အရိပ်လို ကပ်ပါနေတာ ပိုပြီး တော့တောင် စိတ်ပျက်ဖို့ကောင်းသေးတယ် ... ဟင်း"

ပြောပြီး သက်ပြင်းချလိုက်ပုံက တကယ့်ကို စိတ်ပျက်လက် ပျက်ဟန်။ မောင်နဲ့ဝါဝါက နွေရိပ် စိတ်ပျက်နေပုံကိုပဲကြည့်ပြီး ပြုံးစိစိ မျက်နှာတွေနှင့်ပါ။ ကောင်လေးကို ဘယ်လိုအပြစ်မြင်ပေးရမလဲ





အမျိုးကို လူမျိုးက ချစ်လို့ ကြိုက်လို့ လိုက်တာ အပြစ်မှမရှိဘဲလေ။ ဒါ ... ကမ္ဘာ့နိယာတရားပဲဥစ္စာ။

နွေရိပ်ကိုက အကဲပိုနေတာ။

တစ်ယောက်မကောင်းတာနဲ့ ယောက်ျားပေါင်းသောင်း ခြောက်ထောင်ကို သိမ်းကျုံးမုန်းနေဖို့လိုလို့လား။ လူတစ်ကိုယ် စိတ် တစ်မျိုးပဲဥစ္စာ။ သစ္စာမရှိတဲ့သူရှိသလို အချစ်ကို ယုံကြည်ကိုးကွယ် ကြတဲ့ ယောက်ျားတွေလည်း ရှိနေတာပဲလေ။ လူတိုင်းက တစ်စိတ် တည်း တစ်ဝမ်းတည်းမှ မဟုတ်ကြတာ။ ကိုယ့်လက်တောင် ထောင် ကြည့်ရင် အတိုအရှည် ရှိသေးတာပဲ မဟုတ်လား။

"သူ့ကြောင့် ငါလည်း တော်တော်ကို စိတ်အနှောင့်အယှက် ဖြစ်နေရတာ၊ ဘယ်လိုလုပ်ရမလဲဆို ခပ်ကြမ်းကြမ်းသုံးမှပဲ ဖြစ်တော့ မယ်"

"ဟင်"

"ဘယ်လို"

ခပ်ကြမ်းကြမ်းဆိုတဲ့စကားကြောင့် မောင်တို့ မျက်လုံးပြူး သွားကြပြီး ...

"နင်က ဘယ်လိုခပ်ကြမ်းကြမ်းသုံးမှာလဲ နွေရိပ်"

"ဘယ်လိုကြမ်းရမှာလဲ ... လက်ဝါးနဲ့မရရင် ဖေ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

"ဘုရား ... ဘုရား"

ဝါဝါနဲ့မောင် ရင်ဘတ်ဖိကုန်ကြ၏။ နွေရိပ်ကို မလုပ်ဘူးလို့ ပြောလို့မရဘူးလေ။ ယောကျ်ားတွေနဲ့ ပတ်သက်လာရင် နွေရိပ်က ကျားနာတစ်ကောင်လိုဖြစ်နေတာ။ တစ်ခါနာခဲ့ဖူးတဲ့ ဒဏ်ရာကြောင့် နောက်ထပ် ခံမှန်မှာ ကြောက်တဲ့စိတ်က အစွန်းရောက်လွန်းနေပြီ ထင်ပါရဲ့။ အဲဒီအတွက် စစ်နိုင်သွေးကိုပဲ အပြစ်တင်ရမလား။ အစွန်းရောက်လွန်းတဲ့ နွေရိပ်မှာပဲ အပြစ်ရှိသလား။

တကယ်ဆို ...

ပိုင်ဆိုတဲ့ ကောင်လေးက မဆိုင်တဲ့ ရပ်ဝန်းတစ်ဖက်သို့ ရောက်လာတဲ့ သူ။ ကြက်ဟင်းခါးသီးစားမိပြီး သကြားသီးကျမှ ရှေ့က အသီးလို ခါးလေမလားလို့ နှာခေါင်းရှုံ့ လက်ကာနေရင် နစ်ဦး နစ်ဖက် နစ်နာမှာပေါ့။ အရသာမသိဘဲ ငြင်းနေတာ ငြင်းတဲ့သူလည်း အရသာမသိလိုက်ရသလို သကြားသီးလည်း တန်ဖိုးမဲ့ရာရောက်တာ ပေါ့။

"နွေရိပ်ရယ် ... နင့်ဟာကလဲ"

"အေးလေ ... နင် အဲဒီလောက်ကြီးတော့ လုပ်ဖို့မလိုဘူး နော် နွေရိပ်၊ ဘာလဲ နင်က ဓားနဲ့ထိုးမှာလား"





"လိုအပ်ရင် လုပ်သင့်လုပ်ရမှာပဲ"

"အမယ်လေး ... ဟီး"

"အသံနဲ့တင်တောင် ကျောချမ်းစရာကြီးပါလား"

"အဲဒီလိုလုပ်ရင် နင် ဒုက္ခရောက်မှာပေါ့ နွေရိပ်ရဲ့၊ နင် ...င်တိုင်း ကြဲတာကို တရားဥပဒေက လက်ပိုက်ကြည့်နေမတဲ့လား။ ...ခါတော့ နင့်စိတ်တွေ အစွန်းရောက်လွန်းနေပြီ၊ တစ်ယောက်မ ...ကောင်းတာနဲ့ အကုန်ပေါင်းမှုန်းရအောင် ယောကျ်ားတွေက ငါး ...ဟုတ်ဘူး။ ကျားတွေဟုတ်၊ ကျားဆိုတာ ကျားခေါ်တိုင်း ကြောက်စရာ ...ကောင်းတာ မဟုတ်ဘူး။ တစ်ဖက်က စည်းဖောက်မှသာ သူတို့က ...မှုတာ၊ လူချင်းတူပေမယ့် အသက်ရှူခြင်း ကွာပါတယ်ဟယ်၊ နင် ...ည်းနည်းပါးပါး အကောင်းမြင်ဝါဒလေးနဲ့ ကြည့်ပေးစမ်းပါ"

စိုးရိမ်စိတ်တို့နှင့် မောင်က ရှင်းပြတာ ရှည်လျားစွာ။ ဟုတ် ...ယ်လေ။ ကျားတိုင်းက လူကို ရန်မူပြီး အန္တရာယ်ပြုနေတာမှ ...ဟုတ်တာ။ လူဘက်က စည်းရှိရင် သူတို့လည်း ဘလိုင်းကြီး ရန်မမူ ...ကြဘူးလေ။ နွေရိပ် စိတ်ခါတ်ထက်မြက်တာ ကောင်းပါတယ်။

ဒါပေမဲ့ ...

ထက်မြက်တာထက် အစွန်းရောက်နေတာ မကောင်းဘူး ... ဝါဝါကလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ နှင်စိတ်ဆိုးချင်ဆိုး မဆိုးချင်နေ၊ ငါလည်း ပြောသင့်တယ်ထင်တာကို ပြောတော့မယ် နွေရိပ်"

"ဘာလဲ"

"နှင် စစ်နိုင်သွေးကို စိတ်နာလို့ တကယ်မုန်းတယ်ဆိုရင် သူနဲ့ ပတ်သက်သမျှ အရာအားလုံးကို မေ့နိုင်ရမှာပေါ့၊ အခု ထက်ထိ ဆို အဲဒီအစပေါ်လာတာကိုက နှင် သူ့ကို တကယ်မမုန်းသေးဘဲ ချစ်နေတယ်ဆိုတာကို သရုပ်ဖော်နေတာ၊ မုန်းတယ်ဆိုရင် ဘာလို့ ယောက်ျားတိုင်းကို သူနဲ့ နှိုင်းယှဉ်နေရတာလဲ၊ ပြီးသွားတာကို မေ့ လိုက်။ ပိုင်က စစ်နိုင်သွေးမှ မဟုတ်တာကို"

"ဘာ"

"..."

"ငါက စစ်နိုင်သွေးကို ချစ်နေသေးတယ် ဟုတ်လား"

"မုန်းတယ် ... မုန်းတယ်ဆိုပြီး တစ်ဖက်မှာ အချစ်က ကျ ဝှက်စွာ ရှိနေလို့သာ ... နှင်"

"တော်တော့ ဝါဝါ"

ဒေါသကြောင့် အသံက အဖျားခတ်ပြီး တုန်သွား၏။ ရင် မှာ နောက်ထပ် အားမဲ့ရှိချင်တာကလွဲရင် စစ်နိုင်သွေးကို မမျှော်လင့် မစောင့်စားတော့ဘူးလေ။ ရင်ထဲကနေ အပြီးအပိုင်





ထုတ်ပစ်လိုက်တာ။ နွေရိပ်သွင်ဆိုတဲ့ မိန်းမက ပြတ်ပြီဆို ဆက်ထုံး ရာ ဘယ်တော့မှ အထင်ခံမယ့်သူ မဟုတ်ပေ။

သူလည်း သူ့ဘဝနဲ့သူ။

ကိုယ်လည်း ကိုယ့်ဘဝနဲ့ကိုယ်။

ပိုနေမြဲ ကျားနေမြဲမှာ ကိုယ့်လမ်းကိုယ်ဖောက်ပြီး ကိုယ့် ဘာသာပဲ လျှောက်နေကြတာလေ။ ဒါကို ကိုယ့်ရင်ထဲမှာ သူ့ကို ချစ်နေတဲ့ အချစ်တွေ လျှို့ဝှက်စွာ ရှိနေသေးတယ်တဲ့လား။

"နှင် အဲဒီစကားကို ပြောလိုက်တာ ငါ့ကို အထင်သေးပြီး ဒီမာနကို စော်ကားလိုက်တာပဲ"

"ငါက စော်ကားတာ မဟုတ်ဘူး နွေရိပ်၊ အမှန်တရားကို ပြောပြတာ၊ ငါပြောသလို မဟုတ်ဘူးဆိုရင် နှင်မနာနဲ့လေ၊ သူနဲ့ ပတ်သက်ပြီး ယောက်ျားတိုင်းကို မုန်းနေဖို့လည်း မလိုဘူး။ အချစ်ရေး ပြောနဲ့ အိမ်ထောင်ရေးမှာတောင် တစ်ပင်လဲရင် တစ်ပင်ထူ ... ဆိုတဲ့စကား ရှိတယ်"

"ဟုတ်တယ် နွေရိပ်"

မောင်ကပါ ဝါဝါ့စကားကို ထောက်ခံလာတော့ နွေရိပ်ရင် ထဲမှာ ခံရတာ အောင့်သက်သက်နှင့်ပါ။ နွေရိပ်မှာ မုန်းခွင့်မရှိဘူးလဲ တာ။ ဟိုကောင်လေးကို တူညီသော တုံ့ပြန်မှုတွေ ပေးစေချင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလား။

"အချစ်နဲ့မကောင်းသူတိုင်း အသည်းကွဲတတ်ကြတာချည်းပဲ နင့်တစ်ယောက်တည်းအတွက်မှ ဒီကိစ္စက ထူးချွန်ပြီး ဖြစ်လာတာ မဟုတ်ဘူးလေ၊ ဘာဖြစ်လဲ ... တစ်ယောက်မကောင်း တစ်ယောက် ကျောင်းပြီး နောက်တစ်ယောက်ပြောင်းတော့ အတွေ့အကြုံသစ်ကောင်း ရသေးတယ်၊ တစ်စုံတစ်ခု တစ်ယောက်ကိုပဲ သေရာပါအောင် စွဲမှတ် မသွားနဲ့၊ လူ့လောကထဲ ရောက်လာတဲ့အချိန် ခဏလေးမှာ ပျော် ပျော်နေသေခဲလို့သာ ခံယူထားလိုက်စမ်းပါ။ မယုံရင် နင်အချစ်ဆိုတာ ကို နင့်ရင်ထဲမှာ ထပ်ပြီး မွေးမြူကြည့်လိုက်"

"ဘာဖြစ်လဲ"

"များများချစ်ရင် ပါးပါးလေးဖြစ်သွားလိမ့်မယ်"

"ဘယ်လို"

"နင့်ရင်ထဲက ခံစားချက်တွေ ပါးပြီး ပျောက်သွားလိမ့်မယ် လို့ ပြောတာ"

ပြောတော့ လွယ်လိုက်တာ။ သူတို့ပြောသလို တစ်ယောက် မကောင်း တစ်ယောက်ပြောင်းပြီး တစ်ချစ်ပြီးတစ်ချစ် ပြောင်းနေရင် ပတ်ဝန်းကျင်အမြင်မှာ မျက်နှာများတဲ့ မိန်းကလေးအဖြစ် မေးငေါ့ ရှုံးမှာကို ထည့်မတွက်ကြတော့ဘူးလား။ သူ သစ္စာမရှိတိုင်း ကိုယ်



လိုက်ပြီး သစ္စာမဲ့ဖို့ မဆန်းပေမယ့် ...

ကိုယ်က ...

မိန်းမတစ်ယောက်ရဲ့ သိက္ခာနဲ့မာနကို တန်ဖိုးထားသူ။ ကိုယ် တစ်သက်လုံး ထိန်းသိမ်းလာသမျှ ဘာမဟုတ်တာလေးနဲ့ ကိုယ့် သိက္ခာကို အကျိုးအပေါက်မခံနိုင်။

"နင်ပြောပြပုံအရဆို ကောင်လေးက နင့်ကို တကယ်ချစ် ယ့်ပုံပါ"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"နည်းနည်းငဲ့ညှာပေးဖို့ ပြောချင်တာပါ"

"ကျားသနားမှ နွားချမ်းသာတယ်ဆိုတဲ့စကားပဲ ရှိပါတယ် တယ်၊ ကျားကိုသနားရင် မျက်နှာကို အဝါးခံရမှာပေါ့၊ စဉ်းစဉ်းစား စားလည်း ပြောဦး"

"လာပြန်ပြီ ဒီကျားအကြောင်း။ ကျားတိုင်း ဝါးဖို့ ချောင်းနေ တာမှမဟုတ်ဘဲ နွေရိပ်ရဲ့၊ ကျားဆိုပေမယ့် အမျိုးမျိုးရှိတယ်လေ၊ အချစ်နဲ့တွေ့ရင် အချို့ကျားတွေက အရုပ်ကျားစက္ကူ ကျားတွေရှိသလို အချို့ဆို ဖွတ်ကျားတောင် ဖြစ်သွားနိုင်သေးတယ်"

ချေပစရာစကားလုံးမရှိအောင်ကိုပဲ စကားတွေတတ်နေ ကြပါလား။ နွေရိပ် ဘာမှပြောချင်စိတ်မရှိအောင် စိတ်ပျက်တာမို့

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်နေလိုက်တော့၏။ ဟုတ်တယ်လေ။ ကိုယ်ထပ်ပြီးပြော
သူတို့မှာ ကော်လုံးကတ်လုံးတွေ ရှိနေမှာက အသေအချာပဲ
ကိုယ်ခံစားချက်ကို မသိတာ မဟုတ်ကြဘဲနဲ့ မသိတဲ့လူတက်က
နေလိုက်ပြီး ငဲ့ညှာဖို့ ထောက်ထားဖို့တွေ ပြောနေတာ ကောင်းသလား

တစ်ယောက်ကတော့ . . .

နိုင်ဆိုတဲ့အတိုင်း ကိုယ့်အပေါ် အနိုင်ယူသွားခဲ့တာ။ ခု
ပြုံးပြီတစ်ယောက် ပိုင်တဲ့။ သူကရော ဘာတွေများ အပိုင်ယူချင်
တာလဲ။

"နွေရိပ်"

". . ."

"တို့ကို ပိုင်နဲ့ ပေးတွေ့ပါလား"

"ဘာလုပ်ဖို့လဲ"

"တို့မြားနတ်မောင်လုပ်ပေးမလို့"

"မောင်နော် . . . ငါ့ကို စိတ်တိုအောင်မလုပ်နဲ့၊ ဖုန်း
ကောက်ထုလိုက်မယ်"

နွေရိပ် ဖုန်းကိုကောက်ကိုင်ပြီး ရွယ်လေတော့ မောင်
ရယ်ကြလေ၏။ ပြောချင်တာတွေ ပြောပြီးပြီဆိုတော့ နွေရိပ်စိတ်
သို့လောသို့လောတွေ တွေးတော့မှာ အမှန်ပဲလေ။ သူတို့ပြော



တွေကို နားလည်လက်ခံနိုင်ပါစေလို့ပဲ ဆုတောင်းပါတယ်။

"ပိုင်နဲ့တွေ့ချင်ရင် ဝေးဝေးမှာ ပြေးရှာစရာ မလိုပါဘူး။
နွေရိပ်သွင်ဆိုတဲ့ 'မ' နဲ့ အနီးတစ်ပိုက်မှာ အမြဲတမ်းလိုလို ရှိနေပါ
တယ်"

"ဟင်"

"အယ်"

အသံနှင့်ထပ်တူ အနားကို လူပါရောက်လာတော့ . . .

"မင်း"

"မ, သတိမထားမိလို့ပါ။ ကျွန်တော် ဟိုဘက်ဝိုင်းမှာ ရှိနေ
တာပဲဥစ္စာ"

"မင်းကို ဘယ်သူက မေးနေလို့လဲ"

"မ,အတွက် မ,အနားမှာ ကျွန်တော်က အရိပ်ကလေးတစ်ခု
ဆိုတဲ့အကြောင်း မ,သိအောင် ပြောပြတာ"

"ကျွတ်"

တကယ်ပဲ အရိပ်တစ်ခုလို ကိုယ့်နောက်လိုက်နေတာလား
မသိ။ နွေရိပ် မျက်စောင်းထိုးခြင်းသာ တတ်နိုင်ပြီး ဘာပြောရမလဲ
ထိုင်စားနေစဉ်မှာပါ။ သူက . . .

"ကျွန်တော် ထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင် ... ထိုင်ပါ"

နွေရိပ် ငြင်းလိုက်မှာစိုး၍ ဝါဝါက ထိုင်ဖို့ပြောလိုက်တာ ဖျ
ပျာသလဲပါ။ ပိုင်ကလည်း ဝင်ထိုင်ရင်း ...

"အားမနာနဲ့ ... လိုတာရှိရင် ထပ်မှာကြလေ၊ ဒီဝိုင်းအတွက်
ကျွန်တော် ရှင်းပြီးသွားပြီ"

"ဘာ"

ဒီကောင်လေးနဲ့တော့ ခက်တော့တာပဲ။ မာနရှင် နွေရိ
သူနဲ့ကျမှ မာနကို အလံထူလည်းမရ မောင်းတင်လည်းမဖြစ်နေပ
လား။ တကယ် ဒီလိုပဲ ကိုယ့်နောက်မှာ အရိပ်တစ်ခုလို ရှိနေမယ်ဆို
ရင် ...

"ပိုင်နော်"

မောင်က မေးလေတော့ ...

"ဟုတ်ပါတယ် ... အစ်မတို့က 'မ' ရဲ့ သူငယ်ချင်းတွေ
လား။ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကိုလည်း 'မ' ကိုခင်သလို
ခင်ပါလို့"

"ဘာဆိုင်လို့လဲ၊ မင်းကမင်း ငါကငါပဲဥစ္စာ၊ ဒီမှာ ပိုင်"

"ဗျာ"

"မင်း ဒီဝိုင်းအတွက် ရှင်းပြီးပြီဆိုတာနဲ့ ငါက အားနာပါး



လက်ခံပြီး ထပြန်သွားမယ်ထင်လို့လား။ မထင်နဲ့ ... ငါဆိုတဲ့မိန်းမက
ဘယ်သူ့အကူအညီ အထောက်အပံ့မှ မလိုဘဲ ရပ်တည်လာတာ၊
ဘယ်လောက်ကျလဲ ယူသွား"

"မ,ကလဲ"

နွေရိပ် ပါးစပ်က ပြောနေသလို လက်ကလည်း လှုပ်ရှားနေ
တာလေ။ ပိုက်ဆံအိတ်ကိုဖွင့်ပြီး တစ်သောင်းတန်နှစ်ရွက် ဆွဲထုတ်
တာ ပိုင့်ရှေ့မှ ချပေးလိုက်ပြီး သူမလည်း ထ,ထွက်သွားလေလျှင်-

"မ"

"နွေရိပ် ... ဟဲ့ နေဦးလေ"

မောင်နဲ့ဝါဝါ စိတ်မြန်တဲ့ နွေရိပ်နောက်ကို ထလိုက်ရတာ
နဲ့ကို ခလုတ်တိုက်မိလို တိုက်မိနှင့် ကသောကမျောနိုင်လွန်းလှစွာ။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဦးအောင်စစ်နဲ့ ဒေါ်မြင့်မြင့်ကြည်မှာ ကားသံကို နားစွင့်ရင်း ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတာ လည်ပင်းတရှည်ရှည်နှင့်ပါ။ ထ... လမ်းလျှောက်လိုက် ပြန်ထိုင်လိုက်ပါပဲ။

ဒီနေ့ ...

သားကြီး ပြန်ရောက်မယ်ဆိုလို့ လေဆိပ်ကို သားငယ် ... ကြိုတယ်လေ။ ဒီအချိန် ပြန်ရောက်ဖို့ ကောင်းနေပြီဆိုတော့ မျှော်... ပေါ့။

"ကြာလိုက်တာ"

ဒေါ်မြင့်မြင့်ကြည်နှုတ်မှ အသံထွက်လာတော့ ဦးအောင်...



လမ်းလျှောက်နေရာမှ လှည့်ကြည့်ပြီး ...

"အချိန်တန်ရင် အိမ်ကိုပဲ ပြန်လာမယ့်ဥစ္စာ ဘာလို့ ဆန္ဒစော နေရတာလဲ အကြည်ရဲ့၊ ဟိုမှာ ညီအစ်ကိုချင်း အလွမ်းသယ်ကြဦးမှာ ပေါ့"

"အိမ်ရောက်မှ အလွမ်းသယ်လည်း ရပါတယ်ရှင်၊ ဝေးနေ ရတာ ကြာပြီဆိုတော့ ကျွန်မ တွေ့ချင်နေပြီ"

"ငါလည်း အဖေပဲလေ ... အတူတူပဲပေါ့"

"ဘာအတူတူလဲ ... မတူဘူး၊ ဖအေနဲ့မအေ နည်းနည်း တော့ ကွာကိုကွာတယ်၊ မအေက ကိုးလလုံးလုံး လွယ်ပြီး ဆယ်လမှ မွေးရတာရှင့်၊ ပြီးတော့ ... ကိုယ့်သားသမီးရဲ့ကရိကထ"

"ဟဲ ... တော်စမ်းပါကွာ၊ မိဘချင်း အတူတူကို မင်းပဲ ခွဲခြားခွဲခြားလုပ်နေတာ ငါ မခံနိုင်ဘူး"

"မှန်တာပြောတာပဲဥစ္စာ ... မခံနိုင်လည်း မတတ်နိုင်ဘူး"

ဒေါ်မြင့်မြင့်ကြည် မျက်စောင်းထိုးလိုက်၏။ သူမ သားတွေ အပေါ် ဘယ်လောက်ချစ်လဲဆိုရင် အဲဒီလိုလေ။ မိဘချင်းတူပေမယ့် သူတို့အဖေချစ်တဲ့ အချစ်တောင် ကိုယ့်ကို မမီဘူးထင်ပြီး ပြုံးချင် တာ။

"ဟော"

www.burmeseclassic.com

www.burmeseclassic.com



ဟောဆိုတဲ့ ခင်ပွန်းအသံကြောင့် လှည့်ကြည့်ပြီး ...

"ဘာလဲ"

"ကားသံကြားတယ်"

"ဟုတ်လို့လား"

"ဟုတ်ပါတယ် ... ပြန်လာပြီထင်တယ်"

"ကျွန်မ အရင်သွားမယ်"

ခြေလှမ်းစတဲ့ ခင်ပွန်းလက်မောင်းကို ဆွဲထားပြီး ဒေါ်မြင့်ကြည် ရှေ့မှ ထွက်လာခဲ့တော့ ...

"ဒီမိန်းမကွာ ... အကဲကိုပိုတယ်"

လင်မယားနှစ်ယောက် ထွက်လာခဲ့ကြတော့ ကားကလည်း ထိုးဆိုက်လာပြီးပြီဖြစ်ကာ ကားတံခါးပွင့်သွားခြင်းနှင့်အတူ ဆင်းလာသူမှာ ...

"မေမေ"

"သားကြီး"

"ဖေဖေ"

"ဟေး ... သားကြီး"

စံနိုင်သွေးကို ဖအေကတစ်ဖက် မအေကတစ်ဖက် ဆီးပြီး ပွေ့ဖက်ပြီး ကြိုဆိုလေတော့ စံနိုင်သွေးကလည်း ဖအေကို နမ်းလိုက်



အေကို နမ်းလိုက်နှင့်ပါ။ ကိုယ်ချစ်တဲ့ မြန်မာပြည်မှာ ကိုယ်ချစ်တဲ့ မိသားစုတွေနှင့် ဘဝတစ်သက်တာ အတူတူနေသွားတော့မည်ဆိုသော ဆုံးဖြတ်ချက်နှင့် ပြန်လာခဲ့တာလေ။

"သားကြီးကွာ ... ဝ,လာလိုက်တာ ဗိုက်တောင် နည်းနည်း ပူနေသလိုပဲ"

"ဟာ ... ဖေဖေကလည်း မသိမသာလေးပါ၊ ဗိုက်ကို ကြည့်ကြတာမှ မဟုတ်တာ၊ လူချင်းတွေ့ရင် မျက်နှာပဲ အရင်ကြည့် ကြတာလေ၊ ဖေဖေ့သား ချောတုန်း ခန့်တုန်းပဲ မဟုတ်လား"

"အေးပါ ... ဖေဖေ့သားကြီးက ချောချောခန့်ခန့်ကြီးပါ ကွာ"

"ဖေဖေ"

"ဟေ"

သားငယ်ကခေါ်ပြီး မျက်နှာကိုရှေ့တိုးကာ ...

"သားကရော"

"သြော် ... သားငယ်ကလည်း မေမေ့သားငယ်လေးက လည်း ငယ်သေးတာ၊ နုပျိုပြီး ပိုချောတာပေါ့လို့၊ မေမေ့မျက်စိ ထဲမှာတော့ သားငယ်လောက်ချောတဲ့သူ ကမ္ဘာပေါ်မှာ နောက်တစ် ယောက် ပြိုင်ဖို့ မရှိဘူးလို့တောင် ထင်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဦးအောင်စစ်မျက်နှာ ရှုံ့မဲ့သွားလေလျှင် ...

"အဲဒါ ဘာဖြစ်တာလဲ ရှင်က"

"ချဉ်လို့လေ ... သွားရည်တောင် ကျတော့မယ်"

ဒေါ်မြင့်မြင့်ကြည် မျက်စောင်းထိုးတော့ ရယ်မိကြလေ၏။ သူတို့မိသားစုလေးက အဲဒီလို ပျော်စရာကောင်းအောင် စိတ်ဆိုးစိတ်ညစ် သိပ်ရှိလှတာ မဟုတ်ပေ။ ဒီအရွယ်ထိအောင် တစ်ခါတလေ ဦးအောင်စစ်ကစလို့ ဒေါ်မြင့်မြင့်ကြည် စိတ်ကောက်တာတော့ ရှိတာပေမယ့် ချော့လိုက်ရင် ပျော့သွားတာပါပဲ။

"ဖေဖေက ထောက်ခံချင်ပုံမရဘူး မေမေရဲ့"

"အဲဒါကြောင့်ပဲ ပြောတာလေ၊ ဖအေနဲ့မအေ မတူပါဘူးလို့"

"လာပြန်ပြီ ဒီစကား"

"မဟုတ်လို့လား"

"လုံးဝမဟုတ်ဘူး။ ငါလည်း ငါ့မျက်စိထဲမှာ ငါ့သားချော ချောတာ အောင်ရဲလင်း၊ ဖေရဲထက်နဲ့ ဂျိုဟိုတို့ ဘာတို့တောင် လိုက်လို့မမီဘူးလို့ ထင်တာပေါ့ကွ၊ ကမ္ဘာပေါ်မှာ ငါ့သားတွေသာ အချောဆုံး ငါ့သားတွေသာ အတော်ဆုံး, အတတ်ဆုံး"

"ဟား ... ဟား ... ဟား ... ဟား"





မိဘနှစ်ပါး၏စကားတွေကြောင့် ညီအစ်ကိုနှစ်ယောက် ရယ်ကြတာ တဟားဟားနှင့်ရယ်ပါ။

"ကဲ ... မတ်တတ်ကြီးတွေ အထဲဝင်ကြ လာ"

အားလုံး အထဲဝင်ခဲ့ကြပြီး နေရာကိုယ်စီ ယူကြပြီးနောက် သီချင်းဖောကြီးနေတဲ့ ကိစ္စတစ်ခုကို ဆက်ပြီး မျိုသိပ်မထားနိုင်တော့သော ဒေါ်မြင့်မြင့်ကြည်မှာ ...

"သားကြီး"

"ဗျာ"

"သားကြီးချစ်သူကို ဘယ်တော့သွားတွေ့မလဲ"

ချစ်သူဆိုတော့ နိုင် ချစ်သူကို ချက်ချင်းပဲ ဖျတ်ခနဲ သတိရသွားလေ၏။ အခြေအနေမပေးလို့ ဝေးခဲ့ကြရတာ ကြာခဲ့ပြီ။ ကိုယ့်မှာလည်း ကိုယ့်ကိစ္စနှင့်ကိုယ်မို့ ချစ်သူစိတ်ကောက်သွားတာကိုတောင် ချော့ဖြစ်ခဲ့တဲ့ နိုင်ငံခြားကို ထွက်သွားရတာလေ။ ဖုန်းခေါ်တော့ ခေါ်ခဲ့မရဘဲ ကတ်ပြောင်းထည့်လိုက်တာပဲ ဖြစ်မှာပေါ့။

ဒါပေမဲ့ ...

နိုင် ယုံကြည်ထားသည်လေ။ ရိပ်က သူ့ကို ဒီလောက်ချစ်တာ သစ္စာမရှိ၊ သူ့နေရာမှာ အစားထိုးဖို့ အချစ်သစ်ကို ရှာမှာမဟုတ်ဘူး မုန်းချင်သာမုန်း။ နာချင်သာနာနိုင်တာတွေကို ဖြေဖို့ သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဖြေဆေးရှိနေတာပဲဥစ္စာ။ နိုင်မာစွာတည်ရှိနေတဲ့အချစ်က ဖြေ ဆေးပဲပေါ့။

ရုပ်တည်ကြီးနဲ့ စ,လိုက်မိတာ ...

ရိုပ် တော်တော်ခံစားသွားရမှာလို့ တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရတာ ချော့ခွင့်မှ မကြုံခဲ့ပဲလေ။

"သား မနက်ဖြန်ပဲ သွားတွေ့မှာပါ မေမေ"

"ကောင်းပါတယ် ... အိမ်ကို ခေါ်လာခဲ့ဦးနော် သား"

"စိတ်ချ ... စိတ်ချ၊ လက်ဆွဲပြီး ခေါ်လာခဲ့မှာ"

"ဘယ်ကောင်က ခြေထောက်ဆွဲပြီး ခေါ်လာရိုးထုံးစံရှိလို့ လဲ"

"အထမကောက်နဲ့လေကွာ"

ပိုင်က ကန့်လန့်ပြောလိုက်တော့ ရယ်ကြပြန်လေရဲ့။ ဟုတ် ဟယ်လေ ... ဘယ်ကောင်ကများ ကိုယ့်ချစ်သူဆိုပြီး ခြေထောက် ဆွဲခေါ်လာကြလို့လဲ၊ နိုင့်ကိုက စကားပြောလောကြီးလို့ တွန့်သွားသလို ဖြစ်သွားတာဆိုတော့ ...



## အခန်း (၁၄)

နွေရိပ် အလုပ်နားရက်မို့ စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေမိ ...ည်။ ကိုယ့်စာပေတိုက်က ဖေဖေ ချစ်မြတ်နိုးတဲ့အလုပ်တစ်ခုဖြစ် ...ာတစ်ကြောင်း။ ကိုယ်ကလည်း စာပေကို ချစ်မြတ်နိုးလို့ ဒီလုပ် ...ကို မစွန့်လွှတ်နိုင်ဘဲ ဒီလုပ်ငန်းနဲ့ပဲ ရပ်တည်နေတာပါ။

သူငယ်ချင်းတွေကတော့ တိုက်တွန်းကြပါတယ်။ နွေရိပ်ကို ...ယ်တိုင်စာရေးပါလားတဲ့။ နွေရိပ်က ဖတ်ဖို့သာ ဝါသနာပါပြီး ရေး ...တော့ ဝါသနာမပါဘူးလေ။

"ရိုပ်"

"..."



www.burmeseclassic.com

www.burmeseclassic.com



"ရိပ်"

ပထမခေါ်လိုက်ခြင်းမှာ စာထဲ စိတ်ရောက်နေသဖြင့် နို… မကြားမိပေ။ နောက်တစ်ခွန်းခေါ်သံကျမှ ပိုကျယ်တာမို့ ကြားလိုက်… တော့ မော့ကြည့်လိုက်ခြင်းမှာ ...

"ဟင်"

ဘယ်လိုမှ မျှော်လင့်မထားတဲ့ လူတစ်ယောက်ကို ရုတ်… ရက် တွေ့လိုက်ရတော့မှ နွေရိပ် အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး သူ့ကို ကြောင်ငေးကြည့်နေမိ၏။

နောက်မှ ...

သူက ပြုံးပြုံး ဝင်ထိုင်လိုက်မှ သတိရပြီး ...

"ရှင် ... ရှင်"

လက်ညှိုးဘသုံးထိုးဖြစ်ပြီး ကြည့်လင်နေတဲ့ မျက်နှာလေး… ချက်ချင်း တင်းမာခြင်းသို့ ကူးပြောင်းသွားလေသည်။ ရင်ထဲမှ … ခနဲ နာကျင်သွားသလို လျှာပေါ်မှာလည်း ပူလောင်မှုတွေ ချက်ချ… ခံစားလိုက်ရပြီး မျက်ဝန်းထဲမှာ ဒေါသရိပ်တွေက အပြည့်ပါပဲ။

"လက်စသတ်တော့ ရှင်ကိုး"

"ရိပ်"

"ရှင် ... ဘာလာလုပ်တာလဲ"





"ဟင် ... ရိပ်ကလည်း သူစိမ်းဆန်လိုက်တာ၊ ကိုယ့်ချစ်သူကို လွမ်းလို့လာတာ အကြောင်းပြချက် ပေးရဦးမှာလား"

"ဘာ"

"ကိုယ် ... မနေ့ကမှ နိုင်ငံခြားကနေ ပြန်လာတာ၊ အဲဒါ ရိပ်ဆီကို ဒီနေ့ပဲ ပြေးလာခဲ့ရတာကို ဘာဖြစ်တာလဲ၊ ချစ်သူက ခုလို ပြောတော့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်ကွာ၊ တကယ်ပဲ"

"ဘာတွေလာပြောနေတာလဲ၊ ဘယ်သူလဲ ... ရှင့်ချစ်သူ၊ ရှင် ဒီကိုလာစရာ ဘာအကြောင်းမှမရှိဘူး"

"ရိပ်"

"ရှင် ... ကျွန်မအိမ်ကနေ ခုထွက်သွား"

"ရိပ်"

သိပ်ချစ်ပါတယ်ဆိုတဲ့ချစ်သူက ကိုယ့်ကို ရင့်ရင့်သီးသီးပြောပြီး နှင်ထုတ်နေတာ နိုင့်ရင်ထဲမှာ အောင့်သက်သက်ကြီးဖြစ်သွား၏။ မျက်ဝန်းတွေက ဒီလောက်ဒေါသအငိုးအငွေ့တွေနဲ့ လျှံထွက်နေတာ …တာတော့ မဖြစ်နိုင်။ ပြီးတော့ ရိပ်က ကိုယ့်လို အတည်ပေါက်နဲ့ နောက်တတ်သူမှ မဟုတ်ပဲလေ။ ကိုယ်နောက်ပြီး မချော့ခဲ့မိတာကနေ …သနာ ဒီလောက်ကြီးထွားသွားတာလား။ အဲဒီနေ့ကို နိုင် ဘယ်တုန်း …မှ မမေ့ခဲ့ဘူးလေ။ မိန်းကလေးတွေက တကယ်ချစ်ရင် …ဝန်တို

www.burmeseclassic.com



တတ်ကြတယ်တဲ့။

ဒါကြောင့် ...

ဂမုန်းအပေါ် ဘာလိုလိုပြောလိုက်တဲ့အတွက် ရိပ်စိတ်ကောက်သွားတာကို ငါ့ကိုချစ်လို့ပဲဆိုပြီး ကျေနပ်နေခဲ့တာလေ။ နောက်ဖုန်းဆက်ပြီး ချော့ဖို့ ကြိုးစားတော့ ဖုန်းက ခေါ်လို့မရတော့တာ အခု သူက ကိုယ့်ကို စတာမဟုတ်မှန်းသိသိနဲ့ ...

"ရိပ် ... ကိုယ့်ကို မနောက်နဲ့ကွာ၊ ကိုယ် ရိပ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ရိပ် သိပါတယ်၊ အဲဒီနေ့က ကိုယ် ရိပ်ကို ချစ်လို့ စခဲ့တာ၊ စိတ်ကောက်သွားတာကိုလည်း သိတယ်၊ ကိုယ် ဖုန်းဆက်ပြီး ချော့ဖို့ ကြိုးစားခဲ့ပေမယ့် အခွင့်အရေးမရခဲ့ဘူးလေ အခု ကိုယ် မြန်မာပြည်ကို ပြန်လာခဲ့တာ ရိပ်ကို ချစ်လို့၊ ရိပ်နဲ့ လက်ထပ်ဖို့ မျှော်လင့်ချက်ကြီးကြီးနဲ့ ပြန်လာခဲ့တာ"

"ဘာ ... ရိပ်ကိုချစ်လို့ ... ဟုတ်လား"

"ဟုတ်တယ် ရိပ်"

ရိပ် နှုတ်ခမ်းကို မဲ့ပစ်လိုက်ရင်း ...

"ဒါဆို ဂမုန်းစံကရော၊ ရှင်ပဲ ပြောခဲ့တာလေ၊ ဂမုန်းသာ ဂျပန်မသွားခဲ့ရင် သူနဲ့ကိုယ် ချစ်သူဖြစ်ခဲ့မှာ မဟုတ်ဘူးလို့"

"အဲဒါ ရိပ် သဝန်တိုပြီး စိတ်ကောက်အောင် ကိုယ် တမင်



စခဲ့တာ၊ ကိုယ်က အတည်ပေါက်နဲ့ နောက်တတ်မှန်း ရိပ် သိရဲ့သားနဲ့"

"နောက်တာ"

နောက်တာတဲ့။ အဲဒီစကားကို ယုံစားပြီး ရိပ်မာနတွေကို ခဝါချလိုက်ရမှာလား။ ဝေးပါသေးတယ်၊ လျှာအရိုးမရှိတိုင်း ပြောတဲ့ စကားတွေကို အလွယ်တကူ ယုံပြီး ကိုယ့်မာနကို ခဝါချမပစ်လိုက်နိုင်။ ရင်ထဲမှာ နာကျင်ခဲ့ရတဲ့ဒဏ်ရာတွေအတွက် ဟုတ်တယ်ဆိုရင်လည်း တန်ပြန်သက်ရောက်မှုတော့ ရှိရမှာပေါ့။ နွေရိပ်သွင်ဆိုတဲ့ မိန်းမက ခါးပြီဆိုရင် ဘယ်သကာနဲ့မှ ရောထွေးပစ်လို့ မချိုအောင်ခါးတာ။

ကာလများစွာ နာကျင်ခံစားလာခဲ့ပြီးမှ ...

ချစ်ပါတယ် နောက်တာပါဆိုရုံနဲ့တော့ အမုန်းတွေကို ချေဖျက်မပစ်နိုင်ဘူးလေ၊ ခါချဉ်တစ်ကောင်ကြောင့် နောင်ဘဝအထိ ဆက်မုန်းတဲ့ စူဠသုဘဒ္ဒါရဲ့အမုန်းမျိုး၊ အငြိုးအတေးမျိုးနဲ့ ရင်ထဲမှာ ခမ်းစာဖြည့်ထားတာ အမုန်းပြီးရင်း အမုန်းပါပဲ။

နေတတ်အောင်နေခဲ့ပြီးပြီ။

ခုမှ နောက်ပြန်ဆုတ်လာတာကို လက်ခံရအောင် နောက်တစ်ခါ ထပ်ကွဲဖို့ ကိုယ့်ရင်ထဲမှာ အသည်းပိုမှ မရှိတာ။

ဒီတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားနဲ့ ပြန်ပေတော့ပဲပေါ့။

"အပ်တစ်ဖျားကြောင့် ပူဖောင်းပေါက်တယ်ဆိုတာမျိုး ကိုစ်နိုင်သေးလား။ ရှင့်ရဲ့အဲဒီနောက်တာဆိုတဲ့ စကားတစ်ခွန်းကြောင့် ကျွန်မ ဘယ်လောက်နာကျင်ခံစားခဲ့ရလဲ ရှင်သိလား။ ပြီးတော့ ... ရှင်မှာပေးတဲ့ ကော်ဖီတစ်ခွက်ကြောင့် ကျွန်မ လျှာပေါ်မှာ အခုထိ အပူလောင်နေတုန်းပဲ"

"ဟင်"

အဲဒီနေ့က အပူလောင်သွားတဲ့အဖြစ်အပျက်ကို ပြန်မြင် ယောင်မိပြီး နိုင် တကယ်ပဲ စိတ်မကောင်းဖြစ်သွားမိ၏။

"အဲဒါလည်း တစ်မျိုးမထင်ပါနဲ့ ရိပ်ရယ်၊ အဲဒီနေ့က ရိပ် ကော်ဖီပူပူကြိုက်မှန်းသိလို့ ကိုယ်ကိုယ်တိုင်ဖျော်ပြီး ယူလာခဲ့တာပါ"

"ဩော် ... ဟုတ်လား"

လှောင်သံနှင့် ပြောလိုက်တာကပဲ ကိုယ့်ရင်ကို ပူလောင်စေ ခါးဖြစ်စေ၏။ စေတနာက ဝေဒနာတွေဖြစ်ခဲ့ပြီးနောက် ကိုယ်က မသေ ချင်စလိုက်မိတာသည် မရည်ရွယ်ဘဲ ဒဏ်ရာဒဏ်ချက်တွေ ဖြစ်စေ သတဲ့လား။

အဲဒီအတွက် ...

ကိုယ် ဘာတွေပေးဆပ်သင့်သလဲ။ ဘာပဲပေးဆပ်ရ ပေး ဆပ်ရ အဆင်သင့်ပဲမို့ ...

"ရိပ်"

"ရှင် ဘာမှထပ်မပြောနဲ့၊ ရှင်နဲ့ကျွန်မကြားမှာ ဆက်ရန်မရှိ တော့ဘူး ကိုစ်နိုင်သေးလား။ အဲဒီတော့ ... ရှင် ကျွန်မအိမ်ကနေ ခု ထွက်သွားပါ"

"ကိုယ့်ကို မနှင်ပါနဲ့ ရိပ်ရယ်၊ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်လုပ်ရပ်တွေ မှားမှန်း ကိုယ် သိပါ တယ်ကွာ၊ ခါချဉ်ကောင်ကြောင့် အပြီးထားတဲ့ စူဠသုဘဒ္ဒါလိုတော့ ကိုယ့်အပေါ် မရက်စက်ပါနဲ့၊ ကိုယ် ရိပ်ကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါ"

"မကြားချင်ဘူး ... မပြောနဲ့"

ရိပ် နားနှစ်ဖက်ကို ပိတ်ပြီး အော်ပစ်လိုက်၏။ ပြီးမှ ...

"ပုတေး ... ပုတေး ... သူ့ကို ဘယ်သူဝင်ခွင့်ပေးလိုက် တာလဲ၊ ထွက်သွား ... ထွက်သွား"

"ရိပ်"

"မေမေကိုယ်တိုင် ဝင်ခွင့်ပေးလိုက်တာပါ သမီး"

"ဟင်"

မေမေကိုယ်တိုင် ဝင်ခွင့်ပေးလိုက်တာတဲ့။ ရိပ့်ရင်ထဲက







www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာဒဏ်ချက်တွေကို သိပေမယ့် ဒဏ်ရာတွေပေးသွားသူက ဘ
သူလဲဆိုတာ မေမေမှမသိဘဲလေ။ နာပြီးရင် နာတာက ဘာနဲ့မှ
လို့မရ။ တောင်းပန်တိုင်းသာ ပြေကြပျောက်ကြမယ်ဆိုရင် လူမိုက်အ
ပေးပဲ ဖြစ်သွားမှာပေါ့။

ပြီးတော့ . . .

အက်ကြောင်းရာထင်သွားတဲ့ နှလုံးသားက ပြန်ချုပ်လို့
သလို ပြန်လက်ခံဖို့ဆိုတာလည်း ဘယ်လိုမှ လက်မခံနိုင်လော
အောင် သူ့မျက်နှာကို မကြည့်ချင်, မမြင်ချင်တော့တာ။ ပြည့်ဖုံးက
ချခဲ့ပြီးပြီပဲ။ နောက်ကြောင်း ပြန်ရစ်ရအောင် ကိုယ့်အဖြစ်က ဗီဒီ
အခွေမှမဟုတ်တာ။

"ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာ
သမီးရယ်၊ အခု သူက သူမှားပါတယ်လို့ တောင်းပန်နေပြီပဲ"

"ဟင့်အင်း . . . သမီး မကျေနိုင်ဘူး မေမေ၊ ကွဲအက်သွ
တဲ့ သမီးနှလုံးသားက ပန်းချီကားထဲက စုတ်ချက်စေရာ ဆေးစက်
မဟုတ်တာ၊ အရာအားလုံးကို သမီး သူနဲ့ပတ်သက်သမျှ ပြည့်ဖုံးက
ချခဲ့ပြီးပြီ၊ ကလေးတွေကို နောက်ပြန်လှန်ရင် ဘုတ်ဆိုတာမျိုး၊ တအ
ထဲမှာ အရုပ်ဝှက်တမ်းကစားခဲ့တာလို့ပဲ သမီး သတ်မှတ်ခဲ့ပြီးပြီ"

"ကိုယ် လက်မခံနိုင်ဘူး ရိုပ်၊ မင်းနဲ့ကိုယ် လမ်းခွဲခဲ့ကြတာ





မဟုတ်ဘဲ၊ ကိုယ်ထွက်သွားခဲ့တာ ရည်ရွယ်ချက်တွေ ရည်မှန်းချက်တွေနဲ့"

"အဲဒါ ရှင့်အပိုင်းပဲ ကိုစစ်နိုင်သွေး၊ ကျွန်မဘက်ကတော့ ပြတ်ပြီဆို ဘယ်တော့မှ ဆက်ထုံးရာ အထင်မခံဘူး"

ပြောရက်လေခြင်းလို့ ရင်ထဲမှာ ဖြစ်တည်သွားတာ စူးရူးနင့်နင့်ပါ။ ဆက်ထုံးရာ အထင်မခံဘူးတဲ့လား။

"အဲဒီလို တီခနဲဖြတ်ချရအောင် ကိုယ်က ကြိုးတစ်ချောင်း မဟုတ်ဘူး ရိုပ်၊ ကိုယ် ရိုပ်ကိုချစ်တယ်၊ ဟိုတုန်းက ချစ်သလို အခုလည်း ချစ်တယ်၊ နောင်လည်း ချစ်နေဦးမှာပဲ၊ ကိုယ်မှားခဲ့တာအတွက် ဘယ်လိုပဲ ပေးဆပ်ရ၊ ပေးဆပ်ရ"

"ရှင် ပေးဆပ်ချင်တိုင်း ကျွန်မ ယူမယ်ထင်လို့လား၊ ကျွန်မ ပေးတာကိုပဲ ရှင်ယူရမယ်၊ လက်ခံနိုင်အောင်သာ ရှင်ကြိုးစားထား"

ပြောပြီး ချာခနဲ လှည့်ထွက်သွားလေတော့ . . .

"ဟဲ့ . . . သမီး"

မိခင်ခေါ်လိုက်တာပင် မရပေ။ နွေရိပ်သွင်ဆိုတဲ့ မိန်းမရဲ့ စိတ်က အဲဒီလိုလေ။ ရေမှန်ရေမွှားများလို ခြောက်ပြီးသား ပြန်စိုစေလုပ်ဖို့ ကောက်ယူလို့မရ ခွာယူလို့မရ ဖြစ်တည်သွားတာမျိုးပဲပေါ့။

♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"သိပ်ပြီး ခေါင်းရှုပ်ခံမနေစမ်းပါနဲ့ နွေရိပ်ရယ်၊ နင် သူ့ကို ပြန်ပြီး လက်မခံနိုင်ဘူးမို့လား၊ နောက်ပြန်မလှည့်ချင်ရင် ရှေ့တိုးဖို့ ရှိတယ်၊ နင် ပိုင့်ကိုသာ အဖြေပေးလိုက် အေးရော၊ အဲဒါမှ နင့်မှာ ချစ်သူရှိတယ်ဆိုရင် သူ အလိုလို နောက်ဆုတ်သွားလိမ့်မယ်"

မောင်က သူမစိတ်ကူးမိရာ ပြောသလို ဝါပါကလည်း ...

"ဟဲ့ ... ချစ်သူရှိတာ အိမ်ထောင်ရှိတာ မဟုတ်ဘူးလေ မျှော်လင့်ခွင့်ရှိရင် မျှော်လင့်နေဦးမှာပဲ"

"အဲဒီတော့ ဘာလုပ်ရမလဲ"

"ယောကျ်ားသာ ယူလိုက်တော့"





"ဟယ်"

ဝါဝါနဲ့မောင်သာ အခြေအတင် ပြောနေပြီး ရိပ်က ဘာမှ မပြောဘဲ ငြိမ်သက်နေတာ အရုပ်တစ်ရုပ်လို၊ သူမ ဘာဆက်လုပ်ရမလဲ၊ သူတို့ပြောသလို ပိုင့်ကို အသုံးချရမလား။ ဒါလည်း မဖြစ်သေးပါဘူး။ ကျွားကို ကိုယ်က ကစားရင် ကိုယ်ပဲ ကျွားစာပြန်ဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ရှုးရှူးမိုက်မိုက်အရွယ်တွေက ပိုပြီးတော့ ကြောက်ဖို့ ကောင်းသေးတယ်။

မင်းကို ကိုယ် တကယ်ချစ်ခဲ့တာပါတဲ့။

အဟွန်း။

လောကိုမဝယ်ရတိုင်း ပြောတဲ့ပါးစပ်ကို ရွှေချသိမ်းထားဖို့ ကောင်းတာ၊ ဘုန်းကြီးကို ခေါင်းခေါက်ပြီးမှ ကန်တော့ဆိုတာမျိုး လုပ်လို့ရမလား စဉ်းစားနိုင်သွေးရယ်၊ နွေရိပ်သွင်ဆိုတဲ့ မိန်းမကလည်း အင်းဆိုပေမယ့် ကင်းနဲ့တန်တဲ့အဆိပ်ရှိတယ်ဆိုတာ ...

"မိဝါရယ် ... နင်က ပါးစပ်ကပြောတာ လွယ်တာပေါ့၊ ယောကျ်ားယူတာ ဈေးဝယ်သလို ဘယ်ဈေးပေးရ,ပေးရဆိုပြီး ကြိုက်ဈေးပေးပြီး စံဝယ်လို့ ရသလားပြောပါဦး၊ ယူပြီး ပြန်မအမ်းပါ ပစ္စည်းသို့ သေရာပါပေါင်းသွားရမှာကို ပြောလိုက်တာ ထမင်းစားရေသောက် အတိုင်းပဲ ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း တွေ့ရာ့ကြုံရာကောက်ယူဖို့ မပြောပါဘူး"

"ဒါဆို"

"ပိုင့်ကို လက်ခံဖို့ပြောချင်တာ၊ သူ့ခမျာ သနားပါတယ် နွေရိပ်ကို တကယ်ချစ်လို့သာ စိတ်မပျက်ဘဲ တကောက်ကောက်လိုက် ရှာနေတာပေါ့၊ မဟုတ်ရင် သူ့ရုပ်, သူ့ရည်, သူ့အဆင့်အတန်းနဲ့ တော်စမ်းပါကွာ ... ရမလားလို့လိုက်တာ မရနေပေါ့၊ သူ့ထက် သာတာတွေ အများကြီးဆိုပြီး ခေါက်သွားမှာ ကျိန်းသေတယ်"

ဒါလည်း ဟုတ်တာပဲလို့ မောင် တွေးမိ၏။ တကယ်ဆို ပိုင်က ထိုင်ငေးချင်စရာကောင်းလောက်အောင် ချောတာ။ ကောင်း လေးတွေ ဝိုင်းနေမှာပေါ့။ ဒါကို နွေရိပ် ပါးရိုက်လည်းမမှတ်။ ပိုင့် ပက်စက်ပြောလည်း မနာနိုင်ဘဲ ရိပ်နောက်မှာ အရိပ်လို ကပ်ပါနေတာ တော်ရုံတန်ရုံ မေတ္တာမျိုးလား။

"အေး ... ဟုတ်တယ်နော်၊ အချို့ဆို ရိပ်ပါးရိုက်ကတည်း က နောက်ထပ် အနားကပ်လာမှာ မဟုတ်တော့ဘူး။ နင် ပိုင့် ဖွဲ့ဆုတော့ ပေးသင့်တယ် ရိပ်"

"ဖွဲ့ဆုပေးရအောင် ဒါ အပြေးပြိုင်နေတာမှ မဟုတ်တာ"

"ဒါဆို ... နင် စစ်နိုင်သွေးအပေါ် စိတ်မကုန်"

"တော်တော့ ... နင့်စကား ဒီမှာတင်ရပ်"



အသံမာမာနှင့်အတူ ရင်ခွင်ထဲက ခေါင်းအုံးကိုပါ ဆွဲဖယ် လိုက်ပုံက ဖြစ်နိုင်ရင် ထပဲရိုက်တော့မည့်ပုံ။

"ဘာလဲ ... နင်က ဟိုလိုမဟုတ်၊ ဒီလိုမဟုတ်နဲ့၊ ဒီမှာ နွေရိပ်"

ပါးစပ်က မထူးပေမယ့် မျက်လုံးက ကြည့်လာတော့ ...

"မိန်းမသားဆိုတာ ဘယ်လောက်ပဲ ကြံ့နိုင်ပါစေ အရေးကြုံ တာရင် လက်တွဲဖြေရှင်းဖို့၊ ကိုယ့်ဘဝကို လုံခြုံမှုပေးဖို့ ရင်ခွင်တစ်ခု တော့ လိုကိုလိုတယ် နွေရိပ်ရဲ့"

"နင်ပြောပုံက မိန်းမတစ်ယောက်ဘဝမှာ ယောကျ်ားယူခြင်း အလုပ်ကို မဖြစ်မနေ လုပ်ကိုလုပ်ရမယ်ဆိုတာမျိုးကြီးပါလား"

"အဲဒီလို မဟုတ်ဘူးလေ"

"မဟုတ်လည်း ဟုတ်နေသလိုပဲ"

"ကျွတ်"

စကားပြောရတာ လက်ပေါက်ကတ်လိုက်တာလို့ ရိပ်ကို စိတ်ပျက်မိကြ၏။ သူတို့က သူတို့အမြင်နဲ့သူတို့ ရိပ်ကလည်း ရိပ်အမြင် နဲ့ ရိပ်လေ။ မိန်းမသားတစ်ယောက်ဘဝမှာ ယောကျ်ားဆိုတာ မရှိမဖြစ် ပိုင်ဆိုင်ရအောင် သူတို့ရင်ခွင်က အိမ်တစ်လုံးမှ မဟုတ်တာ။ ကျွေးချ ထားနေရာနဲ့ စားစရာရပြီဆိုရင် ကျွန်တာက အသေးအမွှားကိစ္စတွေပဲ

www.burmeseclassic.com

ဥစ္စာ။ ကမ်းပေးတဲ့လက်တိုင်းက မကြမ်းသလို၊ နုနေမှာမဟုတ်ဘူးဆို
တာလည်း သိထားတော့ ...

"လောကမှာ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်သွားတဲ့ မိန်းမ
တွေ အများကြီးပါ"

"တူတော့ မတူဘူးမို့လား"

"ဝါဝါ"

"..."

ဆင်ကြည့်ကြည့်လိုက်တော့ အသံတိတ်သွားတာ ခဏသာ
ဖြစ်နေချိန်မှာ ...

"ဘာများကွာခြားလို့လဲ"

"အသက်ကြီးလာရင် ဆေးပေးမီးယူဆိုတာ ရှိသင့်တာပေါ့"

"ဘာမှမလိုဘူး၊ အဲဒီအချိန်ရောက်ရင် သာသနာ့အရိပ်မှာ
ငါ ခိုလိုက်မယ်"

"အဲဒါဆို နင် ဟိုစကားဘောင်ထဲ ထိထိမိမိဝင်သွားမှာ
နွေရိပ်ရဲ့"

ဒီတစ်ခါ ပြောလိုက်သူက မောင်ဖြစ်ပြီး ပြောစရာရှိတာ
ပြောမှာပဲ ဆိုသည့်ပုံ။

"ဘယ်စကားဘောင်ထဲ ဝင်မှာလဲ"



"မကောင်းကျောင်းပို့ဆိုတဲ့စကား"

"အဲဒါ ဟုတ်တယ် ... အို၊ နာ၊ ကျိုးကန်းဖြစ်မှ သာသနာ့
အရိပ်ခိုရင် မကောင်းကျောင်းပို့ပဲ ဖြစ်မှာပေါ့"

"ကျွတ်"

နွေရိပ် တကယ်ကိုပဲ စိတ်ပျက်မိပါ၏။ ကိုယ်ဆင်ခြေပေး
တိုင်း သူတို့မှာ ချေဖျက်ဖို့ စကားလုံးက အဆင်သင့်ရှိနေတာလေ။
သူတို့ကပဲ ကပ်တာလား၊ ကိုယ်ကပဲ တကယ်မှားနေတာလား။ လော
ကမှာ လူတိုင်း အချစ်နဲ့ မကင်းကြသလို အသည်းကွဲတဲ့လူတွေလည်း
အနှံ့ဒေးဆိုတာ သိတော့ သိသားပေါ့။ နွေရိပ်ကျမှ ပိုပြီးနာတတ်နေတာ
အစွဲအလမ်းကြီးမှုကြောင့်လားတော့မသိ။

စစ်ဆိုရင် ...

ကိုယ့်ခြေဆစ်လက်ဆစ်တောင် မကြည့်ချင်လောက်အောင်
နာခဲ့တာ ဟိုအရင်က သိပ်ချစ်လို့ပဲလေ။ အချစ်တွေ လုံးပါးပါးပြီး
စိတ်သုဉ်းသွားပြီဆိုတော့ အသံမကြားချင် မျက်နှာမမြင်ချင် ပြန်ပြီး
စိတ်လည်ဖို့ဆိုတာ ဝေလာဝေးစွ မြင်လိုက်ရတော့ မျက်နှာကိုပြေးပြီး
ကုတ်ဖဲ့ပစ်ချင်စိတ်ပေါက်တာ။

"နွေရိပ်"

"ငါ့ကို စိတ်တိုအောင်မလုပ်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း ပြန်တော့မှာပါ၊ မပြန်ခင် အဆုံးသတ်စကားလေး ပြောခဲ့မလို့"

"ပြော … ပြော … ပြောချင်တာသာ ပြောကြတော့၊ တကယ်ပဲ ငါ့ကို စိတ်တိုအောင်လုပ်နေတာ"

"အေး … ပြောချင်တာက နှင် ပိုင့်အချစ်ကို လက်ခံရင် လက်ခံ၊ လက်မခံရင် စစ်နိုင်သွေးကို ချစ်နေသေးလို့ပဲ၊ ပြောချင်တာက အဲဒါပဲဟေ့ … သိပြီလား"

"ဘာ"

နွေရိပ် လှမ်းရိုက်ဖို့ လက်ရွယ်လိုက်စဉ်မှာပဲ ဝါဝါနဲ့မောင်က ထပြေးကြလေတော့၏။

ဒီကောင်မတွေ …

ဘာကြောင့်များ ဟိုကောင်လေးဘက်က ရပ်တည်နေကြပါ လိမ့်ဆိုပြီး နွေရိပ် လှမ်းအော်ပြောလိုက်သည်မှာ …

"ဒီလောက်တောင်ဖြစ်နေရင် ကိုယ်ကြိုက် ကိုယ်ယူကြဟေ့"

♥



## အခန်း (၁၆)

ပိုင် စာအုပ်တိုက်ထဲမှ 'မ' ထွက်အလာကို မျက်ခြည်မပြတ် နှင့် စိတ်ရှည်လက်ရှည် စောင့်နေလိုက်၏။ ချစ်တော့လည်း စိတ်က အလိုလိုကိုပဲ ရှည်ပြီးရင်ရှည်။ ကိုယ့်ကိုယ်ကိုယ် ပိုင် ဒီလောက်ချစ် ဒတ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့။ သူများတွေ အသည်းကွဲ ပြီဆို သူ လှောင်တောင် လှောင်ခဲ့သေးတာလေ။

ကိုယ့်အလှည့်ကျတော့မှ …

'မ' ကို တစ်နေ့ မတွေ့ရမနေနိုင်၊ စားမဝင် အိပ်မပျော်ဖြစ်တဲ့ အထိ၊ ဒီရောဂါက ကုရန်နတ္ထိ ဆေးမရှိ … ဆိုတာ တကယ်ပိုးမွှား ဝက်ကို ဟုတ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်"

"ဗျာ"

"ထိုင်စောင့်ရတာ ပျင်းနေပြီလား"

ကိုစောဝေက သူရောင်းတဲ့စာအုပ်တွေထဲက စာအုပ်တစ်အုပ်ကို ညွှန်းယူရင်း ပြောလေတော့ ...

"ကိုကြီးစောကလည်း ကိုယ်ချစ်တဲ့သူကို စောင့်ပါတယ်ဆို မှ ပျင်းစရာလားဗျ။ ပျော်လွန်းလို့ ရင်ခုန်သံတွေက အမြဲတမ်း တဒုန်ဒုန်း တဒိုင်းဒိုင်းတောင် ဖြစ်နေတာ"

"ဟေ ... အေး ... အမြန်လွန်ပြီး ရပ်လည်းသွားဦးမယ် သိလား။ ငါက ပျင်းနေရင် စာအုပ်ဖတ်နေပါလားလို့ ပြောမလို့"

"ခင်ဗျား စာအုပ်ဖတ်နေလို့ ဘယ်ဖြစ်မှာလဲ၊ စာဖတ်နေတုန်း တော်ကြာ မမြင်လိုက်မှ ဟုတ်ပေဖြစ်နေဦးမယ်"

"အဖြစ်ကလည်း သဲပဲ့"

ယောက်ျားကြီးတန်မဲ့ ကိုစောဝေ မဲ့ရွဲ့ပြောတော့ ပိုင်က ... လေသည်။ ပြီးမှ ...

"လူပျို့ကြီး ကိုယ်ချင်းမစာမပြောနဲ့နော်ဗျ"

"စာပါတယ်ကွာ ... စောင့် ... စောင့်"

စကားသံတွေ တိတ်ဆိတ်သွားပြီး ကိုစောဝေက စာ...





တစ်အုပ်ကို ဖတ်နေသလို ပိုင်က 'မ' ထွက်လာမယ့်နေရာကိုပဲ တကြည့်ကြည့်။ ဒီရောဂါက တော်တော်ဆိုးပါလား။ ညဘက်ဆိုလည်း သက်မဲ့ ဆံချည်တစ်မျှင်လေးကို ကြည့်ပြီး 'မ'ကိုပဲ သတိရနေမိဘာ။ နေ့ဘက်ကျတော့ မ,နောက်ကို တကောက်ကောက်လျှောက်လိုက် ... ဟုတ်တော့ ဟုတ်နေတာပါပဲ။

ရေစက်ရှိလို့ ဆုံကြတယ်ဆိုရင်လည်း ...

ရေစက်ရယ် 'မ' နဲ့ ကျွန်တော့်ကြားက ရေစက်တွေ ဘယ်တော့မှ ခန်းခြောက်မသွားစေဘဲ မြန်မြန်အဆင်ပြေအောင် မေတ္တာမိုးတွေ အဆက်မပြတ် ရွာသွန်းပေးပါ။

"ဟော"

ချစ်တဲ့မျက်စိက လျင်တာပေါ့။

"မ"

အရိပ်ကလေး မြင်လိုက်တာနဲ့ 'မ'ဆိုတာ သိပြီးဖြစ်ကာ ...ရပ်လိုက်မိ၏။

"လာပြီလား"

"လာပြီ ... ကျွန်တော် သွားတော့မယ်"

"အေး ... မင်းရောဂါက ဝက်ရူးပြန်ထက် ဆိုးတယ် ... ... သွား"



www.burmeseclassic.com

www.burmeseclassic.com



ဝက်ရှူးပြန်ပဲပြောပြော၊ ခွေးရူးပြန်ပဲပြောပြော ပိုင် ဂရုမစိုက်နိုင်။ အရေးကြီးတာက 'မ' မျက်စိအောက်ကနေ ပျောက်သွားမှာ စိုးတာလေ။

"မ"

"…"

ဖျတ်ခနဲ တစ်ချက်သာကြည့်ပြီး ပြန်လှည့်သွားတဲ့ မျက်နှာ တင်းသွားမယ်ဆိုတာ သေချာအောင် လိုက်ငုံ့ကြည့်ဖို့မလိုပေ။ လ ထဲမှာ ကြွပ်ကြွပ်အိတ်နဲ့ထည့်ပြီး စာအုပ်အချို့ဆွဲလာတာမို့ …

"ဘာတွေလဲ စာအုပ်တွေလား … ကျွန်တော့်ကိုပေး ကျွန်တော် ဆွဲခဲ့ပေးမယ်"

"မလိုဘူး"

"ဘာလို့မလိုရမှာလဲ … 'မ' လက်နုနုလေးနာမှာ ပြောတာကို"

ပြောရင်း အိတ်ကိုဆွဲယူတော့ နွေရိပ် အလိုက်သင့်လွှတ် လိုက်၏။ ဒီလိုသွားရင်းလာရင်း လမ်းမှာ အချေအတင်ဖြစ်မနေ ပါဘူး။ မပေးရင်လည်း ဒီကောင်လေး ရအောင်ယူမှာက ကျိန်း လေ။ ကိုယ် သက်သာတယ် ယူပစေပေါ့။ နွေရိပ်မျက်နှာ ခံ တင်းနဲ့ ဆက်လျှောက်နေတဲ့ ခြေလှမ်းတွေရဲ့နောက်မှာ သူက တ





ကိုပဲ အရိပ်တစ်ခုလို။

နွေရိပ် …

ကိုယ့်ကားအနားရောက်လို့ တံခါးဖွင့်ပြီး တက်လိုက်တော့ ပိုင်တာလည်း တစ်ဖက်က တံခါးကို ဖွင့်ပြီးတက်လေလျှင် …

"ဒီမှာ"

"ပိုင်လို့ခေါ်ပါ 'မ'ရဲ့"

"မင်းကို ဘယ်သူက ကားပေါ်တက်ခွင့်ပြုလို့လဲ၊ အထုပ် ပေးခဲ့ … ပြန်ဆင်း"

"မဆင်းဘူး။ 'မ' ကျွန်တော့်ကို ပြေပြေလည်လည် မဆက် ဆံရင် ကျွန်တော်လည်း ဖွတ်တရွတ်ဆန်နေမှာပဲ"

"ဘာ"

"ကျွန်တော့်ကို 'မ' ဘာလို့ ခါးခါးသီးသီးဖြစ်နေတာလဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ၊ ရှိရင်ပြော … ကျွန်တော် အားလုံး ပြုပြင်လိုက်မယ်"

"မင်းဟာမင်း ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး"

"မ"

ပိုင် တကယ်ပဲ အံ့ဩရပါ၏။ ဒီလောက်လှပြီး နုဖတ်နေတဲ့ ကောင်မလေးက စိတ်ခါတ်ကျတော့ မာကျောပြတ်သားလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



လွန်ရောပါပဲ။ မရဲ့အတိတ်အကြောင်းတွေက ဘယ်လောက်ဆိုးရွားပြီး ဘာတွေဖြစ်ခဲ့လို့ ဒီလိုယောကျ်ားတွေအပေါ် မုန်းတီးနာကြည်းနေ တာလဲ သိချင်လိုက်တာ။

အဲဒီလူ ဘယ်သူလဲ။

'မ'ကို နာကျင်အောင် ဘာတွေလုပ်ခဲ့လဲ တွေ့ချင်သိချင်လိုက် တာ။ တကယ်သာတွေ့ရင် 'မ' ယောကျ်ားတွေကို မုန်းအောင် အမုန်း ဆေးဖော်တဲ့လူဆိုပြီး ဆွဲထိုးမိမလား မပြောတတ်။

"ကျွန်တော် တောင်းပန်ပါတယ် 'မ'ရယ်၊ 'မ' ကျွန်တော် ကို အဲဒီလို စိမ်းစိမ်းကားကားကြီး မဆက်ဆံပါနဲ့၊ ကျွန်တော် မခံစား နိုင်ဘူး"

"သေလိုက်"

တစ်ခွန်းက တစ်ခွန်း ရောက်ရားပြောလိုက်တာ ပိုင့်ရင်ဝ မားနဲ့ထိုးလိုက်သလိုပါပဲ။

"မ ... ကျွန်တော့်ကို တကယ်သေစေချင်တာလား"

"မင်း ကားပေါ်က ဆင်းမှာလား၊ မဆင်းဘူးလား။ ပြော"

"ကျွန်တော်မေးတာကိုပဲ ဖြေစမ်းပါ"

"ဟုတ်တယ် ... သေစေချင်တယ်"



နွေရိပ်ပြောလိုက်တော့ ပိုင် မျက်နှာကွက်ခနဲပျက်သွားလေ သည်။ ကိုယ်က သေစေချင်တယ်ဆိုတော့ရော သူက သေပြမှာမို့လို့ သား။ လောကမှာ လူတိုင်း ကိုယ့်ကိုယ်ကိုယ် ဘယ်သူကများ သူများ ကို ပိုချစ်ကြလို့လဲ။

မိဘတွေ သားသမီးကို အချစ်ဆုံးဆိုတာတောင် ...

ပညာရှိတွေက ကန်ထဲမှာ မျောက်သားအမိကိုထည့်ပြီး မ်းသပ်ခဲ့ကြတာပဲလေ။ အချစ်ကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေ ယ်ဆိုတဲ့လူ ရှိတော့ရှိတယ် ရှားလွန်းလို့ တစ်ထောင်မှာတစ်ယောက် န်းတောင် မရှိခဲ့ဘူးပဲဥစ္စာ။

"ကောင်းပြီ ... ကျွန်တော် 'မ' ရှေ့မှာပဲ သေပြမယ်၊ ကျွန် တော် 'မ' ကို အရမ်းချစ်တယ်၊ 'မ' စေလိုရာစေ ဖြစ်စေချင်ခဲ့ပေမယ့် သဆိုတော့လည်း"

ပိုင် ချက်ချင်းပဲ ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းလိုက်တော့ နွေရိပ် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ ဒီကောင်လေးက တဖောက် န်း တစ်ဖွတ်ထိုးလေးလားမသိဘူး။ ကားလမ်းကို ဖြတ်ကူးပြီး တိုက်ခံမလို့လား။ တကယ်လုပ်ရင် ဒုက္ခလို့ တွေးမိပြီး အေးအေး ဆေး မနေနိုင်တော့ပေ။ အချို့က အချစ်အတွက် မိုက်ရူးရဲဆန် တ်ကြသည်ဆိုတော့ တကယ်မလုပ်ဘူးလို့ မပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



နွေရိပ် ...

ပျာပျာသလဲ ကားပေါ်က ဆင်းလိုက်ပြီး ...

"ပိုင်"

နွေရိပ် အပြေးအလွှားလိုက်ပြီး သူ့ရှေ့မှ ပိတ်ရပ်လိုက်ရင်း ဘယ်လောက်ပဲ မာကြောခက်ထန်ပါတယ်ပြောပြော မိန်းမက မိန်းမ ပဲလေ။ မိန်းမသားဆိုတာ ကြင်နာတတ်သော နှလုံးသားရှိသူတွေ

"မင်း ဘာလုပ်မလို့လဲ"

"သေမလို့"

"ရူးနေလား ... မင်း"

"ဟုတ်တယ်"

"လာစမ်း"

"ဟ ... ဟ"

ဘေးကမြင်တဲ့လူတွေ ... ဟ ... ဟဖြစ်ကုန်အောင် နွေရိပ် စိတ်တိုတိုနှင့် ပိုင့်လက်ကို မရမက ဆွဲခေါ်နေတာလေ။ ပတ်ဝန်းကျင် က ဘယ်လိုမြင်ကြလို့လဲတော့ မသိပါဘူး။ စကားသံတွေ ထွက်လာ သည်က ...

"ပြောင်းပြန်ဖြစ်နေပြီဟ"

"ဟိုကောင် ... မိန်းကလေးက ဆွဲခေါ်နေတာကို လိုက်



သွားလေ၊ မူမနေနဲ့ ရရင်ယူထားလိုက်၊ ဒီလောက်ထိုင်ဝေးနေချင် ရာ ကောင်းတာလေးကို"

"ဆွဲ ... ဆွဲ ... ရအောင်ဆွဲ"

ဘေးကအသံတွေကြောင့် နွေရိပ်မျက်နှာလေး ရဲခနဲဖြစ် သွားပြီး ...

"တောက်"

"မ"

"အဲဒါ မင်းကြောင့် အပြောခံရတာ"

မထင်မှတ်ဘဲ ဆောင့်တွန်းခံလိုက်ရတော့ ပိုင် ယိုင်ခနဲဖြစ် သွားလေ၏။ လက်စနှင့် ကားထဲသို့ ပြန်ဝင်ထိုင်ကာ ...

"မ,ပဲ ကျွန်တော့်ကို သေစေချင်တယ်ဆို ... အဲဒါကြောင့် မ ကျေနပ်အောင် 'မ' ရှေ့မှာ သေပြမလို့ဟာ"

"အေး ... သေချင်ရင် မင်းဟာမင်း ကြိုက်တဲ့နေရာမှာ သွားသေ၊ ငါ့ရှေ့မှာတော့ မသေနဲ့"

"ဘာလဲ မကြည့်ရက်ဘူးလား"

မေးလိုက်ပုံက စပ်ဖြဲဖြဲမျက်နှာနှင့်မို့ ...

"ကြည့်ရက်တယ် ... ငါ့ကို အမှုပတ်မှာစိုးလို့ပြောတာ"

ပိုင်မျက်နှာ ပြန်တည်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ရပါတယ်၊ မ . . . ကျွန်တော့်နာရေးသတင်းကိုသာ စောင့်ပြီး နားထောင်နေလိုက်"

"ဟင်"

နွေရိပ်အကြည့်က ပိုင့်မျက်နှာပေါ်မှာ စူးနစ်သွားလေ၏။ ဒီကောင်လေး သူမကို အကျပ်ကိုင်နေတာလား။ အချစ်ကို အနုကြမ်းစီးတာမဟုတ်ဘဲ အေးအေးပြတိုက်နေတာကိုက ကြောက်စရာကောင်းတာ။ ကိုယ့်အသည်း တစ်ခါကွဲဖူးလို့ သူများကို ပြန်ခွဲကြည့်ရအောင်ကလည်း ဘာအရသာမှ မတွေ့နိုင်။

အဆင်မသင့်ရင် . . .

ဒီကောင်လေး ဖြတ်တရွှတ်ဆန်ပုံမျိုးနဲ့ ကိုယ်ပါတောင် ဒုက္ခရောက်နိုင်တာမျိုးလေ။ မိန်းမသားဘဝဆိုတာ စက္ကူဖြူလေးတစ်ရွက်လိုပါပဲ။ စက္ကူပေါ်ကို မှင်ရည်ကျရင်လည်း စက္ကူစွန်းသလို မှင်ရည်ပေါ် စက္ကူကျလည်း စက္ကူပဲ အစွန်းအထေးနဲ့ သိက္ခာတွေ မှေးမှိန်တတ်သည်မဟုတ်လား။

"မင်း ထင်ရာတွေလျှောက်မလုပ်နဲ့နော် ပိုင်"

"လုပ်မှာပဲ"

"ဘာ"

"မလုပ်စေချင်ရင် 'မ' ကျွန်တော့်အချစ်ကို လက်ခံပေးပေါ့"



"နှင် . . . ငါ့ကို ဒုက္ခပေးဖို့ လူဖြစ်လာတာလား ပိုင်၊ ငါ ပြောခဲ့ပြီးပြီပဲ၊ ငါ့ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသား မရှိတော့ဘူးလို့"

"ဘာလို့မရှိရမှာလဲ . . . 'မ' ရင်ထဲမှာ နှလုံးသားရှိတယ်၊ နှလုံးသားရှိရင် ချစ်တတ်ရမယ်"

"ကျွတ်"

စိတ်ပျက်စွာ နွေရိပ် ခေါင်းခါလိုက်မိ၏။

"ကျွန်တော် 'မ' ကို အရမ်းချစ်တယ်၊ 'မ' ဆီက အချစ်ကို ရမချင်း ဘာပဲလုပ်ရလုပ်ရ ရနိုင်အောင် ကြိုးစားနေမှာပဲ"

"မင်း ငါ့ကို တရားခံဖြစ်အောင် မလုပ်စမ်းပါနဲ့"

"တရားလိုကျေနပ်အောင် ချစ်တယ်လို့ပြောလေ"

"နှင်နော်"

"မ"

"အင်"

ပိုင့်လက်တစ်ဖက်က ကားမှန်ကို တင်လိုက်ပြီး ကျန်လက်တစ်ဖက်က နွေရိပ်ခါးလေးကို ဖက်လိုက်လေလျှင် နွေရိပ်ကိုယ်လေး တောင့်ခနဲဖြစ်သွားလေ၏။ ယောကျ်ားလေးတွေနဲ့ တတ်နိုင်သမျှ ကင်းအောင်နေခဲ့တာ ကြာပြီပဲဥစ္စာ။ ခုလို ခါးကို အဖက်ခံလိုက်ရခြင်းအတွက် ရှက်ဒေါသဖြစ်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တာလဲ . . . ဖယ်စမ်း"

"ပြောလေ . . . ချစ်တယ်လို့"

သူက တိုးလို့ဖက်ရင်း နွေရိပ်ဘက်က ကားမှန်ကိုပါ လှမ်းတင်လိုက်ပြီးနောက် နွေရိပ်ပါးပြင်ပေါ်သို့ အနမ်းဆင့်ဆင့် ခုန်ပေါက်ကျဆင်းလေလျှင် . . .

"လွှတ် . . . လွှတ်စမ်း"

နွေရိပ် တွန်းထိုးရုန်းကန်ကာ သူ့လက်က နည်းနည်းလွှတ်တာနှင့် . . .

"ကဲ"

"ဖြန်း"

ဒါနဲ့ဆို သုံးကြိမ်တိုင်တိုင် ပါးရိုက်ခံရတဲ့အထဲမှာ ဒီတစ်ခါ အရိုက်ခံရခြင်းသည် အထန်ဆုံးပါပဲ။ ပါးတစ်ဖက်နဲ့ အနမ်းဆက်ဆက်ကိုလည်း ယူလိုက်ရတာပဲလေ။

♥

## အခန်း (၁၇)

♬ ငယ်သေးတဲ့အချစ်မို့ မလေးစားတာလားပြောပါ ××× ကျွန်တော် သိပ်ချစ်တတ်တာ ကျွန်တော်သာအသိပါ ××× လိမ်ပြီးပြောတတ်တာ ကလေးလေးဘဝကတည်းကပါ ××× မမနားလည်ညှာပါ ×××

ဒီသီချင်းက မမနဲ့မောင်ဇာတ်လမ်းလေးတွေ ရှိနေသရွေ့ ဘယ်တုန်းကမှ ရိုးသွားသည် မရှိခဲ့ပေ။ ဟိုတုန်းကတော့ အဲလက်စ်ဆိုသားတာဖြစ်ပြီး ခုတော့ ရဲရင့်အောင်ပေါ့လေ။ အခု ပိုင်က အဲလက်စ်လို ဆိုနေတာပါ။ အစကတည်းက ဂစ်တာနဲ့ သီချင်းကို ချစ်မြတ်နိုးသူမို့ သူများကောင်တွေလို ဆိုရပြီးရော အော်ချင်တိုင်း အော်နေတာ

မဟုတ်ပေ။

♫ ဆုတောင်းကောင်းတဲ့ မရဲ့အလှများထဲမှာ ××× ကျွန်တော် လဲကျတော ကျွန်တော်သာအသိပါ ညတိုင်းပဲ 'မ'ကို အိပ်ပျက်ခံပြီး လွမ်းတော ××× ကျွန်တော့်ရဲ့အချစ်ကို သနားပါဗျာ

စားမရအိပ်မရ ××× အချိန်တွေထဲ ××× သွေးအားနည်း ပိန်လာပြီ မရယ် ××× 'မ' မချစ်လို့တော့ သေနိုင်တယ် ××× အပို မဆိုဘူး ယုံတော့ကွယ် ××× 'မ' မှ မချစ်ရင် ဘဝပျက်သွားနိုင် တယ် ×××

ဟုတ်တယ် ×××

'မ'မှ မချစ်ရင် ဘဝပျက်သွားတယ် ×××

သီချင်းသံကြားတာကြောင့် နိုင် သီချင်းသံကြားရာ ခြံထဲ ဆင်းလာခဲ့သည်။ ညီပဲ အေးပါတယ်။ တစ်နေ့တစ်နေ့ အပြင်ထွက် လိုက်၊ ညဘက်ဆို သီချင်းဆိုလိုက်နဲ့ ကလေးလို အပူအပင် ကင်း နေတာ။ ကိုယ့်မှာတော့ ရင်ထဲမှာ ပူလောင်မွန်းကျပ်ခြင်းများနှင့် ချစ်လို့ ကျိုးစယ်တာကို မလည်မဝယ်အတွေးနဲ့ အငြိုးအမျက်ထား မိဖုရားစောလုံလို ကိုယ့်ကို အဆိပ်ခတ်သတ်ဖို့ ကြိုးစားနေရှာသော သလား ရိပ်ရယ်။

တကယ်ဆို •••





ချစ်လို့ စခဲ့တာက စိတ်ဒဏ်ရာ ရစေခဲ့တာတဲ့လား။ ရှုဥသုဘဒ္ဒါ သို့ အစွယ်ကိုတောင်း နာရှောင်းပန်လိုတယ်ဆိုရင်လည်း မင်းကျေနပ် ယ်ဆိုရင် ကိုယ့်အသက်ကို နှင်းဆက်ရဲပါတယ် ရိပ်။ ကိုယ် မင်းကို ဒီလောက်အထိ ချစ်ခဲ့တယ်ဆိုတာကို ယုံပေးပါ။

××× ခံစားချက်ပြင်းလို့ ညညအော်တဲ့သီချင်းသံ ××× အိမ်နီး းချင်းတွေ ငြီးငြင်လို့လား ××× ဘာဖြစ်ဖြစ် 'မ'ကို အချစ်က တစ် က်ကလေး မလျော့ပါ ××× သတ္တိရှိစွာ ချစ်မှာပါ ×××

လှမ်းလာတဲ့ ခြေလှမ်းတွေက ညီနဲ့ နီးကပ်လာသည်နှင့်အမျှ ညီလည်း သီချင်းသံတိတ်သွားပြီး သူ့ကိုလှည့်ကြည့်ကာ •••

"ကိုကို"

"အေး ••• ငါ့ညီက အဆိုကောင်းပဲကွ"

သေးမှာ ဝင်ထိုင်ရင်း ပခုံးကိုလည်း ဖက်ကာပြောလိုက်တော့

"ကိုကို မအိပ်သေးဘူးလား"

"အိပ်မပျော်လို့ပါ ••• မင်းရော"

"ညီလည်း အိပ်မပျော်လို့ ခံစားချက်တွေကို ဖောက်ခွဲနေတာ ကိုရ"

"ဟင်"

ခံစားချက်တွေ ဖောက်ခွဲနေတာဆိုပါလား။ နိုင် ညီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငေးငေးလေး ကြည့်လိုက်မိ၏။ သူကလည်း ခံစားချက်... အကြောင်း ပြောနေတော့ . . .

"မင်းကလည်း ခံစားချက်နဲ့လား။ ဟုတ်လား ညီ"

"အရှယ်ရောက်နေပြီပဲ ကိုကိုရ"

"သိစမ်းပါဦး . . . ဘယ်လိုခံစားချက်မျိုးလဲ၊ ကိုကို့ကို ... ဖွင့်လေ၊ ကိုကိုလည်း မင်းကို ရင်ဖွင့်စရာ ရှိတယ်၊ အပြန်အလှ... နားသောင်ပြီး တိုင်ပင်ကြတာပေါ့ မကောင်းဘူးလား"

"ဟင် . . . ကိုကို့မှာလည်း ခံစားချက်နဲ့လား"

"အင်း"

"ရှိလည်း ကျွန်တော့်လောက်တော့ ပြင်းမယ် မထင်ပါဘူ..."

"ဟ . . . ကိုယ့်အပူမှ ပူမှန်းမသိနဲ့လေကွာ"

လွှန့်ခနဲ ပြုံးလိုက်မိပေမယ့် ပိုင့်ရင်ထဲမှာ မွန်းကျပ်နေ... သူ တကယ်ပဲ 'မ' အချစ်ကို မရနိုင်တော့ဘူးလား။ ကိုယ့်ဘက်... တော့ ရနိုင်တဲ့အထိ ကြိုးစားဖို့ ဆုံးဖြတ်ချက်နှင့်ပါ။ အချစ်က လ... လေ ပြေးလေနဲ့ ဝေးဂနေတာ ကိုယ့်အပေါ် မတရားလွန်းဘူး... ထင်မိ၏။

"ကဲ . . . မင်း အရင်ပြော၊ မင်းရဲ့ခံစားချက်"

"ကိုကိုပဲ အရင်ပြောပါ"





"မင်းက အငယ်မို့လို့ ဦးစားပေးတာလေ၊ မင်း အရင်ပြော ..."

"ကိုကိုက အကြီးပဲ . . . ကိုကို အရင်ပြော"

"မင်း အရင်ပြောပါဆို"

"ကိုကို အရင်ပြောစမ်းပါ"

"ဟား . . . မဲတောင်နိုက်ရမလိုပဲ"

နိုင် ခေါင်းကုတ်ပြီး ပြောလိုက်တာ ဖြစ်၏။ ခံစားနေရတာ ...ည်း အမှန်။ ရင်ဖွင့်ချင်တာလည်း အမှန်ပေမယ့် ဘယ်ကနေဘယ် ...ို စပြောရမှန်း မသိတာချင်းလည်း အတူတူဖြစ်နေတော့ နိုင် သက် ...င်းချလိုက်မိပြီး . . .

"အေးပါ . . . ငါပဲ အရင်ပြောတော့မယ်"

ပိုင် ပြောတော့မယ်ဆိုတော့ ကိုကို ပြောလာမယ့်စကားကို ...စွင့်ရင် ကိုယ် ဘယ်လိုစပြောရမယ်ဆိုတာကိုပါ စဉ်းစားနေမိသည်။

"ကိုကို နိုင်ငံခြားမသွားခင်က ကိုကို့မှာ ချစ်သူတစ်ယောက် ...ခဲ့တယ်၊ သူက အရမ်းချစ်ဖို့ကောင်းတာကွ"

"ဟုတ်လား . . . ညီတောင် မသိရပါလား"

"မလိုအပ်သေးဘူးထင်လို့ မပြောခဲ့တာပါ"

"အခု လိုအပ်လာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခုက မခံစားနိုင်လို့ ပွင့်ထွက်လာတာ"

"အခု အဆင်မပြေလို့လား"

"အဆင်မပြေတာထက် ပိုဆိုးနေတာ"

"အဲ ... စိတ်ဝင်စားလာပြီ ဆက်ပါဦး"

ပြောရင်း ပိုင် ကိုကို့ဘက်သို့ တိုးထိုင်လိုက်၏။ အချစ်အတွက်နဲ့ ခံစားရတယ်ဆိုတော့ ကိုယ်လည်း ခံစားနေရသည်မို့ ကိုယ်ချင်းစာသည်လေ။ အချစ်က သူ့ဘက် ကိုယ့်ဘက် သာတူညီမျှမရှိရင် ဒီလိုပဲ လူကို ဒုက္ခပေးသတဲ့လား။

"တကယ်တော့ အစအနောက်သန့်ခဲ့တဲ့ ကိုကို့ရဲ့အမှားပဲကွာ"

"ဘယ်လို"

"ကိုကို သူ့ကိုချစ်လို့ စလိုက်တာက သူ့နှလုံးသားကို ဒဏ်ရာတွေ ရသွားစေခဲ့တယ်၊ အခု သူက ကိုကို့ကို မုန်းနေပြီလေ ကိုကို ဘာလုပ်ရမလဲ"

"ကိုကိုက ဘယ်လိုစလိုက်လို့လဲ"

"ပြောရရင် အဲဒီနေ့ကို ကိုကို ဘယ်တော့မှမမေ့ဘူး"

နိုင် အတိတ်ရဲ့နေ့ရက်များစွာထဲကနေ သူနဲ့ကိုယ် နောက်ဆုံးတွေ့ခဲ့တဲ့ နေ့ရက်ကလေးကအကြောင်းကို ထုတ်နှုတ်ပြောပြလိုက်





တော့ ...

"အဲဒါ ကိုကိုမှားတာ"

"ဟုတ်တယ် ... ကိုကိုမှားခဲ့တာပါ၊ အဲဒီအမှားအတွက် ကိုကို့မှာ ပြင်ဆင်ချိန်မရတော့ဘူး ထင်ပါတယ်"

"ကိုကို သူနဲ့တွေ့ပြီးပြီလား"

"တွေ့ပြီးလို့ ညစ်နေတာပေါ့"

"ဟို ... ကိုကို နိုင်ငံခြားက ပြန်လာရင် လက်ထပ်မယ်လို့ ပြောတာ သူ့ကိုပေါ့"

"ဟုတ်တယ် ... ခုတော့ ငါ့အိပ်မက်တွေ ငါ့မျှော်လင့်ချက်တွေ သဲထဲရေသွန်ဖြစ်ကုန်ပြီကွာ"

သက်ပြင်းချတာတောင် ပိုင် ချလိုက်တဲ့ သက်ပြင်းက သူ့များတွေထက် အလုံးပိုကြီးနေပြီလားမသိ။ ကိုယ်မှ ညစ်နေသလားမှတ်နေတယ်။ ကိုယ့်ထက် မသန့်တဲ့လူနဲ့ လာတွေ့နေသေးတယ်။ အဖြစ်ချင်းကတော့ မတူဘူးပေါ့လေ။

ကိုယ်က 'မ'ဆီက အချစ်ကို မရသေးလို့ စိတ်ညစ်နေတာ။ ကိုကိုက ရပြီးမှ ဆုံးရှုံးရမယ့်အခြေအနေ။ ဘယ်သူ့နှလုံးသားက ပိုပြီး နာကျင်ခံနေသလဲဆို ကိုယ့်နှလုံးသားက ဝင်ပေါက်မရှိအောင်ကို ဒဏ်ရာကြီးကြီးခံနေလို့ အချစ်ရဲ့အငွေ့အသက်ကို လိုက်မမီလို့



www.burmeseclassic.com

www.burmeseclassic.com



မမိတာပေါ့။

"ဟူး . . . ကိုယ့်အပူထက် တစ်လုံးပိုကြီးနေလား မသိ
ဘူး"

"ဟင် . . . ဘာပြောတာလဲ"

"ညီအကြောင်း ပြောချင်စိတ်တောင် ကုန်သွားတယ်
ပြောတာ"

နိုင် မသက်မသာနှင့် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ပိုင့်ပခုံးကို
လိုက်ကာ . . .

"မင်းလည်း မင်းနဲ့ညီမျှတဲ့ အပူရှိနေတာပဲ မဟုတ်ဘူးလား
ပြောပါဦး ဘယ်ကောင်မလေးက ငါ့ညီလိုလူမျိုးရဲ့အသည်း
ခွဲနိုင်တာလဲ၊ လေးစားလွန်းလို့ ဦးတောင်ညွတ်ချင်တယ်"

"ဦးညွတ်ချင်စရာကောင်းအောင် ဆွတ်လို့ကို မရတာ
ကျွန်တော် 'မ'က ငှက်ပျောသီးမဟုတ်ဘူး ကိုကိုရေ ချူမရ လှဲ
နဲ့ မြင်းမိုရ်တောင်ထိပ်က ကျောက်တုံးကြီးဖြစ်နေတာဗျ"

"ဟင် . . . ဘယ်လိုကြီးလဲ"

"သူက ဘယ်ယောကျ်ားကိုမှ ကြည့်လို့မရအောင် မုန်း
တာ"

"ဘာလိုင်းကြီးပါလား"



"အရိုးကွဲမှ အသည်းစွဲတယ်ဆိုတာ ဒါမျိုးလား မသိပါဘူး
ကိုကိုရာ၊ ကျွန်တော် ပါးရိုက်ခံရတာ သုံးခါရှိပြီ၊ တစ်ခါ အရိုက်ခံရရင်
တစ်ခါ ပိုပိုပြီးချစ်နေမိတာ . . . ဟီး"

"ဟေ"

ပြောရင်း မသက်မသာရယ်လေတော့ ကိုယ့်အပူကို ခဏထား
ပြီး နိုင် ညီအတွက် စိတ်မကောင်းဖြစ်သွားရ၏။ အချစ်နဲ့ ပတ်သက်ပြီး
အကြိုးဖြစ်တဲ့ ကိုယ်တောင် မရင့်ကျက်နိုင်သေးတာ အတွေ့အကြုံ
ရှိတဲ့ ညီက ပိုဆိုးတော့မှာပေါ့။

"မ,ဆိုတော့ မင်းထက် အသက်ကြီးတယ်လား"

"ဟုတ်"

နိုင် သက်ပြင်းသာ ချလိုက်မိတော့၏။

"ပေတစ်သီး ကိုးတစ်သားဆိုသလို ကျွန်တော့်အချစ်က
လည်း သူမှသူ တစ်ပင်တည်း ရင်ထဲက နွယ်ဖြစ်နေတာ"

"ငါ့ထက်ကြီးတဲ့ ဖွတ်က အိမ်ပေါ်အရင်တက်နေတယ်ဆို
တာမျိုးတော့ ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"မင်းရော ငါရော အချစ်ရေး ကံမကောင်းလို့ ပြောတာ
ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင် တွေခနဲဖြစ်သွားပေါ့။ ပြီးမှ . . .

"ဟူး . . . အချစ် . . . အချစ်။ အချစ်က မြစ်ပြင်ကျယ်ကြီး လက်ပစ်ကူးရတာထက် လှကို ပိုပြီး မောပန်းစေတာပဲ"

## အခန်း (၁၈)

"ဟာ . . . တောက်"

နွေရိပ် စိတ်လည်း ပျက်၊ ဒေါသလည်းဖြစ်ကာ တောက် ခေါက်လိုက်မိပေါ့။ ကားက မောင်းနေရင်း ထိုးရပ်သွားတာ ဘာဖြစ်မှန်း မသိဘူးလေ။ အချိန်က ညဖြစ်နေတော့ ပြဿနာပေါ့။ ဒီနေ့ အိမ်မှာ လိုအပ်တာလေးတွေ ဝယ်ခြမ်းနေတာနဲ့ အိမ်ပြန်နောက်ကျသွားတာ။ ဒီနေ့ကျမှ ကားက ဘာဖွဲဖောက်တယ် မသိပါဘူး။

ကားနဲ့ဆိုတော့ ဘာပြဿနာမှ မရှိဘူးလို့ ထင်ခဲ့တာ။

အခု ကားကပဲ ဒုက္ခပေးပြီ၊ ကိုယ်ကလည်း ဘာမှမလုပ်တတ် တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကားပျက်လို့လား။ ဘာကူညီရမလဲ ပြော
လေ၊ ပြင်တော့ မပြင်တတ်ဘူး။ ဖျက်တော့ ဖျက်တတ်ပါတယ်
ဖျက်ပေးရမလား"

"ဟင်"

"ဩော် . . . မင်းကလည်း ကားပျက်တာ မပြင်တတ်ဘူး
ပြင်တတ်တာပဲ ပြင်ပေးမယ်လေကွာ၊ မကောင်းဘူးလား"

"အေး . . . ကောင်းတယ်"

အသံနှင့်အတူ အနားရောက်လာတဲ့ နှစ်ယောက်မှာ ရုပ်
ပြီတီတီတွေ။ ဘယ်လိုပဲ စိတ်ခတ်ကြံနိုင်တယ် ပြောပြော၊ ယောက်
နှစ်ယောက်ဆိုတော့ ကျောထဲမှာ စိမ့်သွားပြီး နွေရိပ် နောက်ဆုတ်
လိုက်တာ ကိုယ်လေးက ကားနှင့် ကပ်သွား၏။

တစ်ဆက်တည်း . . .

စိတ်ထဲမှာ အခုနေများ ပိုင် ရောက်လာရင် ဘယ်လောက်
ကောင်းမလဲလို့ တမ်းတမိလိုက်၏။ အားကိုးမဲ့နေချိန်မှာတော့ အားကိုး
လို့ရမယ့်သူကို သတိရမိတာလေ။ သူငယ်ချင်းတွေပြောသလို မိန်းမ
သားတစ်ယောက်ရဲ့ဘဝအတွက် လုံခြုံနွေးထွေးမှုပေးနိုင်တဲ့ ရင်ခွင်
တစ်ခုက တကယ်ကို လိုအပ်နေပြီလား။

"တော်တော်လှတာပဲ အနီးကပ်ကြည့်တော့ ပိုလို့တောင်



သေးတယ်"

"ကိုက်ဖဲ့စားချင်စရာလေး . . . ဟီး . . . ဟီး"

"မင်းကလည်း မတို့ရက်၊ မထိရက်စရာလေးလို့ ပြောစမ်း
ပါ စိတ်ရဲ့တောင်းဆိုမှုကို လိုက်လျောရမှာတောင် ခပ်ခက်ခက်ပဲ"

"ဟာ . . . မတို့ရက်၊ မထိရက်ဆို ဒီအတိုင်း လှည့်ပြန်ရ
မှာလား။ တို့ချင်ထိချင်လို့မှ အနားကပ်လာတဲ့ဟာကို"

နေနှစ်ကောင် ရှေ့တိုးလာလေတော့ . . .

"ရှင်တို့ မနှောင့်ယှက်နဲ့နော် . . . ကိုယ့်လမ်းကိုယ်သွား"

"ကိုယ်တို့လမ်းက မင်းဆီဖြစ်နေတာလေ"

"ရှေ့မတိုးနဲ့"

"တိုးမှာပဲ"

"ချစ်လို့ပါ ညလေးရဲ့၊ ညလေးက လိမ္မာပါတယ်"

"ရှင် . . . ဘာခွေးစကားပြောတာလဲ"

"လူစကားလေ၊ လူစကားပြောလို့ မင်း နားလည်တာ မဟုတ်
လား၊ လိမ္မာစမ်းပါ"

"လူယုတ်မာတွေ ရှေ့မတိုးနဲ့နော်၊ တိုးရဲတိုးကြည့် ကျွန်မ
အော်လိုက်ရမလား"

"အော်လိုက် . . . အော်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



နွှေရိပ် ကြောက်စိတ်နှင့် ဘယ်ပြေးပုန်းရမှန်းမသိ။ ဒီလူတွေ
က စက္ကူကျားအရုပ် ကျားတွေမဟုတ်ဘူးဆိုတော့ ...

"ဒါမျိုးလေး တစ်သက်လုံး ပိုင်ရရင်တော့ ဘဝအမောတွေ
ပြေသွားမှာပဲ ... ဟဲ ဟဲ"

"ဟေ့ကောင် ... ဘာလျှာရှည်နေတာလဲ၊ လုပ်စရာရှိတာ
လုပ်တာ မဟုတ်ဘူး"

ဘုရားသာတပြီး နွှေရိပ် ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ကား
တစ်စီးက သူတို့အနားမှာ ရပ်သွားပြီး ဆင်းလာသူက ...

"မ"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"ပိုင်"

အားကိုးရာရပြီဆိုတော့ ပိုင့်လက်မောင်းကို ပြေးဖက်လိုက်
မိတာ အားကိုးတကြီးနှင့်ပါ။

"ကားက ဘာဖြစ်တာလဲ"

"မသိဘူး။ မောင်းနေရင်း ထိုးရပ်သွားတာ"

"ကြည့်ပေးမယ် ... လာ"

ပိုင်က ဟိုလူတွေကို ဂရုမစိုက်သလို နွှေရိပ်လက်ကိုဆွဲ



ဆွဲခေါ်လေတော့ ...

"ဟေ့ကောင်"

တစ်ယောက်က လက်ကာပြီး တားထားလေလျှင် ပိုင် ဆင်
ကြည့်ကြည့်လိုက်ပြီး ...

"ဘာလဲ"

"မြင်းပြေး ခွေးကန့်လန့် မလုပ်နဲ့နော်၊ ထုတ်ပစ်ခံရတတ်
တယ် နားလည်လား"

"ဘာ"

"ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်နဲ့"

"ဘာလို့မဆိုင်ရမှာလဲ၊ 'မ'နောက်မှာ ငါက အရိပ်လို အမြဲ
တမ်း ရှိနေတဲ့သူ၊ 'မ'နဲ့ ပတ်သက်တဲ့အကြောင်းမှန်သမျှ အားလုံး
ငါနဲ့ဆိုင်တယ်"

ကိုယ့်ထက် အသက်ကြီးတဲ့သူတွေမှန်းသိသိနဲ့ လူကောင်း
တွေမဟုတ်လို့ ငါလို့ပဲ သုံးလိုက်တာဖြစ်၏။ တကယ်ကိုပဲ သူက 'မ'
နောက်မှာ အရိပ်လိုရှိနေခဲ့သူ။ 'မ' ဘာလုပ်လဲ၊ ဘယ်သွားလဲ ကြည့်
နေရင်း အခု မားကတ်ထဲမှာ မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ စကား
ပြောနေတုန်း 'မ' ဘယ်အချိန် ဘယ်ထွက်သွားမှန်း မသိလိုက်တာ။

တော်သေးတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွားပါးစပ်ဝရောက်ကာနီးမှာ သူရောက်လာလို့လေ။ သူ့ဘာသာ ကျွားပဲဖြစ်ဖြစ်၊ နွားပဲဖြစ်ဖြစ် ပိုင်ဆိုတဲ့ကောင်က 'မ' ကချင် ဘယ်သူ့ကိုမှ ပိုလ်မထားချင်တဲ့ကောင်လေ။

"ဆိုင်တဲ့သူဆိုလည်း မဆိုင်အောင် လုပ်လိုက်ကွာ"

နောက်တစ်ယောက်က ဝင်ပြောလေတော့ . . .

"လုပ်လေ"

ပြောပြီး ပိုင် ကားတံခါးကို ဖွင့်၍ နွေရိုပ်ကို ကားထဲသို့ တွန်းထည့်ကာ တံခါးပြန်ပိတ်လိုက်ပြီးနောက် . . .

"ဘုန်း"

"အ"

"ဟာ"

"ခွပ်"

"ပိုင် သတိထား"

နှစ်ယောက်တစ်ယောက်ဆိုတော့ နွေရိပ်ရင်ထဲမှာ စိုးရိမ်စိတ်တွေက တထိတ်ထိတ်။ မချစ်ဘူးဆိုပေမယ့် မုန်းတာလည်း မဟုတ်တော့ သူ့အတွက် စိုးရိမ်ခွင့်တော့ ရှိသည့်လေ။

"ခွပ်"

"ကဲကွာ"



"ဘုန်း"

ပိုင် ခြေထောက်နဲ့ ကန်လိုက်တော့ တစ်ယောက်က လဲကျသွားလေရော်။ တစ်ယောက်လဲလို့ တစ်ယောက်ကို မဲနေတုန်းမှာ တစ်ယောက်ကလည်း ကျနေရာကနေ ထလာပြီး လမ်းဘေးက အုတ်ခဲပြင်းကို ပြေးကောက်ပြီး ပိုင့်ဘက်ကို ပြန်လှည့်တာ မြင်လေတော့ . . .

"ပိုင် . . . သတိထား"

အော်ပြောပြီး ကားတံခါးကို တွန်းဖွင့်ကာ ဆင်းပြေးလိုက်သေမယ့် . . .

"ဒုတ်"

"အား"

"အမယ်လေး . . . ပိုင်သေပါပြီ ပိုင်"

ပိုင့်ခေါင်းမှာ သွေးတွေ ဖြာခနဲထွက်လာပေမယ့် ဒဏ်ရာကို သက်နှင့် ဖိကိုင်ပြီး . . .

"မ, မလာနဲ့"

"ကဲကွာ"

"ဒုတ်"

"အား"

"ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေက လက်ကြားမှ ယိုစိမ့်ထွက်လာတာကိုမြင်ပြီး နွေရိပ် ဘယ်လိုမှ မကြည့်ရက်နိုင်တော့စွာနှင့် ...

"ကယ်ကြပါဦးရှင် ... ကယ်ကြပါဦး"

"ဟာ"

"ဟော့ကောင် ... တို့ပြေးမှဖြစ်မယ်"

"အေး ... မြန်မြန်လာ"

"ကယ်ကြပါဦး ... ပိုင်"

"..."

"ပိုင်"

"မ, ကျွန်တော့်ကိုထားခဲ့ သွားတော့"

"ဘာလို့ထားခဲ့ရမှာလဲ ... ပိုင် ... ပိုင်"

"မ"

နွေရိပ် ပိုင့်ကိုယ်ကြီးကို ပြေးပွေ့လိုက်တော့ ပိုင်က 'မ'လို့ သာ ခေါ်ပြီး မျက်ခွံတွေ မှိတ်ကျသွားလေလျှင် ...

"ပိုင် ... ပိုင်"

♥

## အခန်း (၁၉)

"ပိုင်"

"..."

"ပိုင်ရယ်"

ပိုင်လက်ကို ဆုပ်ကိုင်ပြီး တတွတ်တွတ်ခေါ်ရင်း နွေရိပ် ာက်ဝန်းအိမ်မှာ မျက်ရည်တွေ တသွင်သွင်စီးဆင်းနေလျက်ပါ။ ပိုင့် မေလည်း အတူတူပါပဲ။ သားမျက်နှာကိုကြည့်ရင်း မျက်ရည်တွေ ငိုပဲလေ။ သားတစ်ယောက်လုံး ဆေးရုံရောက်တဲ့အထိ ဖြစ်လာပေ သို့ ...

နွေရိပ်အပေါ်မှာ မငြိုငြင်ဘဲ သဘောထားပြည့်ပုံက ...

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတဲ့ စကားသံ လုံး
ထွက်မလာ။ မိခင်တစ်ယောက်အနေနဲ့ သားအတွက် စိုးရိမ်မှု
သောကတွေ ရှိနေမှာတော့ အမှန်ပဲလေ။ နွေရိပ်ရင်ထဲမှာတော့ ကိုယ့်
ကြောင့်ဆိုပြီး ပိုင့်အပေါ် ကရုဏာတွေသက်ပြီး ကိုယ့်ကိုယ်ကိုယ်သာ
အပြစ်တင်မိတော့၏။ အစကတည်းက ယောက်ျားတွေနဲ့ ကင်းအောင်
နေခဲ့တာကလွဲပြီး သူ့ကို မုန်းခဲ့တာမှ မဟုတ်ပဲလေ။

မိန်းမသားတစ်ယောက်ရဲ့ပင်ကို သနားကြင်နာတတ်တဲ့ နှလုံး
သားက အပြီးအပိုင် ဖယ်ထုတ်လို့မှမရတာ။ ဒီတော့ နောင်ကြိုးတစ်
ပတ်က နှလုံးသားကို တင်းတင်းချည်လျက် ...

ဩော် ... သူက ငါ့ကို တကယ်ချစ်ရှာတာပါလားလို့ မျ
ထဲကို တိုးတိတ်စွာ ငြိမ့်စိမ့်စိမ့်လေး စီးဆင်းဝင်ရောက်လာတာ
ဘာလဲဆိုရင် ...

"အား ... ကျွတ် ... ကျွတ်"

"ဟင်"

"သား"

"ပိုင်"

"သားငယ်"

မိဘနှစ်ပါးစလုံး ပျာပျာသလဲ ရှေ့တိုးလာကြပြီး ...





"သားငယ်"

"ပိုင်"

ပိုင် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာပြီး မျက်နှာတွေကို လိုက်
ကြည့်နေတာ ဝေဝေဝါဝါဟန်နှင့်ပါ။ အတန်ကြာမှ ...

"မေမေ"

"သားငယ် ... ဟုတ်တယ် သတိရလာပြီ ဒါ ... ဘုရားမ
အား တော်ပါသေးရဲ့"

"ဖေဖေ"

"သား"

ဦးအောင်စစ် သားလက်ကို ဆုပ်ကိုင်လိုက်စဉ်မှာပဲ ပိုင့်အ
ကြည့်က နွေရိပ်ဆီသို့ ရောက်လာပြီး ...

"မ"

"ပိုင်"

"မ, ဘာမှမဖြစ်ဘူးနော်"

"မက ဘာဖြစ်စရာရှိလို့လဲ၊ ဘာမှမဖြစ်ပါဘူး ပိုင်ရဲ့၊ ပိုင်
ဘယ်လိုနေသေးလဲဟင်၊ သက်သာရဲ့လား"

"သက်သာပါတယ်၊ မ ဘာမှမဖြစ်ဘူးဆိုရင်ပဲ ကျွန်တော့်
ဒဏ်ရာတွေက သက်သာပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ရယ်"

နွေရိပ် ယုံပါပြီလေ။ ပိုင်က သူ့အသက်နဲ့တောင် ...
အောင် ကိုယ့်အပေါ် ချစ်သည်ဆိုတာကိုလေ။ တစ်ယောက်မ...
တာနဲ့ အားလုံးကို မြှုပ်နှံပြီး မကောင်းထင်ခဲ့တာ။ အခုလိုကောင်း...
ကျတော့ နစ်နာတာပေါ့။ နှလုံးသားကို အသေသတ်ပေးမယ့် ...
သေဆုံးခြင်းမှ မရှိဘဲလေ။ ရှင်သန်လာခွင့်ဆိုတာ ရှိနေသေး...
ရှင်သန်ခွင့်ပေးလိုက်ရမလား။

"မ"

"ပြောလေ ပိုင်"

"မ, ကျွန်တော့်အချစ်ကို ယုံပြီမို့လားဟင်"

"ဟာ . . . ပိုင်ကလည်း"

နွေရိပ် မျက်ရည်တွေကိုသုတ်ရင်း ရှက်ကိုးရှက်ကန်း...
နှင့် ဖြစ်သွားလေတော့ . . .

"ခုမှ သတိရတဲ့လူနာကကွာ . . . အမဲခြောက်တောင်...
ပြီ"

"နာတာက နာတာ၊ ချစ်တာက ချစ်တာသပ်သပ် ...
နည်းနည်းပါးပါး အလိုက်သိမှပေါ့"

"သြော် . . . အေး . . . အေးပါကွာ"



ဦးအောင်စစ် အလိုက်သိစွာ ဖနီးသည်ကို မျက်ရိပ်ပြပြီး ခေါ်ထုတ်သွားလေ၏။

တကယ်ပါ . . .

မရဲ့အပြုံးမျက်နှာကို မြင်လိုက်ရတော့ နာတာ,ကျင်တာတွေ ကိုပင် ပိုင် သတိမရနိုင်။ ဒီတစ်သက် 'မ'ရဲ့အချစ်ကို မရနိုင်ဘူးလို့ ထင်ထားတာ။ အခု အချစ်ကိုရဖို့ ခဏတာ နွေးထွေးတဲ့အပြုံးလေး ကို မြင်ခွင့်ရတာသည် ပထမခြေလှမ်းဆိုတော့ ခေါင်းကွဲရကျိုးနပ် ပြီပေါ့။

"မ"

"ဟင်"

"ကျွန်တော် 'မ'ကို အရမ်းချစ်တယ်"

"အင်း"

"အင်း . . . ဘာအင်းလဲ"

"တောင်သမန်အင်း"

"မ,နော် . . . ဝေလည်ကြောင်ပတ် မလုပ်နဲ့သိလား။ ဒီကောင် အသည်းယားလာရင် ဖက်နမ်းပစ်လိုက်မှာသိလား"

ပြောရင်း ထထိုင်မယ်လုပ်တော့ . . .

"မထနဲ့လေ ပိုင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မ,ကမှ ကျွန်တော့်ကို ချစ်တယ်လို့ မပြောတာ"

"လူနာက လူနာလိုနေလေ၊ နေကောင်းမှ ထပ်ပြော ဟုတ်ပြီလား"

"မောင်က ပြောပြီးပြီလေ၊ 'မ'ပြောဖို့ ကျန်နေလို့ ပြောနိုင်းတာကို"

"အဲဒီလို ဂျီမကျနဲ့လေ၊ နေကောင်းရင် လိုချင်တဲ့အဖြေ ပေးပါ့မယ်ဆို"

"တကယ်နော်"

"အင်း"

"ခေါင်းကွဲရက်ကျိုးနစ်ပါပြီ မရယ်"

ပိုင့်ရင်ထဲမှာ အပျော်တွေ စီးဝင်ပြီး ရင်ခုန်သံတွေက တဒိတ်ဒိတ်။ ဘယ်အရာမဆို မှန်တစ်ချပ်လိုပဲ အတုံ့အလှည့် အသွားအပြန် ဆိုတာ ရှိတတ်စမြဲပါလေ။

♥

## အခန်း (၂၀)

နှိုင် ညီဖြစ်သူ၏မျက်နှာကိုကြည့်ပြီး ပြုံးတုံ့တုံ့နှင့်ပါ။ ဖေဖေက ပြောတယ်လေ . . . မင်းညီတော့ သူ့ကောင်မလေးနဲ့ အဆင်ပြေတော့ မယ်ထင်တယ်။ ခေါင်းတစ်လုံးတော့ ရင်းလိုက်ရတာပေါ့တဲ့။ ဝမ်းသာ ပါတယ်လေ။ ကိုယ့်မှာတော့ အနားကပ်ခွင့်မရ၊ ချောင်းကြည့်၊ ပြုံးပြ ဖြစ်နေရတဲ့ဘဝနဲ့သာ ကျေနပ်နေရပြီလေ။

ကိုယ် အဆင်မပြေပေမယ့် . . .

ညီတို့ အဆင်ပြေတယ်ဆိုရင်ပဲ ထိုအပျော်လေးတွေကို မျှဝေ ခံစားရင်း ဝမ်းသာပေးရမည်သာ။

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာပြုံးတာလဲ"

"မင်းကို သဘောကျလို့ပါ"

"ဘာကိုလဲ"

"အခု ... မင်းရဲ့ 'မ'နဲ့ အဆင်ပြေတော့မယ် မဟုတ်လား"

"အင်း"

ပိုင် သွက်သွက်လက်လက်နှင့် ခေါင်းညိတ်လေလျှင် ...

"ခေါင်းရှင်းလိုက်ရတာ မင်းအတွက်တော့ တန်တယ်၊ တို့အတွက်ကတော့ စိတ်မကောင်းဖြစ်ရတော့ မတန်ဘူးပေါ့ကွာ"

"တန်လိုက်ပါ ကိုကိုရာ၊ အခု ကိုကို့ညီ ဘယ်လောက်ဝမ်းသာနေလဲသိလား"

"သိပါတယ်ဗျာ ... သိပါတယ်၊ ခင်ဗျားလေး ရင်ထဲမှာ ဒိန်းတလိန်းနှတ်ဝင်ပူးနေတာ မဟုတ်လား"

"ဒါပေါ့"

ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ကြည်ဖြူပြီဆိုမှတော့ ပိုင် မပျော်ဘဲ နေပါ့မလား။ ဒီလိုအကြောင်းတွေ ဖြစ်လာအောင် ဖန်တီးပေးတဲ့ ကံကြမ္မာကို ကျေးဇူးတင်သလို ခေါင်းကို ရိုက်သွားတဲ့ကောင်တွေကိုလည်း ပြန်တွေ့ရင် ကြိုက်တာ သုံးဆောင်နိုင်းပြီး ဦးချလိုက်ချင်သေးရဲ့။



"ကိုကိုရော"

"ဟင် ... ဘာလဲ"

"ကိုကို့ကောင်မလေးနဲ့ အခြေအနေ"

နိုင် လေးတွဲ့စွာ ခေါင်းခါလိုက်ပြီး ...

"ဒီလိုပါပဲ"

ကိုယ်က အဆင်ပြေသွားပြီး ကိုကိုက အဆင်မပြေဘူးဆိုတော့ ပိုင် စိတ်မကောင်းပေ။ ကိုယ်ပျော်သလို ကိုကို့ကိုလည်း ပျော်စေချင်တာပေါ့။ အစအနောက်သန်ခဲ့တဲ့ အကျိုးကျေးဇူးက ခုတော့ ချစ်ခွင့်တောင်မရ၊ ခံစားနေရတာ ပေါ့သေးသေးမဟုတ်မှန်း ချစ်ဖူးတတ်တဲ့သူချင်း ပိုင် ကိုယ်ချင်းစာပါသည်လေ။

"ညီ နေကောင်းလို့ ဆေးရုံကဆင်းရင် ကိုကို့ကောင်မလေးကို ညီ မြင်ဖူးအောင် လိုက်ပြလေ"

"ဘာထူးမှာမို့လို့လဲ"

"ညီ ထူးအောင် လုပ်ပေးမှာပေါ့"

"မင်းက ဘယ်လိုလုပ်မှာလဲ"

"အမှန်တရားကို သူသိအောင် ရှင်းပြရမှာပေါ့"

နိုင် ခေါင်းခါလိုက်ပြီး ...

www.burmeseclassic.com



“နေပါစေ ... ငါမှားခဲ့တာအတွက် ငါကိုယ်တိုင် ရအောင် ရှင်းပါ့မယ်”

“ကိုကိုကလဲ”

“ကဲပါ ... ကိုကိုသွားစရာရှိသေးလို့ ညနေမှ ပြန်လာခဲ့မယ် နော်”

ပိုင့်ခေါင်းကို ကလေးတစ်ယောက်လို ပွတ်ပြီး ပြောလိုက် တော့ ပိုင်က ခေါင်းညိတ်ပြလေလျှင် ...

“ဒါဆို ကိုကိုသွားမယ်”

“ဟုတ်”

ထ,သွားကာနီး ပိုင့်ပါးပြင်ကို လိမ်ဆွဲသွားသေး၏။ ပို ကိုကို့ကျောပြင်ကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ အချစ်နဲ့မကောင်း သူတိုင်း ဒီလို အသည်းကွဲဝေဒနာကို ခဏဖြစ်ဖြစ် ခံစားတတ်ကြ သလား။ ကိုကို့ခံစားမှုက ထာဝရမဟုတ်တဲ့ တစ်ခဏပဲ ဖြစ်ပါစေ

ပိုင် ...

အတွေးစကိုဖြတ်ပြီး လက်မှ နာရီကို ငုံ့ကြည့်လိုက်၏။ ‘မ’ လာမယ့်အချိန်ကို စောင့်မျှော်နေဟာလေ။ ဆေးရုံမှာဆိုတော့ ‘မ’ နေ့တိုင်း ရောက်လာတာကိုပဲ ပီတိတွေဖြစ်လို့ ဆေးရုံကတောင် မဆင်း ချင်တော့ပါဘူး။ မကို စောင့်မျှော်နေရင်းပဲ မှေးခနဲ အိပ်ပျော်သွားသည်



“ပိုင်”

“...”

“ပိုင်”

မျက်လုံးက အိပ်ပျော်သွားပေမယ့် နားကတော့ အိပ်မပျော် ဘူးလေ။ နားက အသံကြားလိုက်ပြီဆိုတာနဲ့ စိတ်က လှုံ့ဆော်ပြီး မျက်လုံးတွေ ဖျတ်ခနဲပွင့်လာ၏။

“မ”

“အိပ်ပျော်နေတာလားလို့”

“အဟွန်း”

“ဟုတ်လား”

“ဟုတ်တယ် ... မှေးခနဲအိပ်ပျော်သွားတာ၊ မျက်လုံးက ဘယ်လောက်ပဲ အိပ်အိပ်ပါ၊ ချစ်သူအသံကြားတာနဲ့ နှလုံးသားက ဝိညာဉ်ကောင်းစွာနိုးထပြီးသားဆိုတော့ မျက်လုံးကလည်း နှလုံးသားရဲ့ အမိန့်တော်အတိုင်းပေါ့”

“စကားတတ်လိုက်တာ”

“စကားတတ်တာ မဟုတ်ပါဘူး။ စကားကြွယ်တာ”

“ကဲ ... ဟုတ်ပါပြီ”

နွေရိပ် ဝင်ထိုင်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ပိုင့်မေမေရော မမြင်ပါလား"

"အပြင်ခဏထွက်သွားတယ် မရဲ့ . . . မ"

"ဟင်"

"မောင့်ကို အဖြေပေးတော့လေ"

"အမယ်"

"ဘာအမယ်လဲ"

"မောင်ဆိုလို့ပါ . . . ဘယ်သူက ခေါ်မယ်ပြောလို့လဲ"

"နောက်လည်း ခေါ်ရမှာပဲဟာ . . . အဖြေပေးတော့ မရယ် ကျွန်တော့်ကို မညှဉ်းပါနဲ့တော့"

ပိုင် နွေရိပ်လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားတော့ နွေရိပ်မျက်လုံးတွေက ဟိုကြည့်ဒီကြည့်နှင့် စိတ်မလုံ။ အချစ်ဆိုတာ ဟင်းတစ်အိုးလို ဆားခပ်ပြီး အပေါ့အငန်မြည်းလို့မရပေမယ့် ရှောင် မြန်ဟပ်ခြင်းအနေနဲ့တော့ သေဆုံးသွားပြီလို့ ထင်တဲ့ နှလုံးသား အသစ်တစ်ဖန်ပြန်လည်နိုးထလာခဲ့ပြီ။

အမှန်းဆိုတာ . . .

သက်ဆိုင်တဲ့ ဟစ်ဦးတစ်ယောက်အတွက်ပဲ ကောင်းပါတယ် လေ။ ပိုင်းရပ်စ်ပိုးလို ကူးစက်ပျံ့နှံ့နေဖို့ ကောင်းတဲ့အရာမှ မဟုတ်တာ ပြီးတော့ . . . သေသေချာချာတွေးကြည့်ရင် အရေးကြီးလာတော



အားကိုးစရာရင်ခွင်တစ်ခုကို တမ်းတမိသည်သာ။

"ပြောလေ မရဲ့"

"အင်း"

"လာပြန်ပြီ . . . ဒီအင်း။ မောင့်ကို ချစ်တယ်လို့ ဖြေစမ်းပါ"

"ချစ်တယ် . . . ချစ်တယ်"

"တကယ်နော်"

"အကယ်တစ်ထောင်"

"ဝမ်းသာလိုက်တာ မရယ်"

ဖြစ်နိုင်ရင် အရိုးတွေ ကျိုးသွားအောင် သိမ်းကျုံးပွေ့ဖက် လိုက်ချင်ပေမယ့် ပတ်ဝန်းကျင်ဆိုတာ ရှိနေတာကြောင့် စိတ်ကို ချိုသိမ့်ကျိတ်မှိတ်လိုက်ရသည်သာ။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဒေါ်မိုးခိုင်တို့သားအမိကြားမှာ သိုသိပ်ဝှက်ကွယ်ထားသ
ဆိုတာ ဘာမှမရှိပေ။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သား
နှစ်ယောက် တိုင်တိုင်ပင်ပင်ရှိခဲ့ကြသည်ဆိုတော့ ...

ခုလည်း ...

နွေရိပ်က ပိုင်နှင့်အကြောင်းကို ဖွင့်ပြောလေလျှင် ...

“ကောင်လေးနာမည်က ပိုင်တဲ့လား”

“အပြည့်အစုံက ဘာလဲတော့မသိဘူး မေမေ၊ သူ့
အားလုံးကတော့ ပိုင်လို့ပဲ ခေါ်ကြတာလေ”

“ဩော် ... ကောင်လေးပုံစံက ရည်ရည်မွန်မွန်လေ





တ်တာစားတာကတော့ ခေတ်လူငယ်ဆိုတော့ ချွင်းချက်ပေါ့လေ၊
သက်ကလည်း သမီးထက် ငယ်တယ်ဆိုပေမယ့် မတိမ်းမယိမ်း
လောက်ပါပဲ၊ ပြီးတော့ သူချစ်ဖြစ်နေတာဆိုတော့ မေမေ့အနေနဲ့
န့်ကွက်စရာမရှိပါဘူး။ သမီးလည်း စဉ်းစားချင့်ချိန်တတ်တဲ့အရွယ်
ရောက်နေပြီပဲလေ၊ နှပ်စားသူငယ်လေးမှ မဟုတ်တော့တာ”

ဒေါ်မိုးခိုင်က အရာရာမှာ အဲဒီလိုနားလည်ပေးနိုင်တဲ့ မိခင်
စ်ယောက်ပါ။ အိမ်မှာ မိန်းမသားတွေချည်းပဲဆိုတော့ နေရာတိုင်း
ကိုယ်လုပ်လို့ မဖြစ်တာတွေ ရှိသည်လေ။ အဲဒီအခါမျိုးကျတော့
ဆိုင်ရှိတိုင်းလည်း သူများကို ခေါ်ခိုင်းလို့ မရတဲ့အခါတွေရှိတော့
မီးကို ကောင်းရှောင်းကောင်းမွန်လူနဲ့ဆို အိမ်ထောင်ပြုစေချင်ပြီ။
မ်ထောင်ပြုတဲ့အရွယ်ရောက်နေပြီပဲလေ။

တကယ်တမ်း ရင်ထဲမှာတော့ ဦးနှောက်ကို ဦးစားမပေးဘူး
ချင် ကိုယ့်သမီးလေးက ကိုယ့်မျက်စိထဲမှာ အမြဲတမ်းကလေးသာ။
မ်ထောင်မပြုစေချင်သေးဘူးပေါ့။ ဒါပေမဲ့ ... သမီးကညာ
ဒါမလင့်စေနဲ့ဆိုတဲ့စကားက ရှိနေတော့ ...

“တကယ်တော့ ယောက်ျားဆိုတာ မိန်းမသားတွေရဲ့ဘဝမှာ
အရာယ်မရှိအောင် တတ်နိုင်သလောက် ကာကွယ်ပေးတဲ့ တော
ကြီးနဲ့တူတယ် သမီးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"သမီး သဘောပေါက်ပါပြီ မေမေ"

မကောင်းတဲ့ယောက်ျားတွေနဲ့ တွေ့ရင် လင်ဆိုးမယား တဖားဖားဆိုတဲ့ စကားကရော ဘယ်သွားထားမလဲ မေမေဆိုတဲ့ အ ခြေကို နွေရိပ်မပေးတော့ပါဘူး။ ပိုင့်အပေါ်မှာ ချစ်လို့မှ ချစ်ခဲ့မိပြီး တော့လေ။ ခါးတာချင်းတူရင်တောင် တမာခါးတာနဲ့ ဖန်ခါးသီးခါး တူမှမတူပဲ။

အချို့ ...

တမာလို အခါးမပြယ်ဘဲ အချို့ကျတော့ အစပိုင်းခါးပေမဲ့ ရေသောက်ကြည့်မှ ချိုမှန်းသိရတဲ့ ဖန်ခါးသီးလို။ ပိုင့်ကို ရွေးချယ်လို့ မိတဲ့အတွက် သူမ မှားမယ်တော့ မထင်ပါဘူး။

"ကဲ ... ကော်ဖီသောက်လိုက်ဦး"

"ဟုတ်"

"အပူပြန်သောက်ချင်စိတ် မဖြစ်ဘူးလား"

"အခုက ခပ်နွေးနွေးလေးပဲညစ္စာ ကောင်းပါတယ်"

"အခု သမီး ပထမကောင်လေးကို ဘယ်လိုပြောလိုက်

"သူနဲ့က ဘာမှပြောစရာမလိုအောင် ပြီးသွားခဲ့ပြီပဲ မေ ရယ်"

"သူက လွယ်လွယ်နဲ့ နောက်ဆုတ်သတဲ့လား"





"မေမေက ဘယ်လိုထင်လို့လဲ"

"မေမေ့အထင်ပြောရရင် သူ့ပုံစံကြည့်ရတာ လွယ်လွယ်နဲ့ နောက်ဆုတ်မယ့်ပုံ မပေါ်ဘူးလားလို့ပါ။ သူ သမီးကို အရင်ကရော ခုရော တကယ်ချစ်တယ်ဆိုရင်"

"မထင်ပါဘူး မေမေရယ် ... သူ သမီးကို တကယ်မချစ်လို့မှ သမီးနာကျင်ခံစားရအောင် လုပ်တာပေါ့"

သူ့အကြောင်း စပ်မိသွားတာနှင့် နွေရိပ်မျက်နှာလေးက ခပ်တင်းတင်းရယ်ပါ။ ပြီးသွားတဲ့ကိစ္စ ဘာလို့ အစပြန်ဖော်နေရဦးမှာလဲ။ သူ့မကောင်းလို့ ကိုယ်နောက်ကြောင်းပြန်မလှည့်နိုင်တာ တရားပါတယ်။ သူ့အကြောင်း တွေးမိလိုက်တိုင်း ကိုယ့်လျှာ ရှိမှရှိသေးရဲ့လားလို့ထင်ရအောင် ပူလောင်ခဲ့တာတွေ။ အဲဒီနေ့ရက်တွေ ဒီနေ့ကစ ကုန်ဆုံးသွားသလို။

သူနဲ့ကိုယ်ဟာလည်း ...

ရှေ့ဆက်စရာအကြောင်း မရှိတော့ပြီ။ အချစ်သစ်နဲ့ ဘဝသစ်မှာပဲ ပျော်အောင်နေနိုင်ဖို့ ကြိုးစားရတော့မှာပေါ့။

"မေမေ တစ်ခုတော့ တွေးမိတယ် သမီး"

"ဘာလဲ မေမေ"

"သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိနေမလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာအကြောင်းပဲရှိရှိ သမီး ထားခဲ့လိုက်ပါပြီ၊ အခု လက်ရှိဘဝမှာ ပိုင်ကသာ သမီးရဲ့တရားဝင်ချစ်သူပါ”

“ဟုတ်ပါပြီ ... မေမေကလည်း သမီးကို ဘယ်သူနဲ့မှလို့ သတ်မှတ်ချက်မပေးပါဘူး၊ သမီးစိတ်ချမ်းသာသလို ဆုံးဖြတ်၊ အခု မေမေပြောချင်တာက သမီးရဲ့ယောကျ်ားမုန်းတီးရေးဝါဒကို ဖျောက်ပစ်ဖို့ပါ”

နွေရိပ် ခေါင်းညိတ်ပြီး ကော်ဖီသောက်ခြင်းကို လက်စသတ်လိုက်၏။ ပြီးမှ ...

“သမီးသွားတော့မယ် မေမေ”

“အေး ... အေး”

နွေရိပ် ထ,ထွက်သွားလေတော့ ...

“ဟဲ့ ... သမီး”

“ရှင်”

“ဒီမှာ ဖုန်းမေ့ကျန်ခဲ့ပြီ”

“ဪ ... ဟုတ်”

ဖုန်းကို ပြန်လာယူပြီး နွေရိပ် မေမေ့ကို ပြုံးပြကာ ထွက်လာခဲ့တော့၏။ ကားပေါ်သို့တက်ပြီး မောင်းထွက်လာခဲ့တော့ မြို့ ရောက်တော့ ကားကွေ့လိုက်တာနှင့် မျက်မှောင်ကြုတ်မိသွား



မြင်လိုက်ရတာ ကိုယ့်ကားကွေ့မယ့်ဘက်မှာမှ ကားတစ်စီးက မလွတ် လပ် ရပ်ထားလို့လေ။ နွေရိပ် ကားကို ရပ်ပြီး ကြည့်နေဆဲမှာပဲ ကိုယ့်ကားဆီသို့ လျှောက်လာသူကို မြင်လိုက်ရတော့ ...

“ဟင်”

စစ်နိုင်သွေးမှ စစ်နိုင်သွေးအစစ်ပါ။ မပတ်သက်ချင်တော့ဘူး မှ သူက ဘာလို့လာရစ်ပတ်ချင်နေရတာလဲ။ ထားခဲ့ပြီဆိုသွားတော့ စတယ်, နောက်တယ်ဆိုတာ လက်ခံနိုင်တဲ့အတိုင်းအတာ ကျော်လွန်လာရင် ဘယ်သူက လက်ခံနိုင်မှာလဲ။ ရှေ့တိုးမိတဲ့ ခြေလှမ်း သူက ဘယ်တော့မှ နောက်မဆုတ်စွာနှင့် ရှေ့သို့သာ ဆက်တိုးနေ ပါ။

စစ်နိုင်သွေး ...

နွေရိပ်ရဲ့ကားတံခါးအနားထိ လျှောက်လာပြီး နွေရိပ်ကို ငုံ့ ကြည့်ကာ ...

“နွေ”

“...”

“နွေ”

အကြည့်တစ်ချက်သာ ရောက်လာပြီး မျက်နှာပြန်လွှဲသွား ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာလုပ်တာလဲ၊ ကားကို ရှေ့ကနေ ဖယ်ပေးပါ"

"ခဏလေးပါ ရိပ်ရယ်၊ ကိုယ် ရိပ်ကို ပြောစရာရှိလို့ စောင့်နေတာ"

"ကျွန်မမှာ နားထောင်ပေးဖို့ အချိန်မရှိဘူး"

"ရိပ် အဲဒီလောက်တောင် ကိုယ့်အပေါ် စိမ်းနိုင်ပြီတဲ့လား"

"ကျွန်မ မှန်လိုပဲ ကျင့်သုံးတာပါ"

"မှန်လိုပဲ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကိုယ် ရိပ်ကိုချစ်တယ်၊ ဘယ်တုန်းကမှ မမေ့ခဲ့ဘူး အဲဒီလိုပဲ ရိပ် တုံ့ပြန်လေ"

"ဘာ"

သူ့ကို ကြည့်လိုက်တဲ့ ရိပ်မျက်လုံးတွေက မေးကျဉ်းသွားလိုက်၊ ရူးရူးရဲရဲဖြစ်သွားလိုက် အဓိပ္ပာယ်တွေက အမျိုးမျိုးပြောင်းနေသည်။

အဲဒီအကြည့်ဒဏ်ကြောင့် နိုင့်ရင်ထဲမှာ ရူးခနဲ နင့်ခနဲ ကိုယ့်လွန်မာချက်နဲ့ကိုယ်ဆိုတော့ သူပြုသမျှ နုရတော့မှာပဲလေ

တကယ်တော့ ...

အကျီစားသန်က ရန်များ၏ ဆိုတဲ့အတိုင်း ရန်မများ



တိုင် ချစ်သူကတော့ အထင်လွဲစိတ်နာနေတာ အခုထိဖြေရှင်းလို့မရ။ နိုင်ချစ်ခဲ့တာ ရိပ်တစ်ယောက်တည်းကိုပေမယ့် ပါးစပ်စည်းကမ်းမရှိခဲ့ခြင်းအတွက် အခု ဒဏ်ခတ်ခံလိုက်ရတာ မရှုမလှပါ။ ဒါကို ဘယ်လို ဖြေဆေးပေးရမလဲ။

"ရှင့်မှာ ဂမုန်းရှိနေတာပဲ၊ ရှင့်ရင်ထဲက အချစ်မှန်သမျှ ပုံအောပြီးပေးလိုက်လေ ဂမုန်းကို"

"အဲဒါမဟုတ်ဘူး ရိပ်"

"ရှင်းပြမနေပါနဲ့ အပိုလေကုန်ပါတယ်"

"အမှန်တရားကို ရိပ် လက်မခံသရွေ့ ကိုယ်ရှင်းပြနေရဦးမှာပဲ ရိပ်၊ ကိုယ် ဂမုန်းကို သူငယ်ချင်းတစ်ယောက်ထက် ဘယ်တုန်းကမှ မပိုခဲ့ဘူး။ ကိုယ့်ရင်ထဲမှာ ကိုယ့်နှလုံးသားထဲမှာ ထာဝရတည်တံ့နေခဲ့တာ ရိပ်တစ်ယောက်တည်းပါ။ ကိုယ် ဂမုန်းကို မချစ်ဘူး။ အရင်က ချစ်ခဲ့သလို ခုလည်း မချစ်ဘူး။ နောင်လည်း ဘယ်တော့မှကို ချစ်လာစရာ အကြောင်းမရှိတာ"

နွေရိပ် နှုတ်ခမ်းလေး မဲ့ခနဲဖြစ်သွား၏။ အသေအချာ ပြောပြီးမှတော့ ဝေဒနာကို မကြောင့်ကြစတမ်းပေါ့။

"အဲဒါ ရှင့်သမိုင်းပဲ ကိုစစ်နိုင်သွေး။ အခု ကျွန်မမှာ ချစ်သူရှိနေပြီ ကိုယ့်ဘဝနဲ့ကိုယ် ပျော်နေပြီဖြစ်တဲ့အတွက် ရှင် မနှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့"

"ဘာ"

"ရှင့်ကားကို ဖယ်ပေးပါ"

"ကိုယ်မယုံဘူး ရိပ်"

မယုံရင် ပုံပြင်လို့ပဲ မှတ်နိုင်းရမလား။ ရိပ်က လုံးဝဆို လုံး
သူ့ကို စိတ်ကုန်ခဲ့သူမို့ ...

"ကျွန်မချစ်သူနဲ့ ရှင့်ကို မိတ်ဆက်ပေးမယ်"

"ထားပါတော့ မင်းယောကျ်ားရသေးတာမှ မဟုတ်ဘဲ
ကိုယ်ပြန်ပြီး ကြိုးစားခွင့်ရှိတယ်၊ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး
ရိပ်"

"ရှင် ... ကားကို ဖယ်ပေးမလား။ မပေးဘူးလား ...ဒါ
ပြော"

"မဖယ်ပေးဘူးဆိုရင်ရော"

"တိုက်ပစ်လိုက်ရုံပဲပေါ့"

ပြောပြီးတာနှင့် ရိပ် ကားကို စက်နှိုးလိုက်လေလျှင် ...

"ကိုယ် ဖယ်ပေးမယ်"

တကယ်လုပ်မည့်ပုံမို့ နိုင် ကိုယ့်ဘက်ကပဲ စိတ်လျှော့က
ကားပေါ်တက်ပြီး ဖယ်ပေးလိုက်ရ၏။



အချစ်ကြီးလို့ အမျက်ကြီးခဲ့တာလား ရိပ်ရယ်။

မျက်တော်ပြေဖို့ အသက်တောင် သေပေးပါဆိုရင်တောင်
နိုင်အတွက်ဆို ကိုယ်သေပေးရဲတဲ့အထိ ချစ်ခဲ့တယ်ဆိုတာ ...။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ပိုင်က နွေရိပ်ထက် အသက်ငယ်ပေမယ့် သူကပဲ လူကြီး တစ်ယောက်လို နွေရိပ်အပေါ် ဂရုစိုက်ကြင်နာလွန်းတော့ ရင်ခွင်သယ် မှာ နွေရိပ် ပျော်ရွှင်ကြည်နူးမှုတွေ ရခဲ့ပါပြီ။ ချစ်သူဘဝပဲဖြစ်ဖြစ် အိမ်ထောင်သည်ဘဝပဲဖြစ်ဖြစ် နားလည်မှုတွေနဲ့ နှောင်တည်းကြ နိုင်မြဲမှုဆိုတာ ရှိသည်လေ။

ခုလည်း . . .

နွေရိပ်က ပိုင့်ပခုံးလေးကိုမှီလို့ ပိုင်က နွေရိပ်ကို ဖြန့်ဖက် ထားရင်း ချစ်တဲ့အကြောင်းတွေက ပြောမဆုံးပေါင် တောသုံးထောင်

"မောင် အစကတည်းက ဖေဖေနဲ့မေမေကို ပြောထားပြီး



သား မ,ရဲ့ မောင်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

"ဘာလို့ ဒီလောက်လောနေရတာလဲ ပိုင်ရယ်၊ ချစ်သူ သက်တမ်းဖြင့် ဘယ်လောက်မှ မကြာသေးဘဲနဲ့ကို"

"ဒီကကောင် ချစ်နေရတာက ကြာပြီလေ၊ မ,က အရမ်းလှ တော့ မောင် စိတ်မချဘူး"

"ဟင် . . . မ,ကို မယုံတဲ့သဘောလား"

"မဟုတ်ဘူးလေ 'မ' ကို မောင် ယုံပါတယ်"

"ဒါဆို ဘာကိုမယုံတာလဲ"

"ကံကြမ္မာကိုလေ"

"ကံကြမ္မာလို့ မပြောနဲ့လေ၊ လူပေါ်မှာပဲ မူတည်တာပဲဥစ္စာ၊ ကံကသာ ကိုယ့်ကို ကစားနိုင်တာ၊ ကြမ္မာကတော့ လူတွေ့လူတွေ ဖန်တီးတာပဲလေ"

"ဟုတ်ပါပြီဗျာ . . . စာပေနဲ့ နီးစပ်တဲ့သူတွေ စကားပြောရင် သိပ်ကြီးကျယ်တာပဲ"

မေးစေ့ကို ဆွဲလိုက်ရင်း ပြောတော့ နွေရိပ်က ရယ်လေသည်။ ပိုင်လည်း စာဖတ်တာပဲလေ။ ဒါပေမဲ့ . . . နွေရိပ်က စာပေလုပ်ငန်း လုပ်နေတော့ စာပေနဲ့ ပိုပြီးနီးစပ်တာပေါ့။ ပိုင် အိမ်မှာတောင် လာ သွားပြီး ပြောခဲ့ဖူးပါတယ်၊ စာမဖတ်တဲ့သူနဲ့ စာဖတ်တဲ့သူ စကားယှဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြောရင် စကားလုံးအဓိပ္ပာယ်လေးနက်တာချင်း မတူဘူးလို့။

"ပိုင်ကရော"

"ဟင် . . . ဘာလဲ"

"စာမဖတ်ဘူးလားလို့"

စာမဖတ်ဘူးလားမေးတော့ ပိုင်ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်တွေ တွေးပြီး ရယ်လိုက်မိ၏။ စာအုပ်တွေ အများကြီးဝယ်ပြီး ဖတ်တော့ ဖတ်ပေမယ့် ဖတ်လို့ မကုန်နိုင်သေးတာလေ။

"ဘာရယ်တာလဲ"

"စာမဖတ်ဘူးလားဆိုလို့ပါ၊ စာဖတ်တာက နည်းနည်း။ ဝယ်ထားတဲ့စာအုပ်တွေက များများ ဖြစ်နေတာ"

"ဘယ်လို"

"အဲဒါ ဘာဖြစ်လို့လဲ 'မ' သိလား"

"ဘယ်သိမှာလဲ ပြောမှသိမှာပေါ့"

"မ,ကို သိပ်ချစ်လို့ပေါ့ မ,ရဲ့"

"ဟင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . . 'မ' ကို ချစ်လွန်းလို့ 'မ'နဲ့ နီးစပ်ခွင့်ရအောင် ဒီကောင် စာအုပ်တွေ အများကြီးဝယ်ပြီး ငှားသူမရှိတဲ့ စာအုပ်ဆိုင် ဖွင့်ထားတာ"





"ကြည့်စမ်း . . . လူလိမ်"

"အား"

နွေရိပ် သူ့ဗိုက်ခေါက်ကို လိမ်ဆွဲလေတော့ ပိုင် 'အား'ခနဲ အော်ပြီး တွန့်လိမ်သွားလေသည်။ အချစ်က ချစ်တတ်ရင် ဆေး၊ မချစ်တတ်ရင် ဘေးပါပဲ။ စစ်နိုင်သွေးကတော့ မချစ်တတ်ခဲ့တာ မဟုတ်ပါဘဲ သူ့ရဲ့အစအနောက်သန်မှုကပဲ သူ့ရင်ကို ပြန်ပြီး ဝေဒနာတွေ ပေးခဲ့တာ။

ခုတော့ . . . သူ ဘယ်လိုပဲနေနေ နွေရိပ်က ဂရုမစိုက်တော့ပြီ။

ကမ္ဘာသစ်မှာ . . .

အထာသစ်နဲ့

အနာမဖြစ်ရအောင်

ထာဝရချစ်သွားမယ်။

ဆိုတဲ့ ဆုံးဖြတ်ချက်နှင့် ပိုင့်ရင်ခွင်ထဲမှာ ပျော်ရွှင်စွာ နေတတ်ခဲ့ပါပြီ။ ချစ်လွန်းလို့ မုန်းတတ်ခဲ့ပြီး အဲဒီအမုန်းတွေကြောင့် ဥပေက္ခာပြုနိုင်ခြင်းမှာ အခု အခြားတစ်ယောက်ကို ချစ်မိခဲ့ပြန်ပြီ။ သူ့ကောင်းနေသရွေ့တော့ ကိုယ်မဆိုးပါဘူးပေါ့။

"မ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မောင့်ကိုချစ်လား"

"ချစ်လို့မှ ချစ်သူတွေ ဖြစ်နေတဲ့ဟာကို"

"ဩော် ... ချစ်တယ်လို့ပြောရင် ဘာဖြစ်သွားမှာတဲ့လဲ ပြောစမ်းပါ ချစ်တယ်လို့"

"အင်း ... ချစ်တယ် ... ချစ်တယ် ... ချစ်တယ် ... ချစ်တယ် ... ချစ်တယ် ... ကဲ ... ကျေနပ်ပြီလား"

"အား ... နားထဲကို ပျားရည်တွေ လောင်းထည့်လိုက်သလို ပဲ ချိုလိုက်တာ"

ဒိုင်းခနဲ ရောက်လာတဲ့ မျက်စောင်းကို ပိုင်မမြင်။ ချစ်သူ ကိုယ်လေးကိုပဲ မလွှတ်တမ်းဖက်ထားရင်း အနမ်းပန်းတွေက တစ်ပွင့် ပြီးတစ်ပွင့် အဆင့်ဆင့်။ အနမ်းဆိုတာ ချစ်သူတွေအတွက်တော့ အားဖြည့်အချိုရည်တစ်ခွက်လိုပါ။

"ပိုင် ... အရင်က ချစ်သူရှိခဲ့ဖူးလား"

"မရှိဖူးပါဘူး။ 'မ'က ပထမဦးဆုံးအချစ်နဲ့ နောက်ဆုံးအချစ် လေ"

"မ,က ရှိခဲ့ဖူးတယ်"

"ထင်ပါတယ်၊ မ,က ဒီလောက်လှနေတာပဲဥစ္စာ၊ ပြီးတော့





ယောက်ျားတွေကို ဒီလောက်မုန်းနေတာ အကြောင်းမဲ့ မဖြစ်နိုင်ဘူးလို့ တွေးကြည့်ပြီးသားပါ"

"သဘောထားပြည့်တယ်ပေါ့"

"မပြည့်လို့မရဘူးလေ၊ လူတိုင်း အချစ်နဲ့မှ မကင်းကြတာ၊ အချစ်ဦးမဖြစ်ရင်နေပါ၊ အချစ်ဆုံး မဟုတ်ရင်လည်း ရတယ်၊ မောင်က 'မ'ရဲ့ ထာဝရနဲ့ နောက်ဆုံးချစ်သူပဲ ဖြစ်ချင်တာပါ"

"နောက်ဆုံးချစ်သူ ... ဟုတ်လား"

"ဟုတ်တယ်လေ"

"နားမလည်ဘူး"

နွေရိပ် နှာခေါင်းလေးရှုံ့၊ လက်ကလေးခါပြလေ၏။ တကယ် တော့ မသိဘဲနေပုံမလားလေ။

"တကယ်မသိတာလား"

"တကယ်ပေါ့"

"နောက်ဆုံးချစ်သူဆိုတာ 'မောင့်'အပြင် နောက်ထပ်မရှိ တော့တာကို ပြောတာလေ၊ 'မ'နဲ့ မောင် လက်ထပ်ကြမယ်"

"သိသားပဲ"

"သိရဲ့သားနဲ့"

မချင့်မရဲနှင့် တိုးလို့ဖက်တော့ နွေရိပ်က ကိုယ်လေးတွန့်၍



www.burmeseclassic.com

www.burmeseclassic.com



ရှန်းလေ၏။ ရှန်းလို့ ဘယ်ရပါ့မလဲနော်။ ချစ်သူတွေဖြစ်ကြပြီဆိုတော့ ဟိုတုန်းက ပါးရိုက်ခဲ့တဲ့ကိစ္စကို နွေရိပ် အားနာနေမိ၏။ အဲဒီတုန်းက ကိုယ့်လက်ဝါးတောင် နာခဲ့တာ သူ့ပါးက ကျောက်စိုင်ကျောက်သား တွေမှ မဟုတ်ဘဲ။

နွေရိပ် ...

သူ့ကို မော့ကြည့်ပြီး ပါးပြင်ကို လက်ချောင်းလေးများနှင့် ပွတ်သပ်နေမိကာ ...

"ပိုင်"

"ဗျာ"

"ပါးရိုက်ခံရတာ နာမှာပေါ့နော်"

ပိုင်က ရယ်လိုက်ပြီး ...

"ကိုယ့်ချစ်သူ ရိုက်တာပဲ ပန်းနဲ့ပေါက်တာလို့ပဲ ထင်တယ် အဲဒါတွေက ပြီးသွားပြီပဲဥစ္စာ ... ပြောမနေနဲ့လေ၊ အခုပြောရမှာ ချစ်တဲ့အကြောင်းတွေနဲ့ အနာဂတ်ခရီးကို ဘယ်လိုဆက်ကြမလဲဆဲ ပြောရမှာ"

ချစ်သူနဲ့အတူ ရှိနေချိန်မှာ မြက်ပင်ကလည်း အသက်ဝင်လို့ အမြင်တွေလှ သံစဉ်တွေလည်း ချို၊ စားသမျှ အာဟာရဖြစ်လို့ အစ အားလုံးက အကောင်းပကတိနှင့်ပါ။



ကြွဲအက်သွားတဲ့ နှလုံးသားက ချုပ်ရိုးကြောင်းရာတော့ ထင်နေဦးမယ် မှန်ပေမယ့် ပြန်ချုပ်ထားတဲ့ ချုပ်ချက်က နောက်တစ်ခါ ထပ်ကွဲမှာကြောက်ပြီး ပိုလို့ခိုင်မာနေသည်မှာ မလွဲမသွေ။

ကိုယ့်အတွက် ...

အသက်ကိုတောင် အလေးမထား ဂရုမစိုက်တဲ့ ပိုင့်အချစ်ကို တော့ နွေရိပ် အကြွင်းမဲ့ ယုံပါသည်။

မလည်ဝယ်တဲ့ ယေရှုယ်သူ နှလုံးသားခိုပြီး အထင်သေးစရာ ထည်း မရှိ၊ ရိုးရိုးနှင့်နှင့် ချစ်တတ်တာချင်းလည်း ကိုယ်နဲ့တူနေတာ ပဲလေ။

"မ"

"ဟင်"

"မ,ကို မောင် ကိုကိုနဲ့ တွေ့ပေးချင်တယ်၊ တစ်နေ့လောက် အချိန်ပေးနိုင်မလား"

"ပိုင့်မှာ အစ်ကိုရှိသေးတယ်လား"

"ရှိတယ်လေ၊ မောင်တို့က ညီအစ်ကိုနှစ်ယောက်၊ ဒါနဲ့ မ, အရော"

"မ,က တစ်ဦးတည်းသော သမီးပါ၊ ပိုင်က တွေ့ပေးချင် ဆယ်ဆိုတော့လည်း တွေ့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'မ' ငြင်းမှာကို စိုးရိမ်နေတဲ့ ပိုင် . . . ခုတော့ စိတ်အေးသွားရပါပြီလေ။ ကိုကိုတို့ကတော့ အဆင်မပြေသေးတဲ့အတွက် စိတ်မကောင်းပါဘူး။ မြန်မြန်အဆင်ပြေကြပါစေလို့တော့ ဆုတောင်းပေးနေတာပါပဲ။

♥



## အခန်း (၂၃)

နိုင် . . . ဝရန်တာကနေ အဝေးကို လှမ်းကြည့်နေတဲ့ မျက်ဝန်းတွေက ရီဝေဝေ။ အချစ်မရှိတော့တဲ့ဘဝက မြင်မြင်ရသမျှအရာအားလုံး မသာယာမစိုပြေ၊ ခြောက်ကပ်မှုတွေအတိနှင့်လေ။ တကယ်ပဲ ကိုယ့်နှလုံးသားကို အဆိပ်ခတ်ပြီး အသေသတ်လိုက်ပြီလား ရိပ်ရယ်။ မင်းကို ကိုယ် တကယ်ချစ်ခဲ့တာပါဆိုတဲ့ အကြောင်း ဘယ်လိုသက်သေပြရမလဲ။ ချစ်ခဲ့တာမှ ရင်ထဲမှာ စူးစူးနင့်နင့်ပါပဲ။

ရှားတစ်ချောင်းကြောင့် အုတ်တစ်သောင်းပျက်တဲ့။

စကားတစ်ခွန်းကြောင့် လူအများကို မထိခိုက်စေဘဲ ချစ်သူ့နှလုံးသားကိုမှ ကိုယ်ပစ်ခွင်းခဲ့မိတာ။ အခု အဆိပ်ပြန်သင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နှလုံးသားပဲလေ။

မျက်ဝန်းထဲမှာ ရိုပ်ပုံရိပ်တွေ။

နားထဲမှာ ရိပ်အသံတွေ . . .

"အဲဒါ . . . ရှင့်သမိုင်းပဲ ကိုစစ်နိုင်သေး။ အခု . . . ကျွန်မမှာ ချစ်သူရှိနေပြီ၊ ကိုယ့်ဘဝနဲ့ကိုယ် ပျော်နေပြီဖြစ်တဲ့အတွက် ရှင် မနှောင့်ယှက်ပါနဲ့တော့"

"ဘာ"

"ရှင့်ကားကို ဖယ်ပေးပါ"

"ကိုယ် မယုံဘူးရိပ်"

"ကျွန်မချစ်သူနဲ့ ရှင့်ကို မိတ်ဆက်ပေးမယ်"

"ထားပါတော့ မင်းယောက်ျားရသေးတာမှ မဟုတ်တဲ့၊ ကိုယ် ပြန်ပြီး ကြိုးစားခွင့်ရှိတယ်၊ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး ရိပ်"

"ရှင် ကားကို ဖယ်ပေးမလား၊ မပေးဘူးလား ဒါပဲပြော"

"မဖယ်ပေးဘူးဆိုရင်ရော"

"တိုက်ပစ်လိုက်ရုံပဲပေါ့"

တကယ်ဖယ်မပေးရင် တကယ်တိုက်ပစ်မည့်ပုံစံနဲ့ မျက်လုံးက စိမ်း၊ စကားလုံးတွေကလည်း အစိမ်းရောင်ရင့်ရင့်နဲ့မို့ ကိုယ် ဘယ်လောက်တောင် ရင်နင့်ခဲ့ရသလဲ။ ကိုယ်ကိုယ်တိုင် ဖျော်တိုက်



ခဲ့တဲ့ ကော်ဖီတစ်ခွက်က သူ့အတွက် အမုန်းလက်နက်တီတွင်ပေးလိုက်သလိုဖြစ်သွားတာ မှားမှန်းတော့ သိခဲ့ပါတယ်လေ။

အဲဒီအမှားအတွက် . . .

ကိုယ့်ကို ပြင်ဆင်ခွင့်လေးတောင် မပေးတော့တာ သူ့မှာ တကယ်ပဲ အချစ်သစ်ကို ရှာတွေ့နေလို့လား။

ရိပ်ရယ် . . .

မင်းကို ကိုယ် အရမ်းချစ်တယ်။ ကိုယ့်အပေါ် အဲဒီလောက် အထိ မရက်စက်ပါနဲ့။

"ကိုကို"

"ဟင်"

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ နောက်မှာရပ်နေတာ ညီး။ သူ တတ်နိုင်သလောက် အပူရှပ်ကို ခွာချပြီး ပြုံးလိုက်ပေမယ့် လွမ်းဆွေ့တွေက မျက်ဝန်းထဲမှာ ခိုတွယ်နေဆဲမို့ . . .

"ကောင်မလေးကို လွမ်းနေတာလား"

"သိရဲ့သားနဲ့ မေးနေပြန်ပြီ"

"ကိုကိုအတွက် ညီ တကယ်စိတ်မကောင်းပါဘူး"

"မင်းတို့ အဆင်ပြေတဲ့အတွက် ကိုကိုကတော့ ဘေးမှနပ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အမှုကို ထားပြီးတော့လား"

"ကိုကိုနဲ့ မင်း သပ်သပ်စီပဲဥစ္စာ၊ မင်းကောင်မလေးနဲ့ ကို...

ကို တွေ့ပေးဦးလေကွာ"

"ညီ ... အဲဒါပဲ ပြောမလို့ ကိုကို့ကို ရှာနေတာ"

"ဟုတ်လား"

ပိုင် ခေါင်းညိတ်ပြီး ရှက်ရယ်, ရယ်နေသေး၏။ အသည်း...

နေတဲ့သူရှေ့မှာ ကိုယ်တွေ ဘယ်လောက်အဆင်ပြေနေတယ်ဆို...

အကြောင်း ပြောတော့မပြောချင်၊ မပြောဘဲလည်း မနေနိုင်ပြန်ဘူး...

ဒီတော့ ...

အားနာနာနှင့်ပဲ ...

"ညီ ... သူ့ကို ကိုကိုနဲ့ တွေ့ပေးဖို့ ပြောထားတယ်"

"သူက ဘာပြောလဲ"

"ပိုင်က တွေ့ပေးချင်တယ်ဆိုရင် တွေ့မယ်တဲ့"

"ဒါဆို ဘယ်တော့တွေ့ရမလဲ"

"ကိုကို အဆင်ပြေမယ့်အချိန်ပေါ့"

"အင်း ... မနက်ဖြန်နေ့လယ်တစ်နာရီလောက် ရှိန်...

လေ ... ကိုကို ဘယ်ကစောင့်ရမလဲ"

"အဲဒါ ... သူ့ကို ဖုန်းဆက်ပြီးမှ ညီပြောမယ်လေ"





"မင်းသဘောပါ ... ခုဆက်ကြည့်လိုက်ပါလား၊ ကိုယ့်ညီ

...ခံတ်သက်ပြီး ကိုယ့်ညီမအသံကို ကြားဖူးတယ် ရှိသွားတာပေါ့"

ပိုင် ခေါင်းညိတ်ပြီး ဖုန်းကို ထုတ်ယူလိုက်၏။ အသံနား

...ထောင်ရုံနဲ့တော့ ဘယ်အရာကိုမှ အကဲခတ်လို့ မရနိုင်ဘူးပေါ့လေ။

...သံ၊ စိတ်၊ ရုပ်၊ အကျင့်စရိုက်အားလုံးက ထင်သလို ကိုက်ညီချင်မှ

...ကိုက်ညီမှာပဲဥစ္စာ၊ အချို့က အသံသာပြီး ရုပ်မချော။ အချို့ကျတော့

...သံလည်းသာ ရုပ်လည်း ချောပါလျက်နဲ့ စိတ်သဘောထား မဖြူစင်

...သူတွေလည်း ရှိနေတာပဲလေ။

"..."

"မ ... မောင် မ,ကို ပြောစရာရှိလို့ ဆက်လိုက်တာ"

"..."

"အင်း ... ပြောစရာတွေရှိတိုင်းသာ ပြောရရင် ဘယ်တော့

...ကုန်မှာမဟုတ်ဘူး"

"စပီကာဖွင့်လေကွာ မင်းတစ်ယောက်တည်း နားထောင်နေ

...သား။ အသံကြားချင်ပါတယ်ဆိုမှ"

"သြော် ... အင်း"

နိုင်ပြောမှပဲ ပိုင် စပီကာဖွင့်ဖြစ်၏။

"ပိုင့်အနားမှာ တစ်ယောက်ယောက်ရှိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုကိုပါ"

"ဪ . . . ဘာပြောမလို့လဲ ပြောလေ"

"ကိုကိုက မနက်ဖြန်ပဲ 'မ' နဲ့ တွေ့ချင်တယ်တဲ့"

"စာမေးပွဲဖြေရဦးမယ်လေ"

"အဲလိုမျိုး မဟုတ်ပါဘူး။ ကိုကိုက 'မ'ကို မြင်ဖူးချင်ရုံသ
သက်ပါ။ အဲဒါ မနက်ဖြန်ဆို 'မ'အတွက် အဆင်ပြေပါ့မလား"

"ပြေပါတယ် . . . ဘယ်အချိန်လဲ ပိုင် 'မ' ကို လာခေါ်မေ

"နေ့လယ်တစ်နာရီမှာ ကိုကိုက စောင့်နေမယ်တဲ့"

"အင်း . . . ကောင်းပါတယ်"

နိုင် မျက်ခုံးနှစ်ဖက် စုကျုံ့သွားပြီး အသံကို စိုက်နားထေ
နေမိ၏။ ဒီအသံကို သူ ကြားဖူးပါတယ်။ တကယ် ရင်းရင်းနှီးနှီ
ကြားဖူးနေတာ။ ရင်ထဲအသည်းထဲမှာ စွဲလမ်းတမ်းတနေခဲ့သည့်အေ
မို့ မေ့နိုင်ပါ့မလားလေ။ ကာလတွေ ဘယ်လောက်ကြာအောင် ေ
ကွာခဲ့ပေမယ့် ဒီအသံကို ကြားရဖို့ သူ ကြိုးစားခဲ့ပေမယ့် စိတ်
မရခဲ့ဘူးဆိုတာ ကိုယ်ပဲ အသိဆုံးပါ။

ဒါပေမဲ့ . . .

တူတာတွေရှိတဲ့ လောကကြီးမှာ သူက ကိုယ်ချစ်ရတဲ့ နိုင်
မဟုတ်ပဲ။ ညီရဲ့ချစ်သူ 'မ'ပဲလေ။ အသံတူတာလေး ကြားရတေ



တုန်းက ရိုပ်နဲ့ ချစ်သူဘဝကို သတိရလိုက်တာ။ ရိုပ် အမျက်တော်
ပြေဖို့အတွက် ကိုယ့်အသည်းကို ခမည်းလို လည်မှာဆွဲချင်တယ်ဆို
ည်း ကိုယ့်ရင်ကို လာခွဲပြီး ယူလှည့်ပါ ရိုပ်ရယ်။ ခုလို ခံစားနေရမယ့်
အား သေတာကမှ ကောင်းပါဦးမယ်။

"ဒါဆို မနက်ဖြန် မောင် လာခေါ်မယ်နော်"

"ဟုတ်ကဲ့ရှင့်"

ပိုင်က ရယ်လိုက်ပြီး . . .

"မ,ကို အရမ်းချစ်တယ်"

"အင်း"

"မ,က ပြောဦးလေ"

"ဟာ . . . မပြောချင်ပါဘူး။ အနားမှာ ပိုင့်ကိုကို ရှိနေတာပဲ
ကို"

"ကဲ . . . ဟုတ်ပါပြီဗျာ၊ ဒါဆို မောင် ဖုန်းချလိုက်တော့မယ်
"

"Ok . . . Ok"

ပိုင် ကိုကို့ကို ပြုံးစိစိကြည့်လိုက်တော့ ပိုင့်ကိုကြည့်နေတဲ့
မျက်ဝန်းတွေကပင် ရီဝေဝေးမောစွာ။ ပိုင့်ရင်ထဲမှာ တစ်မျိုးကြီး
ဖြစ်သွားရ၏။ ကိုယ်တွေ အဆင်ပြေတာကပဲ ကိုကို့ရှေ့မှာ ကိုကို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စရာဖြစ်နေပြီလားလို့လေ။

"ကိုကို"

"ဟင်"

"ကိုကို့ဇာတ်ရာတွေကို ကျွန်တော် ဆွပေးသလိုများ ဖြစ်နေ[illegible]

လား"

နိုင် အပြုံးနှင့် ဖုံးကွယ်လိုက်ပြီး . . .

"မင်းကလည်း ဘာလို့ မဆိုင်တာတွေကို ဆွဲ . . . ဆွဲထုတ်[illegible]

နေတာလဲ၊ မင်းကမင်း . . . ငါက ငါ့အကြောင်းနဲ့ ငါပဲလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ . . ."

"ဘာမှ ဒါပေမဲ့နဲ့၊ မင်းနဲ့ငါ လျှောက်နေတဲ့လမ်းကြောင်[illegible]

ချင်းမှ မတူတာ၊ ညီက ညီ့ချစ်သူနဲ့ညီ အဆင်ပြေနေတာ ညီ့ကုသို[illegible]

ပဲလေ၊ ကိုကို့အချစ်ရေး အဆင်မပြေတာကလည်း ကိုယ့်ကံနဲ့ ကိုယ်[illegible]

ဘာမှစိတ်ထဲမှာ မထားနဲ့ . . . နော်"

ပိုင် . . . ကိုကို့လက်မောင်းကို ခပ်တင်းတင်းဆုပ်လိုက်မိ[illegible]

ဒါ . . . အားပေးခြင်းအရာမြောက်သည်လေ။ ကိုကိုမပြောလည်[illegible]

တစ်နေ့နေ့တော့ ကိုကို့ချစ်သူကို စုံစမ်းပြီး ပိုင် သွားတွေ့မှာ ဖြစ်လေ[illegible]

မှာပါ။

♥

# အခန်း (၂၄)

"သားကြီး"

"ဗျာ"

နိုင် ကားသော့ကို ယူပြီး ထွက်လာစဉ်မှာပဲ မေမေက ညေ[illegible]

နေ့ထဲမှာ ထိုင်နေရာကနေ ခေါ်လိုက်တာမို့ ထူးလိုက်တာဖြစ်၏။

"ခဏထိုင်ပါဦး"

"ဟုတ်"

လက်က နာရီကို တစ်ချက်ငုံ့ကြည့်လိုက်တော့ စောပါသေး

ဘယ်ဆိုပြီး နိုင် ခဏဝင်ထိုင်လိုက်သည်။ ညီတော် စောစောက[illegible]

ထွက်သွားတာပဲဟာ၊ ကိုယ်က ဦးရင်က ငုတ်တုတ်တုတ် ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲလေ။

"မေမေ ပြောစရာရှိလို့လား"

"ပြောစရာဆိုတာထက် မေးစရာရှိတာပါ"

"ဟုတ် . . . မေးပါ"

"သားကြီးပြောတော့ သားကြီးရဲ့ချစ်သူကို လက်ခွဲခေါ်လာပြမယ်ဆို၊ လက်ထပ်ဖို့ကိစ္စကရော ဘယ်လိုလဲ"

နိုင့်ရင်ထဲမှာ စူးခနဲဖြစ်သွား၏။ ကိုယ့်ဘာသာ စိတ်စာတင်ခြမ်းရိုက်ပြီး ပြောခဲ့သမျှ ခုတော့ လေလုံးထွားသလိုဖြစ်ခဲ့ပြီ။

"ပြောလေ သားကြီး"

"သူနဲ့သား အဆင်မပြေလို့ပါ"

"ဘယ်လို"

"သူနဲ့သားနဲ့ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး ထင်ပါတယ် မေမေရယ်၊ အခု . . . သူက သားကို ခါးခါးသီးသီးဖြစ်နေတာ"

"အလိုတော်"

ဒေါ်မြင့်မြင့်ကြည် ခါးက မတ်ခနဲဖြစ်သွား၏။ ကိုယ့်သားကို ဘယ်သူက ခါးနေတာလဲ။ ကိုယ့်သား အသားက မထွေးအသားလို တကယ်ခါးနေရင်တောင် ရေပေါင်းစုံနဲ့ ဆေးကြောချင်တဲ့ သမီးရှင်တွေမှ အများကြီးပဲလေ။ ဒါကို ခါးခါးသီးသီးဖြစ်နေတယ်ဆိုတော့





စိတ်ထဲမှာ မျက်ခနဲဖြစ်သွားမိ၏။ ဘယ်သူပဲဖြစ်ဖြစ် ဆိုးနေရင်တောင် ကိုယ့်သွေးသား ထိလို့ကတော့ ဆတ်ဆတ်ခါနာတတ်ကြတာ။

အခု . . .

ကိုယ့်သားက စပါယ်ရှယ်အကောင်းစားလေ။ အဲဒီတော့ နောကျင်ဘဲ နေပါ့မလား။

"သားကြီးလို လူမျိုးကို ခါးသီးနေတယ်ဆိုတာ ဘယ်လိုမိန်းကလေးမျိုးလဲ သားကြီး၊ မေမေ သူနဲ့တွေ့ချင်တယ်"

"မဟုတ်ဘူး မေမေ"

"ဘာမဟုတ်တာလဲ"

မေမေ့အသံက မာဆတ်ဆတ်မို့ စိတ်ခုသွားပြီဆိုတာ သိလိုက်ပြီ . . .

"သူ့အပြစ်မဟုတ်ပါဘူး မေမေ၊ တကယ်က သားမှားခဲ့တာပါ မှားပြီဆိုတာ သိလိုက်ပေမယ့် ပြင်ဆင်ခွင့်တောင် မရတော့ပါဘူး မေမေရယ်။ တကယ်တော့ သားရဲ့အစအနောက်သန်မှုက သူ့ကို စိတ်ဒဏ်ရာရသွားစေခဲ့တာပါ။ အခုတော့ တကယ်မုန်းနေတာအတွက် သားမှာ ဖြေဆေးမရှိတော့ဘူး ထင်ပါရဲ့"

"ဒါကတော့ကွယ် . . . သားက သူ့ချစ်သူပဲ၊ ကိုယ့်ချစ်သူကို ဘယ်လိုအကျင့်ရှိလဲ သူ သိသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူသိပါတယ် ... ဒါပေမဲ့ သားကိုက လွန်သွားခဲ့တာ"

"ဒါဆို ... အခု အဆင်မပြေတော့ဘူးပေါ့"

"လောလောဆယ်တော့ အဆင်မပြေဘူး။ သား သူနားလည်အောင် ရှင်းပြဖို့ ကြိုးစားနေပါတယ်"

"ကိုယ့်ဘက်က အောက်ကျို့ခံရတာတွေ မများလွန်းစေနဲ့နော် သား"

နိုင် ခေါင်းလည်း မခါ၊ ခေါင်းလည်း မညိတ်။ မေမေ့စကားကို နားထောင်ချင်ပေမယ့် ကိုယ် လွန်ထားတာဆိုတော့ ရိုပ်ကျေနပ်နိုင်ဖို့အတွက် အောက်ကျို့ခံနိုင်မှ ဖြစ်မှာလေ။

"သား ... သွားတော့မယ် မေမေ"

"အခု ဘယ်ကိုသွားမှာလဲ"

"ညီက သူ့ကောင်မလေးနဲ့ တွေ့ပေးချင်တယ်ဆိုလို့ပါ"

"ဪ"

"သား ... သွားမယ်နော်"

"အေး ... အေး"

ဒေါ်မြင့်မြင့်ကြည် သားကြီးကျောပြင်ကို လိုက်ကြည့်ပြီး သက်ပြင်းချလိုက်မိ၏။ ခဲလေသမျှ သဲရေကျဖြစ်ကုန်ပြီထင်ပါရဲ့။ အ ကတော့ သားငယ်ကောင်မလေးက အဆင်ပြေနေတာပါပဲ။ ကောင်း





လေးက ထက်ထက်မြက်မြက် သွက်သွက်လက်လက်ရှိပြီး လှလည်းလှ၊ သိမ်လည်း သိမ်မွေ့သည်လေ။ ချွေးမအဖြစ် လက်မခံနိုင်စရာ အကြောင်းမှမရှိတာ။

နိုင် ...

ကားနဲ့ထွက်လာခဲ့ပြီး ချိန်းထားတဲ့နေရာကိုရောက်တော့ ညီတို့က မရောက်သေးပေ။ ဒါကြောင့် ကျန်တာ ဘာမှမမှာသေးဘဲ ရေသန့်တစ်ဗူးသာ မှာပြီး ရေတစ်ခွက်ထည့်သောက်ကာ စောင့်နေလိုက်၏။ နောက်တော့ ဘယ်ရောက်နေလဲ သိချင်တာကြောင့် ဖုန်းကို ထုတ်လိုက်ကာ ...

"ဟယ်လို"

"ညီ မလာသေးဘူးလား။ ကိုကို စောင့်နေတာ ကြာပြီ"

"လာနေပြီ ကိုကိုရဲ့၊ ကားတွေ ကျပ်နေလို့ပါ"

"အခု ဘယ်ရောက်နေပြီလဲ"

"အခုလား"

"အေး"

"ဆိုင်ရှေ့ရောက်နေပြီ"

"ဪ"

"ဒါပဲနော် ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ"

ဆိုင်ရှေ့ရောက်နေပြီဆိုတော့ ဖုန်းကို ချလိုက်ခြင်းနှင့်အတူ ညီတို့ ပေါ်လာမယ့်နေရာကို ကြည့်နေမိတော့ ...

"ကိုကို"

"ဟော"

ပေါ်လာပါပြီ ကိုရွှေပိုင်လေး။ နိုင် ညီကောင်မလေးဆီကို အကြည့်ရွှေ့လိုက်တော့ ...

"ဟင်"

"..."

"ဒေါက်"

နိုင့်လက်ထဲက ဖုန်းအောက်သို့ ပြုတ်ကျသွားလေ၏။ ဒါကို သတိမထားမိဘဲ နွေရိပ်ကိုကြည့်နေတဲ့ မျက်လုံးတွေက ပြူးထွက်လာတော့ မတတ်ပါပဲ။ ညီ့ရဲ့ချစ်သူ 'မ' ဆိုတာ ကိုယ် ရင်နှင့်အောင် ချစ်ခဲ့ရတဲ့ ရိပ်ကဲ့လား။ အဲဒီလောက် တိုက်ဆိုင်နေပြီဆိုလျှင် ရက်စက်လိုက်တာ ကံကြမ္မာရယ်။ ညီချစ်တဲ့သူနဲ့ ကိုယ်ချစ်တဲ့သူက တစ်ယောက်တည်းတဲ့လား။

သူ့ကိုမြင်တော့ ...

နှုတ်ခမ်းတင်းတင်းစေ့ပြီး ရိပ်မျက်နှာကြောက တင်းသွားလို့





ပါလား။ ကိုယ်နဲ့ပတ်သက်ပြီး ညီ့ကိုတော့ ဆက်မမုန်းလိုက်ပါနဲ့ ရိပ်ရယ်။ ကိုယ် တောင်းပန်ပါတယ်။ ကိုယ့်ညီလေးရဲ့နှလုံးသားကိုတော့ ချမ်းသာပေးပါ။

"ကိုကို ဖုန်းကျသွားပြီလေ"

ပိုင်ပြောတာကို နိုင်က မကြားဟန်နှင့် ကြောင်ကြည့်နေလေလျှင် ပိုင်ပဲ ဖုန်းကိုကောက်ယူလိုက်ပြီး ...

"မကွဲလို့ တော်ပါသေးရဲ့၊ အင် ... ထောင့်မှာ နည်းနည်းတော့ အက်သွားတယ်၊ ကိုကို ကဗျာကလေးကျနေတာပဲ နမော်နမဲ့နဲ့ ... ရော့"

လက်ထဲထည့်ပေးတဲ့ ဖုန်းကို လက်ခံရယူလိုက်ခြင်းမှ လက်ကတုန်သွားလေသဖြင့် မနည်းသတိထားလိုက်ရ၏။

နွေရိပ် ...

သူ့ကို မြင်လိုက်ရတော့ အနာပေါ် တုတ်ကျဖြစ်ပြီး ပထမတော့ လှည့်ပြန်မလို့ပါပဲ။ နောက်တော့ စိတ်ကူးက တစ်မျိုးပြောင်းသွားသည်လေ။ ကိုယ်လှည့်ပြန်ရင် ကိုယ် အရှုံးဖြစ်သွားမှာပေါ့။ ဘာလို့ ပြန်ရမှာလဲ မပြန်ဘူး။ အခုမှ မြွားတစ်စင်းထဲနဲ့ ငှက်နှစ်ကောင်ကို ပစ်လို့ရမှာပဲဥစ္စာ။

ကိုယ် ဒဏ်ရာရခဲ့တုန်းက ကိုယ့်နှလုံးသားတစ်ခုတည်း

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အခု ကိုယ်တွေ့ဖြစ်လာတော့ ပြန်ထုရမှာ နှလုံးသားက နှစ်ခု ဒီအတွက် ကိုယ်ခံခဲ့ရတာ တန်သွားပါပြီ။ ရှင် ဘယ်လောက်ခံနိုင်ရည် ရှိမလဲ တွေ့ကြသေးတာပေါ့ ကိုစစ်နိုင်သွေးရယ်။ ရှင့်နှလုံးသားကို သံခမောက်ဆောင်းပေးထားရင်တောင် ရှင့်ညီရဲ့နှလုံးသားက မလုံ မခြုံ လက်ဝါးနဲ့ အုပ်မိုးထားတာပါ။

"မ"

"ဟင်"

"ဘာလုပ်နေတာလဲ . . . လာလေ"

"သြော် . . . အင်း"

ပိုင်က ပြန်လာပြီး လက်ဆွဲခေါ်ကာ . . .

"ထိုင်"

"ညီ"

"ဗျာ"

"ညီ့ချစ်သူဆိုတာ"

"ဟုတ်တယ်လေ ကိုကိုရဲ့ 'မ' နာမည်က နွေရိပ်သွင်တဲ့"

"သြော်"

သြော် . . . ဆိုတဲ့ အသံတုန်မသွားအောင် မနည်းထိန်းလိုက် ရ၏။





"မ"

"ဟင်"

"ဒါ . . . မောင့်ကိုကိုပေါ့ မှတ်ထားနော်၊ နာမည်က စစ်နိုင် သွေးတဲ့၊ မောင့်နာမည်က စစ်ပိုင်သွေး"

အဲဒါ အရင်က ဘာလို့ မပြောတာလဲလို့ မေးလိုက်ချင်ပေမယ့် အမြှုးကို ဗုံးတစ်လုံးလို အသုံးချကြဲလိုက်ပြီး . . .

"သြော် . . . ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်ကလည်း ဝမ်းသာပါတယ်"

"ဆုံတတ်တယ်နော်"

"ဟင် 'မ' ဘာကိုပြောတာလဲ"

ပိုင်က ငုံ့ကြည့်ပြီး မေးလေတော့ . . .

"မဟုတ်ပါဘူး . . . ပိုင်တို့ညီအစ်ကိုနှစ်ယောက်စလုံးက ချောကြတယ်လို့ ပြောတာပါ"

"မ,လည်း အရမ်းလှတာပဲလေ"

"အဟွန်း"

"ကဲ . . . ညီ"

"ဗျာ"

"ညီ့ချစ်သူနဲ့ တွေ့ပြီးပြီဆိုတော့ ကိုကို သွားတော့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ထပ်တွေ့ကြတာပေါ့ . . . နော်"

"ဘာမှမစားတော့ဘူးလား ကိုကိုရဲ့"

"ကိုကို သွားစရာရှိသေးလို့ပါ . . . ဘိုင်နော်"

နိုင် နှုတ်ဆက်ပြီး ထွက်လာခဲ့သည့်နောက် ရင်ထဲမှာ ပေ
နေသည်။ ကိုယ့်အတွက် မဟုတ်ပါဘူး ညီ့အတွက်လေ။ ရိုပ် ညီ့ကို
ကိုယ့်ညှမ်းသိလို့ အသုံးချလက်စားချေဖို့ ကြိုးစားတာလား။ နှနယ်ထဲ
ညီ့နှလုံးသားကိုတော့ မကစားပါနဲ့ ရိုပ်ရယ် ကိုယ်တောင်းပန်ပါတယ်
မင်းလက်စားချေချင်ရင် ကိုယ့်ကိုပဲ ကြိုက်သလို စိရင်
ကွာ။

♥

## အခန်း (၂၅)

"ဘယ်လို . . . ဘယ်လို . . . ပိုင်နဲ့နိုင်က ညီအစ်ကို ဟုတ်
[illegible] နွေရိုပ်"

"ဟုတ်တယ်"

ဖြေတဲ့အသံက ခပ်ပြတ်ပြတ်ပါပဲ။ ပိုင့်ကို နွေရိုပ် တကယ်
[illegible]ခဲ့သည့်တိုင် နိုင့်ညီဖြစ်နေတော့ ဘယ်လိုဆုံးဖြတ်ရမလဲ။ ပိုင့်နှလုံး
[illegible]ကိုပါ လက်စားချေလိုမှုတွေနဲ့ ကျောခိုင်းလိုက်ရမလား။ ဒါမှ
[illegible]တ် ပိုင့်လက်ကို ရဲရဲဆုပ်ပြီး နိုင့်နှလုံးသားတစ်ခုတည်းကိုပဲ ဦး
[illegible]ခြေမှုပစ်ရမလား။

ဘာပဲဖြစ်ဖြစ် . . .



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ် အနိုင်ရမှာပါ။ ပိုင့်ကို တကယ်ချစ်တာမို့ ဂေက်... လိုက်ရင် ကိုယ့်အတွက် အဆင်ပြေပြီး စစ်နိုင်သွေးနှလုံးသားကို ... ခြေပြီးသားဖြစ်သွားမှာဆိုတော့ ပိုင့်ရဲ့တောင်းဆိုမှုကို ခေါင်းညိတ်လိုက်... ရမလား။

"နွေရိပ်"

"..."

"နင် ဘယ်လိုဆုံးဖြတ်မလဲ"

"ဘယ်လိုလုပ်ရမလဲ ... ချစ်သူနှစ်ယောက်ဖြစ်နေ... တောင် ဒုတိယချစ်သူကိုပဲ ရွေးပါဆိုတဲ့စကား ငါ အင်တာနက်... တွေ့လိုက်တယ်၊ ပထမချစ်သူကို သင် တကယ်ချစ်ရင် ဒုတိယချ... ဆိုတာ ရှိလာစရာအကြောင်း မရှိဘူးတဲ့၊ အဲဒါ ဒုတိယချစ်သူကို... ချစ်လို့ ဒုတိယချစ်သူဆိုတာ ရှိလာတာတဲ့လေ၊ အခု ... ငါက ... လူကို အချစ်တွေနှုတ်ပြီး အမုန်းကို ပေါင်းထားတာပဲဥစ္စာ"

"ဩော် ... တော်တော်မှတ်သားလောက်တဲ့ စကားပါလ..."

"ဒါဆို ... နင်က ပိုင့်ကိုပဲ ရွေးမယ်ပေါ့"

"အင်း"

"ကောင်းပါတယ်"

"ရမ်းကောင်းမနေနဲ့ဦး။ နိုင်နဲ့နွေရိပ် ပတ်သက်ခဲ့မှုတာ...



...င် သိသေးတာမှ မဟုတ်တာ၊ သိရင် ဘာတွေဆက်ဖြစ်ဦးမလဲ ...ပြောတတ်သေးဘူး"

"သူ ငါ့ကို တကယ်ချစ်တယ်ဆိုရင် ဘာမှဖြစ်စရာအကြောင်း ...ရှိပါဘူး"

နွေရိပ်ကတော့ ယုံကြည်နေသည်။ ပိုင် သူမကို တကယ် ...ချစ်တယ်ဆိုတာကိုပေါ့။ ချစ်တတ်သူတိုင်းက အံ့ပြစ်ရှိတာတောင် ...အပြစ်ကို အချစ်နဲ့ ဖုံးကွယ်ပစ်တတ်ကြတာ။ ချစ်သူရှိခဲ့ဖူးတာ ပိုင် ...သိနေတာပဲ။ ဒါ လူတိုင်း ကင်းနိုင်ကြတာမှ မဟုတ်ဘဲလေ။

"စစ်နိုင်သွေးက ဘာမှမစားမသောက်ဘဲ ထ,ပြန်သွား...တယ်ဆိုတော့ ရှောင်ထွက်သွားတာပဲဖြစ်မယ်နော်၊ မခံစားနိုင်လို့ပဲ ...လား၊ ဒေါသဖြစ်လို့လားမသိဘူး၊ သိချင်လိုက်တာ"

"သိချင်ရင် နင် သွားမေးပါလား"

"အေးပေါ့ ... ဂျာနယ်ထဲ ... ဟာ မောင်ရယ် ဘာတွေ ...ပြောနေတာလဲ၊ သွားမေးရင် အခုချိန်မှာလေ လက်ဝါးလား၊ လက်သီး ...လား တစ်ခုခုတော့ မြည်းခဲ့ရမှာ ကျိန်းသေတယ်ဟ၊ မြွေပူရာ ကင်း ...ကောက်တယ်ဆိုပြီးတော့လေ"

"အဲဒီတော့ ဘာဖြစ်လဲ မျက်နှာမှာ တံဆိပ်တစ်ခုကပ်ပြီးသား ...သွားတာပေါ့၊ ချစ်သူနဲ့ ချိန်းတွေ့ရင် အဝေးက မြင်လာတည်းက

www.burmeseclassic.com



မှတ်မိလွယ်အောင်လေ''

''ကောင်မ''

ဝါဝါက မောင့်လက်မောင်းကို ဖျတ်ခနဲ လှမ်းရိုက်ပြီး ရယ်ကြလေ၏။ နွေရိပ်ကတော့ ရယ်နိုင်ပါ့မလားလေ။ ရင်ထဲမှာ ကျိတ်မှိန်းခဲလာမှ အဆုံးသတ်တော့မယ်လို့ ဆုံးဖြတ်လိုက်မှ ရင်းရင်းနှီးနှီး ထပ်ပတ်သက်စရာအကြောင်းက ရှိလာတော့လေ။ ပိုင့်ကို ချစ်နေ တော့ နိုင်ဆိုတဲ့လူကို မခေါ်ချင်လို့သာရမယ်၊ မတော်ချင်လို့မှ မ တာ။

''နွေရိပ်''

''ဟင်''

''ငါ တစ်ခုခုကိုတော့ ကြိုသိနေသလိုပဲ သိလား''

''ဘာကိုလဲ''

''စစ်နိုင်သွေး ... နှင်နဲ့နှစ်ယောက်တည်းတွေ့ဖို့ ကြိုးစား လိမ့်မယ်ထင်တယ်၊ ပိုင်နဲ့ပတ်သက်ပြီးတော့ ဒါမှမဟုတ် သူ့အကြောင်း အရာတစ်ခုခုအတွက်ပေါ့''

မောင့်စကားကြောင့် နွေရိပ် တွေခနဲဖြစ်သွားပြီး ...

''တွေ့တော့လည်း ရှင်းလိုက်ရုံပေါ့''

ဟုတ်တယ်လေ။ တစ်သက်လုံး ရှောင်နေလို့မှမရ



တွေ့ရင် ရှင်းစရာရှိတာ အပြတ်ရှင်းကြရုံပဲ ရှိတော့တာပေါ့။ သူနဲ့ကိုယ် ဘာမှပတ်သက်မှု မရှိတော့တဲ့အတွက် ကြောက်နေစရာမလိုဘူးလေ။

''လှတဲ့သူတွေများတော့ ချစ်တဲ့သူတွေကို ဝိုင်းဝိုင်းလည် နေတာပဲ၊ တို့များကျတော့ ... ဟူး''

''ဘာဖြစ်လဲ''

''လက်ရှိရည်းစားလေးနဲ့ မပြတ်အောင် မနည်းကို နှောင် တည်းနေရတာပဲလေဟာ''

ဝါဝါ စိတ်ပျက်လက်ပျက်ပုံစံနှင့် ပြောလေတော့ မောင်က ရယ်တာ တခိခိနှင့်ပါ။ လူ့အတော်များများက အပေါ်ယံအလှအပကိုပဲ ကြည့်ပြီး ချစ်ကြကြိုက်ကြတာကိုပဲလေ။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

နွေရိပ် ဘုရားပန်းလဲဖို့ ဘုရားပန်းအိုးတွေယူပြီး အောက်ထပ်သို့ ဆင်းလာခဲ့စဉ် ပုတေး တက်လာတာနှင့်တိုးပြီး . . .

"နွေရိပ်"

"သုတ်သီးသုတ်ပျာနဲ့ ဘာလဲ ပုတေး"

"နွေရိပ်နဲ့ တွေ့ချင်လို့တဲ့ . . . ဧည့်သည်ရောက်နေတယ် ပုတေး စောင့်ခိုင်းထားတယ် နွေရိပ်"

"ဟုတ်လား . . . ယောကျ်ားလား၊ မိန်းမလား"

"ယောကျ်ားပါ"

"အင်း . . . ဒါဆို ဒီဘုရားပန်းအိုးတွေ ပုတေးပဲ ယူသွား



လိုက်နော်၊ ပန်းက မရွေးရသေးဘူး။ ခြံထဲမှာ မေမေ ဆင်းခူးနေတယ်၊ ပြီးရင် . . . လဲလိုက်ပေါ့"

"အေး . . . အေး"

ပုတေးလက်ထဲသို့ ဘုရားပန်းအိုးတွေ ထည့်ပေးခဲ့ပြီး နွေရိပ် ဆက်ဆင်းလာခဲ့သည်။ ယောကျ်ားဧည့်သည်ဆိုတော့ ဘယ်သူများ ပါလိမ့်။ ပိုင်ဆိုရင်တော့ ပုတေး သိနေတာပဲဥစ္စာ။ ပိုင် မဟုတ်ဘူးဆို တော့ . . .

ဘယ်သူဖြစ်နိုင်မလဲ စဉ်းစားရင်း . . .

မြင်သာတဲ့နေရာရောက်လို့ ကြည့်လိုက်တော့ . . .

"ဟင်"

". . ."

"စစ်နိုင်သွေးပဲ"

သူငယ်ချင်းတွေ ပြောခဲ့တာ မှန်နေပါရောလား။ စစ်နိုင် သွေး နှင်နဲ့နှစ်ယောက်တည်းတွေ့ဖို့ ကြိုးစားလိမ့်မယ်ထင်တယ် ဆိုတာလေ။ အခု တကတဲ တကယ်ရောက်လာပြီဆိုတော့ . . .

"ဪ . . . ဧည့်သည်ရောက်နေတယ်ဆိုလို့ ဘယ်သူများ ပဲ မှတ်တယ် . . . ကိုစစ်နိုင်သွေးကို"

"ရိပ်"

www.burmeseclassic.com



"ထိုင်ပါ"

ထ,ရပ်မလို့လုပ်တဲ့ စစ်နိုင်သွေး ထ,မရပ်ဖြစ်ပဲ ရှိသွား နွေရိပ်က ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်းပဲ . . .

"ကဲ . . . လာရင်းကိစ္စဆိုပါဦး"

နိုင့်ရင်ထဲမှာ တကယ့်ကို နင့်နင့်သီးသီးကြီးနဲ့ ရင်ခေါ် မှာလည်း ပူလောင်ပြင်းပြမှုတွေ။ အသည်းကွဲလို့ သေတဲ့မသာ ပေမယ့် သေချင်လောက်အောင်ကို ခံစားနေရတာလေ။ ခုတော့လည် စိမ်းရက်နိုင်ပြီပေါ့။

အချစ်ဆိုတဲ့အရာက . . .

သူ့ကို လှည့်စားကစားနိုင်သူတွေအတွက်တော့ အရုပ် ရုပ်လို ငြိမ်ခံနေပြီး သူက အရှုံး၊ လူက အနိုင်ပဲပေါ့။ အချစ် အလေးအနက်ထားပြီး သစ္စာတရားကို ကိုးကွယ်ချင်တဲ့သူတွေအတွ ကျတော့ အချစ်က အနိုင်ဘက်နေပြီး လူကို နှိပ်စက်တတ်တာ သူတိုင်း မရှုမလှပါပဲ။ လောကကြီးထဲမှာ ကိုယ်လိုလူမျိုးတွေ ဘယ် ယောက်တောင် ရှိနေမလဲ။

"ကိုယ် ရိပ်ကို တောင်းပန်ဖို့ လာခဲ့တာပါ"

"ဘယ်လို"

"ဟုတ်တယ် . . . ရိပ်ကို တောင်းပန်ပါတယ်"



"ကိုစစ်နိုင်သွေး . . . အသလွတ်ကြီး ကျွန်မကို တောင်းပန် နေတာပါလား။ ဘာအတွက် တောင်းပန်တာလဲ၊ ပိုင်နဲ့ကိစ္စ နောက် ဆုတ်ပေးဖို့လား"

မေးစရာဖြစ်လာတော့ မေးပြီလေ။ အရင်းမရှိ၊ အဖျားမရှိနဲ့ အသလွတ် တောင်းပန်နေတာကိုး။

"ပြောလေ . . . ရှင် ဘာအတွက် ကျွန်မကို တောင်းပန်တာ လဲ"

"ညီအတွက်ပါ"

"ဘာဖြစ်လို့လဲ"

"ရိပ် ကိုယ့်ကိုမုန်းလို့ လက်စားချေချင်တယ်ဆိုရင် ကိုယ့် ကိုပဲ ရိပ် ကြိုက်သလို စိတ်တိုင်းကျ စီရင်ပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ် လည်စင်းခံမယ်၊ ညီကိုတော့ ချမ်းသာပေးပါ၊ ညီက အချစ်နဲ့ပတ် သက်ပြီး အရမ်းကို ထိလွယ်, ရှလွယ်ဖြစ်မှာစိုးလို့ပါ၊ သူက မခံစားဖူး တော့လေ"

"သြော် . . . အဲဒီအတွက်လား"

"ဟုတ်ပါတယ်"

နှုတ်ခမ်းထက်က မဲ့ပြုံးတစ်ချက်က ကိုယ့်ကိုလှောင်လိုက် တာမှန်း သိပါတယ်လေ။ ကိုယ့်သွေးထိတော့ မချိအောင် နာတတ်

www.burmeseclassic.com

www.burmeseclassic.com



သလားလို့ ပါးစပ်က မေးပေမယ့် မျက်ဝန်းတွေက မေးနေသလိုပါပဲ။

"ရှင် ကျွန်မအပေါ် ရက်စက်ခဲ့တုန်းကတော့ အဲဒီလို ကိုယ်ချင်းစာတရားနဲ့ တွေးခဲ့ဖူးလား ကိုစစ်နိုင်သွေး"

"ဟင်"

ကြားလိုက်ရတဲ့စကားသံနဲ့ မြင်လိုက်ရတာက ညှို့ခန်းထဲမှာ ထိုင်နေတာ ကိုကိုနဲ့ 'မ'ပါ။ ပိုင် ကိုယ်ကို နံရံကွယ်မှာ ဝင်နေလိုက်ပြီး ဘာဆက်ပြောမလဲ နားထောင်နေမိတာ ရင်ထဲမှာ တထိတ်ထိတ်။ ကိုကို ဘာကိစ္စနဲ့ 'မ'ဆီ လာတာလဲ။ ကိုကိုနဲ့ 'မ'က ဘယ်လိုပတ်သက်နေလဲ။ သူရောက်မလာခင်အထိ ဘာတွေပြောနေကြတာလဲ။

ရင်ထဲမှာ ...

လဲပေါင်းများစွာက ထူရာမထဖြစ်နေစဉ် ...

"ကိုယ်ချင်းစာပေးရအောင် ကိုယ်က ရိပ်အပေါ် ဘာတွေများ ရက်စက်ခဲ့လို့လဲ၊ ကိုယ် ထပ်ရှင်းပြရရင် အဲဒီနေ့က ရိပ် ကော်ဖီပူပူကြိုက်မှန်းသိလို့ ကိုယ် ... ကိုယ်တိုင်ပဲ စေတနာ၊ အကြင်နာတွေ အပြည့်နဲ့ ဖျော်လာပေးခဲ့တာ၊ ဂမုန်းသောက်တဲ့ ကော်ဖီက ကိုယ်ဖျော်တာ လုံးဝမဟုတ်ဘူး"

"ဘာစေတနာ၊ အကြင်နာတွေနဲ့ ဖျော်လာပေးတာ ဟုတ်လား ကိုစစ်နိုင်သွေး။ အဲဒီနေ့က ကော်ဖီတစ်ခွက်ကြောင့် တစ်ချိန်လုံး



ကော်ဖီပူပူမြင်တိုင်း ကျွန်မလျှာတွေ ကျွတ်ထွက်မတတ် ပူလောင်ခံစားနေရတာ ဒီနေ့အထိပဲ၊ အဲဒါ ... ရှင် သိရဲ့လား"

"ကိုယ်က တမင်ရည်ရွယ်ခဲ့တာမှ မဟုတ်ဘဲ"

အင်ကြင်းပန်းမှာပါလာတဲ့ ခါချဉ်ကောင်ကြောင့် စူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်းအပေါ် အငြိုးကြီးခဲ့သလို ကော်ဖီတစ်ခွက်ကြောင့် ရိပ်က နိုင့်အပေါ် မုန်းတီးအငြိုးထားခဲ့တယ်ဆိုရင် နာမျှောင်းအဖြစ် ပန်စရာ နိုင့်မှာ ပေးစရာမရှိပေမယ့် ရင်ကိုခွဲပြီး အသည်းကိုပဲ ယူယူ ညီကို ချမ်းသာပေးမယ်ဆိုရင် နိုင် ပေးဆပ်နိုင်ပါသည်လေ။

"ရှင် မရည်ရွယ်ခဲ့ပေမယ့် ကျွန်မ နှလုံးသားကတော့ ဟက်တက်ကွဲသွားခဲ့တာပဲ၊ ပြီးတော့ ... ဂမုန်းနဲ့ကိစ္စ"

"အဲဒါ ... ကိုယ်နောက်ခဲ့တာ၊ တကယ်မဟုတ်ဘူးလို့ ကိုယ်ရှင်းပြပြီးပြီလေ၊ အမြဲတမ်း ကိုယ်ချစ်ခဲ့တာ ရိပ်တစ်ယောက်တည်းပဲ"

"တော်စမ်းပါ"

"ကိုယ် အမှန်တွေပြောနေတာ ရိပ်၊ ကိုယ် ရိပ်ကို အရင်ကလည်း ချစ်တယ်၊ ခုလည်း ချစ်နေဆဲ နောင်လည်း ချစ်နေဦးမှာပဲဒါပေမဲ့ ... ရင်ထဲမှာပါ၊ အခု ညီနဲ့ပတ်သက်ပြီး ကိုယ်နောက်ဆုတ်ပေးနိုင်တယ်၊ တမင် လက်စားချေရုံဆိုရင်တော့ ညီ့အပေါ် မရက်စက်

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့လို့ ကိုယ် တောင်းပန်ပါတယ်''

ကြားလိုက်ရတဲ့စကားတွေက ပိုင့်ရင်ဘတ်ကို ဓားတုံးတုံး ကျိတ်လှီးနေသလိုပါပဲ။ လက်စသတ်တော့ ကိုကိုနဲ့ 'မ'က ဇာတ်လမ်း ရှိခဲ့ဖူးတာပဲ။ ပိုင် ဘာလုပ်ရမလဲ။ ကိုကိုက ကိုယ့်ကို ရင်ဖွင့်ထားတာ ပဲလေ။ သူ့ကောင်မလေးကို သူ ဘယ်လောက်ချစ်ကြောင်း ကိုယ် သိနေပြီဆိုတော့ ကိုယ်ကပဲ ကိုကို့နှလုံးသားကို ခွဲထုတ်သလို ဖြ နေပြီလား။

ဘာလုပ်ရမလဲ . . .

ရှေ့တိုးရမလား နောက်ဆုတ်ရမလား။ ကိုယ်ကလည်း 'မ' ကို ရူးလောက်အောင် ချစ်နေသူ။ ကိုကို့ကိုလည်း ချစ်သည်ဆိုတော့ ကိုယ့်အသည်းကိုပဲ ကိုယ်တိုင်ခွဲထုတ်ရမလား။ 'မ'ကိုလည် ဘာကြောင့်ဖြစ်ဖြစ် အပြစ်မတင်ရက်လေတော့ . . .

ဒီနေရာကနေ လှည့်ပြန်သွားတာပဲ ကောင်းပါတယ်။

''အဲဒီအတွက်တော့ စိတ်ချ ကိုစစ်နိုင်သွေး၊ ကျွန်မ ပိုင့် တကယ်ချစ်ခဲ့တာ''

အခြားသူကိုချစ်တာဆိုရင်တော့ ဖြစ်ချင်ရာဖြစ် နိုင် ဝ ကြဲလိုက်ပြီးပြီ။ အခုက ကိုယ့်ညီဆိုတော့လေ . . .

''တကယ် ညီ့ကို ချစ်တယ်ဆိုရင် ကိုယ် ဝမ်းသာပါတယ်''



''ရှင်ပြောချင်တာ ဒါပဲမို့လား''

''ရိုပ် . . . ကိုယ့်ကို မနှင်ပါနဲ့''

''ရှင် နောက်ထပ် ကျွန်မအိမ်ကို မလာပါနဲ့လို့ တောင်းဆို ပါတယ်၊ ရှင်နဲ့ ကျွန်မ ပတ်သက်ခဲ့တာကို ပိုင် သိသွားရင် မကောင်း ဘူးဆိုတာ ရှင် နားလည်မှာပါ''

''ကိုယ် ကတိပေးပါတယ်''

''ကျေးဇူးတင်ပါတယ် ကိုစစ်နိုင်သွေး''

မချိုသောရင်ခွင်ကို လွှတ်ချလိုက်ရင် ပီတိရင်ခွင်ဖြစ်လာ ယတဲ့။ မချိုသောရင်ခွင်ကိုတော့ နိုင် လွှတ်ချလိုက်ပါပြီ။ ပီတိရင်ခွင် ဖြစ်လာမလာကတော့ . . .

''ကိုယ့်ကို မြန်ခွင့်ပြုပါဦး''

''ကောင်းပါပြီ''

နိုင် ထွက်လာခဲ့သလို သူ့ အရင်ကတည်းက ပြန်ထွက်သွား ဖြစ်သော ပိုင့်ရင်ထဲမှာလည်း မီးတောက်တွေနှင့်။ မျက်ဝန်းမှာ က်ရည်တွေ ရစ်သိုင်းဖွဲ့လို့ ကားမောင်းလာရင်း အာရုံတွေ ပျံ့သွား က်ဝန်းတွေက ဝိုးတစ်ဝါးပါ။ ကိုကိုနဲ့'မ' က အရင်တုန်းက ချစ်သူ တွေ ဖြစ်ခဲ့ဖူးတယ်လား။

အစ်ကိုရဲ့ချစ်သူကိုမှ . . .

www.burmeseclassic.com

www.burmeseclassic.com



ရှုရှုမူးမူး ထပ်ချစ်မိတဲ့ ပိုင် . . . တိုက်ဆိုင်မှုတွေ ဒီလောက်ရှိပြီး ဆုံပေးတဲ့ ကံကြမ္မာကို မုန်းလိုက်တာ။ အခုတော့ ပြိုင်ပွဲမဟုတ်ပါဘဲ ဘယ်သူရှုံးလို့ ဘယ်သူနိုင်မှန်းမသိဖြစ်နေတာ။ ပိုင်ကတော့ ဘယ်သူ့အပေါ်မှာမှ မနိုင်ချင်သလို ကိုယ်လည်း မရှုံးချင်ပေမယ့် ကိုယ့်အသည်းကိုပဲ ဆွဲထုတ်လိုက်ပါတော့မည်လေ။

"ဟင်"

မျက်ရည်ကိုသုတ်ပြီး ရှေ့ကို ကြည့်လိုက်ချိန်မှာ နောက်ကားက ကျော်တက်လာပြီး ကိုယ့်ကားရှေ့ ဝင်လိုက်ခြင်းမှာ . . .

"ဟာ"

ဘာတွေ ဘယ်လိုရှုပ်ထွေးကုန်မှန်းမသိတော့ဘဲ . . .

"ဒုန်း"

"ဒုန်း"

"အား"

"ဟာ . . . တိုက်ကုန်ပြီ"

ထိုအသံကိုသာ နောက်ဆုံးကြားလိုက်ရပြီးနောက် . . .

လောကကြီးတစ်ခုလုံး အမှောင်ဖုံးသွားလေတော့သည်။

♥

## အခန်း (၂၇)

ဆေးရုံကို အပြေးအလွှားရောက်လာကြတဲ့လူတွေအားလုံး မျက်ရည်စက်လက်တွေနှင့်ပါ။ အက်ဆီးဒင့်ဖြစ်ပြီဆိုကတည်းက နှလုံးသားတွေ ငယ်ထိပ်တက်ဆောင့်ပြီပေါ့။

"သားငယ်"

"ပိုင်"

"ညီ"

အားလုံးခေါ်နေကြပေမယ့် ပိုင်က မထူးနိုင်။ ပိုင့်မျက်နှာကို ကြည့်ပြီး နွေရိပ် ရင်ထဲမှာ ဘာတွေပြိုကျကုန်မှန်းမသိ။ ပိုင် ဘာမှ မဖြစ်ပါစေနဲ့။ အရှင်ဘုရား . . . ကယ်တော်မူပါ။ ပိုင့်ကို နွေရိပ်ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကနေ ဆွဲထုတ်မသွားပါနဲ့။ နွေရိပ် ပိုင့်ကို တကယ်ချစ်ခဲ့တာပါ။ အစားထိုးလို့မရတဲ့ ချစ်ခြင်းများနဲ့ပေါ့။

ပုတေးပြောတာ . . .

စောစောက ပိုင့်ကား ဝင်လာတာတွေ့တယ်။ သိပ်မကြာဘူး ပြန်ထွက်သွားတယ်တဲ့။ နွေရိပ်နဲ့စစ်နိုင်သွေး ပြောနေတဲ့စကားတွေကို ကြားသွားတယ်ထင်ပါရဲ့။ ပုတေးပြောပြီး သိပ်မကြာခင်မှာပဲ ဖုန်းဝင်လာတာ ပိုင် အက်ဆီးဒင့်ဖြစ်လို့ဆိုတော့ နွေရိပ် မတ်တတ်ကနေ ပြိုလဲသွားတော့မတတ်ပါဘဲ။

ယုံပါ ပိုင် . . .

ပိုင့်ကို 'မ' ရင်ထဲ အသည်းထဲမှာ နှင့်နေအောင် ချစ်ခဲ့တာပါ။ ပိုင် ဘာမှမဖြစ်ပါနဲ့။ 'မ'ဘဝထဲမှာ ပိုင်မရှိလို့မဖြစ်ဘူး။ 'မ' အတွက် အသက်ရှင်ပေးပါ ပိုင်ရယ်။

"ပိုင်"

"သား"

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် ပိုင့်မျက်နှာလေးကိုကြည့်ပြီး မျက်ရည်တွေက အဆက်မပြတ်ကျဆင်းလို့သာ။

"ပိုင်ရယ်"

နိုင် ယောက်ျားတန်မဲ့ မျက်ရည်က ကျချင်ချင်။ သူ ညီကို



သိပ်ချစ်တော့ စိုးရိမ်စိတ်ကလည်း များနေတယ်လေ။ ကိုကို့ရင်ကိုခွဲပြီး အသည်းကိုယူပါဦး။ ဒါပေမဲ့ . . . မင်း အသက်ဆက်ရှင်ပေးပါ။

ပိုင် သတိမရမချင်း . . .

အားလုံး ပိုင့်အနားက မခွာကြပေ။ နောက်မှ နိုင်က မိဘတွေကို စိတ်မပူဖို့ နှစ်သိမ့်ပေးပြီး အိမ်ပြန်ဖို့ ပြောရ၏။ မေမေက မပြန်ချင်ပေမယ့် မပြန်လို့မဖြစ်ဘူးလေ။ နိုင်ပဲ လူနာစောင့်လုပ်ပြီး ကျန်ခဲ့ရာမှ . . .

နောက်နေ့ ပိုင် သတိရလာတော့ . . .

အားလုံး လူစုံတက်စုံ ဆေးရုံကို ပြန်ရောက်နေသည့်အချိန်

"သားငယ်"

". . ."

"ပိုင်"

". . ."

"သားငယ် သက်သာရဲ့လားဟင်၊ ဒဏ်ရာတွေ သက်သာရဲ့လား။ မေမေဖြင့် စိုးရိမ်လိုက်ရတာ သားငယ်ရယ်၊ အသက်ဘေးက လွတ်မြောက်လို့ တော်ပါသေးရဲ့"

"ခေါင်းတွေ,ဘာတွေ ကိုက်နေလား ညီ"

"ပိုင်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကပဲခေါ်ခေါ် ဘာတွေပဲပြောပြော ပိုင်က ဘာမှမသိ နားမလည်တဲ့ ကလေးတစ်ယောက်လို ဟိုလူ့ကိုကြည့်လိုက်၊ ဒီလူ့ကို ကြည့်လိုက်နှင့် လိုက်ကြည့်နေပုံက ပြုံးတီပြုံးကြောင်ပါ။

"သားငယ် … မေမေ့ကို စကားပြန်ပြောဦးလေ သားငယ်ရဲ့"

"ဟုတ်တယ် … တစ်ခုခုတော့ ပြန်ပြောဦးမှပေါ့ ညီရဲ့ ညီ ဘယ်လိုနေလဲ ဘာဖြစ်ချင်လဲ ကိုကို့ကို ပြောလေ"

"ဟင့်အင်း"

"သားငယ်"

"ပိုင် … ပိုင် ဘာဖြစ်နေတာလဲဟင်"

ပိုင် ခေါင်းတခါခါလုပ်၍ …

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာတွေလာပြောနေကြတာလဲ မသိဘူး … ကျွန်တော် မသိဘူး။ သွားကြ … ထွက်သွားကြပါ"

"ဟင်"

"ပိုင်"

"ဘာပိုင်လဲ၊ ခင်ဗျား ဘယ်သူလဲ၊ မသိဘူးလို့ ပြောနေတာ နော် … သွား"

"အို"



"ညီ"

ပိုင်က သူ့လက်ကို ဆုပ်ကိုင်လိုက်တဲ့ နွေရိပ်လက်ကို ဖယ်ချပြီး အော်လေသဖြင့် နွေရိပ်ကိုယ်လေး ဆတ်ခနဲတုန်သွားခြင်းနှင့် အတူ ရင်ထဲမှာ နင့်ခနဲဖြစ်သွားပြီး ချက်ချင်း မျက်ရည်တွေက ဝဲ တက်လာ၏။ ပိုင် သိသွားပြီလား။ စံနိုင်သွေးနဲ့ ပတ်သက်ခဲ့တဲ့ကိစ္စကို ပိုင် သိသွားလို့ စိတ်နာသွားပြီထင်ပါရဲ့။

မမုန်းပါနဲ့ ပိုင်။

'မ'ကို ပိုင် မမုန်းပါနဲ့နော်။

"ပိုင်ရယ် … မ ရှင်းပြပါရစေနော်"

"ဘာကိုရှင်းပြမှာလဲ … ကျွန်တော် ဘာမှမသိဘူးလို့ ပြောနေတယ်နော်"

"ညီ … ညီ ဘာဖြစ်နေတာလဲ၊ ကိုကို့ကို ကြည့်စမ်း"

"ကြည့်လည်းမသိဘူး"

"ညီ"

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဟင်"

"ကျွန်တော် ဘယ်သူ့ကိုမှ မသိဘူး။ ကျွန်တော် တစ်ယောက်တည်းပဲ နေပါရစေ၊ ကျွန်တော့်ကို မနှောင့်ယှက်ကြပါနဲ့ သွားကြပါ"

www.burmeseclassic.com

www.burmeseclassic.com



"သားငယ် ... မေမေလေ၊ မေမေ့ကိုရော သိလား"

သူ့ရင်ဘတ် သူပုတ်ပြီး မျှော်လင့်တကြီး မေးလိုက်ပေ

"မသိဘူး ... မသိဘူးဗျာ"

"အမယ်လေး"

"မေမေ"

မအေကိုတောင် မသိဘူးဆိုတော့ တွေးကြည့်ပြီး စိုးရိမ်

နှင့် မခံစားနိုင်စွာ ရင်ထဲမှာ ဆို့တက်သွား၏။ နောက်ကို ယိုင်

ဖြစ်သွားတော့ သားကြီးက ဖေးမကာ ...

"ညီ ... ဒါ မေမေလေကွာ၊ ငါ့အမေ မင်းအမေပေါ့

တကယ်မသိဘူးလား"

"ဟင့်အင်း"

"ကျွတ်"

"သားကြီး ... သားညီလေး မေမေ့ကိုတောင် မသိဘူး

မေမေတို့ ကိုယ်ကျိုးနည်းကုန်ပြီ ထင်ပါရဲ့"

"နေပါဦး မေမေရယ် ... သား သ၊ ဝန်ကြီးနဲ့ သွား

ပြီး သေသေချာချာမေးကြည့်ပါဦးမယ်"

ပြောပြီး နိုင် သုတ်သီးသုတ်ပျာ နှင့် ထွက်သွားလေ

... နွေရိပ် ပိုင့်လက်ကို ဖွဖွဆုပ်ကိုင်တာ ဲ့ပဲ ပိုပဲ က မတူမတန်



က်ရုတ်သွားလေလျှင် ...

"ပိုင်ရယ် ... မ,က ပိုင့်ချစ်သူလေ၊ တကယ်ပဲ မမှတ်မိ

တော့ဘူးလားဟင်"

"ချစ်သူ"

"ဟုတ်တယ် ... မ,က ပိုင့်ချစ်သူလေ"

"မသိဘူး"

"ပိုင်ရယ်"

"သမီး"

"..."

"အန်တီတို့ ဘယ်လိုလုပ်ကြမလဲဟင်"

မိန်းမသားတွေမို့ မျက်ရည်က နိုင်ပုံမလားလေ။ တစ်ယောက်

က်ကို တစ်ယောက်ဆုပ်ကိုင်မိကြပြီး မျက်ရည်တွေ ကျနေကြတာ

တော့ မကြည့်ချင်သလို မျက်နှာလွှဲသွားတာ။ ဘာကိုမှ မသိတော့

ဆိုပေမယ့် နှလုံးသားက ရှိနေသေးတော့ မျက်ရည်ဆိုတာကို

ကြည့်ရက်၊ မမြင်ရက်ဘူး ထင်ပါရဲ့။

"သားငယ်ရယ်"

"..."

"မေမေ ဘယ်လိုလုပ်ပေးရမလဲ၊ ကံကြမ္မာက ရက်စက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာကွယ်"

"ကျွန်တော် တစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေ
ပါရစေ ထွက်သွားကြပါ"

ကိုယ်မွေးထားတဲ့ သားက ကိုယ့်ကိုတောင် မသိဘူးဆိုတော့
မိခင်တစ်ယောက်ရဲ့ရင်ထဲမှာ နေဆယ်စင်းမျှ ပူရသည်လေ။ နွေ
ရင်ထဲမှာလည်း မိခင်တစ်ယောက်ရဲ့သောကကို မမီရင်တောင် မသေ
သာလှပါဘူး။ နှစ်ယောက်သား တိတ်ဆိတ်စွာ မျက်ရည်ကျနေကြ
နိုင် ပြန်ရောက်လာပြီး ...

"မေမေ"

"သားကြီး"

"..."

"ဘာပြောလဲဟင် ... ဆရာဝန်က ဘာတဲ့လဲ၊ မေမေ စိ
ပူလွန်းလို့ မြန်မြန်ပြောစမ်းပါ"

"စိတ်အေးအေးထားပါ မေမေရယ်၊ ညီ အသက်ရှင်လျ
ရှိနေတာကိုပဲ သားတို့ ဝမ်းသာကျေနပ်နိုင်အောင် ကြိုးစားရမှာပေ"

ပြောပြီး နိုင် သက်ပြင်းချလိုက်မိ၏။ ညီက အကောင်းပက
မဟုတ်တော့ပေမယ့် အသက်မသေတာကပဲ အဆိုးထဲက အကော
တစ်ခုပေါ့။



"ညီက အတိတ်မေ့ဝေဒနာ ခံစားနေရတာတဲ့ မေမေ"

"အို"

"ဟင်"

ကိုယ်စီ မျက်ဝန်းတွေက ပိုင့်ဆီသို့ ရောက်သွားကြ၏။ သနား
ကောင်းလိုက်တဲ့ ပိုင်ရယ်။

"အဲဒါ ... တကယ် ... တကယ်ပဲလားဟင်"

"သားကြီးရယ် ... သားငယ်က ဒါဆို မေမေတို့ကို ဘယ်
ာ့မှ မှတ်မိပါ့မလဲဟင်"

"တဖြည်းဖြည်းနဲ့တော့ ပြန်ကောင်းသွားမှာပါ မေမေ၊ အချိန်
ိုင်းအတာတစ်ခုအထိတော့ သားတို့ သည်းခံရမှာပေါ့"

"အန်တီ့ကို နွေရိပ် တစ်ခုလောက် တောင်းဆိုပါရစေ"

နွေရိပ် ဆုံးဖြတ်ချက် အခိုင်အမာချပြီး မျက်ရည်တွေ သုတ်
လိုက်၏။ တကယ်ချစ်မိပြီဆိုမှတော့ အေးအတူ ပူအမျှ ချစ်သူရဲ့
ာင်းခြင်းဆိုးခြင်းတွေကို ကိုယ် မျှဝေခံစားပေးနိုင်ရမှာပေါ့။ ပိုင်
တိတ်မေ့သွားခြင်းအတွက် ကိုယ်က သူ့ဝေယျာဝစ္စမှန်သမျှ ကိုယ်ပဲ
ဝန်ယူချင်တာလေ။

ဒါမှ အချစ်စစ်မဟုတ်ဘူးလား။

ကိုယ့်အချစ်ကို သက်သေပြနိုင်ဖို့အတွက် ...

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဘာကိုတောင်းဆိုချင်တာလဲ"

"ပိုင်နဲ့နွေရိပ်ကို အမြန်ဆုံး လက်ထပ်ခွင့်ပြုပါ"

"ဟင်"

ပိုင် ဆတ်ခနဲ မျက်နှာပြန်လှည့်လာပြီး ...

"ပိုင်ဆိုတာ ကျွန်တော်လား"

"ဟုတ်တယ်လေ ... သားငယ်က ပိုင်ပေါ့"

"ဪ"

ဪဆိုပြီး ပြန်လှည့်သွားတဲ့ မျက်နှာကိုပဲ နွေရိပ် လိုက်ကြည့်ကာ ...

"ပိုင်"

"ကျွန်တော်က ပိုင်ဆိုရင် စောစောက ပြောတဲ့ကိစ္စ မဖြစ်နိုင်ပါဘူး"

"ဘယ်ကိစ္စလဲ"

"လက်ထပ်ဖို့ဆိုတာ"

"မ,လေ"

"မပြောပါနဲ့တော့ ... ကျွန်တော် အိပ်ချင်တယ်၊ အေးအေးဆေးဆေး အိပ်ပါရစေ"

နိုင် သ..က်ပြင်းတွေပဲ အခါခါချမိပြီး ...



"သူ အိပ်ချင်တယ်ဆို အိပ်ပါစေ"

ပိုင်က လှဲအိပ်လေတော့ ဒေါ်မြင့်မြင့်ကြည်နဲ့နွေရိပ် အလိုက်သိစွာ တိတ်ဆိတ်နေပြီး နောက်တော့ ပြန်ထွက်လာခဲ့ကြသည်။ ရင်ထဲမှာတော့ မတူညီတဲ့ ခံစားချက်တွေနဲ့ပေါ့။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ခေါင်းကို ငုံ့ထားရာမှ ပိုင့်မျက်ရည်စက်က ပေါက်ခနဲ ကျ သွားလေသည်။ ယောကျ်ားမျက်ရည် မကျရဘူးလို့ ဘယ်သူက သတ် မှတ်ထားလို့လဲ။ သတ်မှတ်ချက်ရှိရင်တောင် ခံစားချက်တွေ ဒီလောက် ပြင်းပြနေတာ သတ်မှတ်ချက်ကို ချိုးဖောက်မိမှာ အမှန်ပါ။ နောင်တော် ရာမအတွက် . . .

သီတာကို ချစ်ပါလျက်နဲ့ အရှုံးပေးခဲ့ရတဲ့ လက္ခဏာမင်းသား ရဲ့ဆုံးဖြတ်ချက်အတိုင်း ပိုင်လည်း ကိုကို့အတွက် နှလုံးသားကို စတေး လိုက်တာပါလေ။ အမြဲတမ်း ပိုင်နဲ့ ပတ်သက်လာရင် ကိုကိုကချည်းပဲ အရှုံးပေးခဲ့သမျှ ဒီတစ်ခါတော့ ပိုင်ပဲ အရှုံးပေးလိုက်ပါတော့မည်။





ဒါ နိုင်မှာတဲ့ ဆုံးဖြတ်ချက်နှင့် အားလုံးကို ညာခဲ့မိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။

ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ။

"မောင်စစ်ပိုင်သွေး"

". . ."

"မင်း တော်တော်ခံစားနေရလား"

". . ."

"မင်း ညာနိုင်းလို့သာ ဆရာ ညာရတာ၊ ညာတော့ မညာ ချင်ဘူးကွာ၊ ဟိုခမျာတွေလည်း ကြည့်ပြီး သနားစရာဆိုတော့ ဆရာ စိတ်မကောင်းဘူး"

"ကျွန်တော်လည်း မလွှဲသာလို့ ဆရာ့ကို အကူအညီတောင်း ရတာပါ၊ ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာရယ်"

ဒေါက်တာ အောင်သက် ခေါင်းခါပြီး သက်ပြင်းချလိုက်မိ၏။ အချစ်နာကျနေတဲ့ လူငယ်လေးတစ်ယောက်ကို သနားလည်း သနား၊ အပြစ်တင်ဖို့လည်း ခက်နေတာလေ။ ညီရဲ့ချစ်သူက တစ်ချိန်က အစ်ကို ရဲ့ချစ်သူဖြစ်ခဲ့ဖူးသတဲ့၊ ပြီးတော့ အစ်ကိုလုပ်သူကလည်း အဲဒီ ချစ်သူကို မပြတ်နိုင်သေးဘဲ ချစ်နေတုန်းတဲ့လေ။

ဒါကြောင့် . . .

www.burmeseclassic.com



ဆရာရယ် ကူညီပါဆိုလို့ အကိတ်မှနေတယ်လို့ ညာပြော ပေးရသည့်တိုင် မြင်နေ့ကြားနေရတာတွေက မသက်သာ။ လူငယ်တွေရဲ့ နှလုံးသားရေးကိစ္စမှာ ဝင်မပါချင်ပေမယ့် အသနားခံလို့ ပါမိနေပြီလေ။

"မင်း ... တကယ်ပဲ နောက်ဆုတ်ပေးမယ်ပေါ့ ... ဟုတ်လား"

"ကျွန်တော် သေသေချာချာ ဆုံးဖြတ်ပြီးမှ ဆရာ့ကို အကူအညီတောင်းတာပါ"

"ဘာဆိုင်လို့လဲကွာ ... အရင်တုန်းက ကိစ္စက ပြီးခဲ့ပြီပဲ။ အခုက မင်းနဲ့ ချစ်သူဖြစ်နေတာလေ၊ ကောင်မလေးက ထားဦး။ မင်းအမေခများ တငိုငို တရယ်ရယ်ဖြစ်နေတာ ဘယ်လောက် သနားဖို့ကောင်းလဲ"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာရယ်။ ကိုကို့အတွက် ကျွန်တော်လည်း နှလုံးသားကို စတေးရတာပါ၊ ကိုကိုက 'မ'ကို အခုထိ ချစ်နေတုန်းပဲလေ၊ ကျွန်တော် ကိုကို့အသည်းကို ခွဲထုတ်မယူရက်လို့ပါ"

ဩော် ... ရာဇဝင်မှာကိုက ညီတော်လက္ခဏာက နောင်တော်ရာမကို အရှုံးပေးတာများ အားကျနေသလားမသိ။ ရောဂါ



အမျိုးမျိုးအတွက် အနာသိရင် ဆေးရှိပေမယ့် အသည်းကွဲတဲ့သူတွေအတွက်တော့ သူ့မှာလည်း ကုစရာဆေးမရှိဘူးလေ။ ဇီဝကဆင်းကုတောင် မပျောက်တဲ့ရောဂါ။

"ခက်တယ်ကွာ၊ ငါလည်း ဘယ်လိုပြောရမှန်းကို မသိတော့ဘူး"

"ဘယ်လိုမှ မပြောပါနဲ့ ဆရာ၊ ကျွန်တော့်ကို သနားရင် ကူညီလက်စနဲ့ ကူညီပါ၊ သူတို့က အရင်တုန်းက သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတော့ သံယောဇဉ် လက်ကျန်တော့ ရှိနေဦးမှာပါ"

"နေပါဦး ... မင်းက ကောင်မလေးအချစ်ကို မယုံလို့ နောက်ဆုတ်တာလား"

"မဟုတ်ပါဘူး"

"မဟုတ်ဘဲနဲ့များကွာ၊ မင်းမသိရင်မှတ်ထား မောင်စစ်ပိုင်သွေး ... ချစ်သူနှစ်ယောက်ဖြစ်နေရင် ဒုတိယချစ်သူကိုပဲ ရွေးတဲ့၊ ကောင်မလေး မင်းကိုရွေးတာ မှန်တယ်"

"ဗျာ"

"ပထမချစ်သူကို ချစ်နေသေးရင် ဒုတိယချစ်သူဆိုတာ ရှိစရာအကြောင်းကို မရှိဘူး၊ မင်းက ဒုတိယချစ်သူပဲကွ၊ ဒုတိယချစ်သူကို ပိုချစ်လို့ ဒုတိယလူဆိုတာ ရှိလာတာတဲ့"

www.burmeseclassic.com



ဆရာပြောတာ မှန်ပါတယ်။ ကိုယ်လည်း သိနေတယ်လေ။ ဒါပေမဲ့ ကိုယ်နဲ့ ပြိုင်ဘက်က အခြားသူစိမ်းမှ မဟုတ်တာ။ တစ်ချိန်တည်းက မွေးထားတဲ့ ညီအစ်ကိုရင်းခေါက်ခေါက်မို့ ကိုယ့်အသည်းကို ခွဲထုတ်ပေးဖို့ ဆုံးဖြတ်တာပေါ့။

"ကျွန်တော် 'မ' အချစ်ကို ယုံပါတယ်၊ ဒါပေမဲ့ . . . ဆရာရယ်"

"ဘာလဲ . . . မင်း 'အစ်ကို' ကို ငဲ့တာလား။ မင်းအစ်ကိုဟာ ရာမ,မဟုတ်သလို ကောင်မလေးကလည်း သိတာ မဟုတ်ဘူးလေ ကွာ"

"ဆရာရယ် . . . ကျွန်တော်"

ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်ပဲ နားလည်တာမို့ စကားအရာနဲ့ကျတော့ ဘာပြောရမှန်းမသိ ရှင်းမပြတတ်တော့ပေ။

"ညီ"

". . ."

"ကိုကိုက ညီ့ပျောက်လို့ လိုက်ရှာနေတာ၊ ညီက ဒီမှာ ကိုး"

"ဪ . . . မောင်စစ်ပိုင်သွေးရဲ့အစ်ကို"

"စစ်နိုင်သွေးပါ ဆရာ"





"အေး . . . အေး . . . မင်းညီက ဆရာ့ကို လာမေးနေတာကွ"

"ဟုတ်လား . . . ဘာတွေလာမေးနေတာလဲ ဆရာ"

"ဘာမေးရမှာလဲ . . . မင်းတို့တွေကို သူ့မိသားစုတွေဆိုတာ ဟုတ်လားတဲ့၊ အဲဒါ . . . ဟုတ်တယ်ဆိုတဲ့အကြောင်း ရှင်းပြနေရတာကွ"

ရင်ထဲမှာ ဆို့နင့်သွားခြင်းနှင့်အတူ ညီ့ဆီသို့ အကြည့်က အတော်ခနဲ ရောက်သွားပြီး . . .

"ညီရယ်"

"ဟုတ်တယ်ဆိုလည်း ပြီးတာပါပဲ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး ဆရာ"

"အေး . . . ကောင်းပါပြီကွာ"

ထွက်လာတော့ ညီအစ်ကိုနှစ်ယောက်က ပခုံးချင်းယှဉ်၍ပါ။ ဒီနေ့ဆို ဆေးရုံကူ ဆင်းရတော့မည်လေ။ အရင်က စကားများလို့ ဆိုတာ . . . ညီ . . . မင်းကို မေမေက ကြက်ဖင်စားပြီး မွေးလာသလား ဆိုတာလို့တောင် ပြောယူရတဲ့ကောင်က . . . အခုတော့ နှုတ်ဆိတ်စွာ။ ဆိုရင်ထူး မေးရင်ပြောရုံမှအပ အပိုစကားမပြောတော့ နိုင်မှာ နေတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ...

မေးရင်တောင် မပြောဘဲ ငိုင်တိငိုင်တိုင်ဖြစ်နေတော့ မြင်း သူပါ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်မှာလဲ။

"ညီ"

"..."

"မင်းကို နွေရိပ် စောင့်နေတာကြာပြီ၊ သူ့ခမျာ သနား ဟယ်ကွာ၊ သူ လက်ထပ်ခွင့်တောင်းတာကိုလည်း မင်း လက်ခံသင့် ပါတယ်"

ပိုင် ခေါင်းလေးငုံ့ကြည့်ပြီး ...

"ကိုယ်မသိတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရမှာ အဲဒီလောက် လွယ်သလား"

"နွေရိပ်က မင်းချစ်သူလေကွာ"

"ကျွန်တော် မယုံဘူး"

"ဘာ"

အတိတ်ကို ဘယ်လိုပဲ မေ့မေ့ နှလုံးသားက ဒီနှလုံးသား လေ။ ကိုယ့်ချစ်သူပဲဥစ္စာ ရင်းနှီးခဲ့ဖူးတာကို နှလုံးသားက မခံစား တဲ့လား။

"မယုံမရှိနဲ့ နွေရိပ်က မင်းချစ်သူ"



ကိုကိုရော ချစ်နေတာပဲ မဟုတ်ဘူးလား။ ကိုယ်လည်း ချစ်တာမို့ ကိုယ်ချင်းစာစွာ နောက်ဆုတ်ပေးတာကို ကျေနပ်ပါ ကိုကို။ ကိုကိုနဲ့ 'မ' အဆင်ပြေသွားတဲ့နေ့ ကျွန်တော်လည်း အတိတ်ကို မြင်သတိရတဲ့ အကောင်းပကာတိ လူသားဖြစ်လာမှာပါ။

"ကဲ ... သွား ... ဟိုမှာ နွေရိပ် စောင့်နေတယ်"

"ပိုင်"

"..."

"လာ"

နွေရိပ်က အပြုံးချိုချိုနှင့် ပိုင့်လက်ကို ဆွဲခေါ်သွားလေတော့ ချက်ကျန်ခဲ့တဲ့ နိုင့်နှုတ်ခမ်းပေါ်မှာ မချိပြုံးလေးတစ်ချက် လူးလွန့်သွား လေသည်။

ကိုယ်က ရိပ်အချစ်နဲ့ မထိုက်တန်သူမို့ ညီနဲ့ပဲ လိုက်ဖက် ပါတယ်လေ။

"ပိုင်"

"ဟင်"

"ဒီနေ့ ဆေးရုံက ဆင်းရမှာနော်"

"အင်း"

အပြုံးမျက်နှာလေးက ပျက်ယွင်းသွားခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မ့ကို တကယ်ပဲ မမှတ်မိတော့တာလား ပိုင်ရေ့သိ၊ အဲဒီလို သူစိမ်းဆန်ဆန် ဆက်ဆံတာကို မခံစားနိုင်ဘူး သိလား"

ကိုယ်လည်း ခံစားနေရတာပဲလေ။ အားလုံးညီတူမျှတူထဲ ကိုယ်က အရှုံးပေးရမယ့်သူ။ ဘာတတ်နိုင်မှာတဲ့လဲ။

♥



## အခန်း (၂၉)

ပိုင် အသည်းပုံဗူးလေးနဲ့ ထည့်ထားတဲ့ 'မ'ရဲ့ဆံချည်မျှင်လေးကို ငိုင်တွေစွာ စိုက်ကြည့်နေမိ၏။ စတွေ့တုန်းက မှတ်မှတ်ရရ ရှိခဲ့တာလေ။ အချစ်ဆိုတာ ရင်ကိုပူလောင်စေတဲ့ မီးတောက်တွေလား 'မ' ရယ်။ ချစ်သူနှစ်ဦး သဘောထားချင်း မတိုက်ဆိုင်လို့ မဟုတ်ပါဘဲ။

တစ်ယောက်ကိုတစ်ယောက် မချစ်ကြလို့ မဟုတ်ပါဘဲ …

တစ်ယောက်ယောက်က သစ္စာမဲ့လို့ မဟုတ်ပါဘဲ။

ခုတော့ …

နီးလျက်နဲ့ ဝေးကြရပြီပေါ့ 'မ'ရယ်။ 'မ' ကို မောင် အရမ်းချစ်တယ်။ ကိုကို့ကိုလည်း ချစ်တယ်ဆိုတော့ မောင် ဆုံးဖြတ်ချက်က



www.burmeseclassic.com

www.burmeseclassic.com



'မ' အပေါ် မတရားဘူးဆိုရင် မောင် တောင်းပန်ပါတယ် 'မ'ရယ်

"ဟင်"

ညီ ဘာလုပ်နေလဲလို့ တံခါးကို အသာလေးဟပြီး ချောင်း ကြည့်မိတဲ့ နိုင် . . . ညီ့လက်ထဲမှာ ဘာကိုကိုင်ကြည့်နေလဲ မမြင်း ပေမယ့် သိနေပါသည်လေ။ ညီက သူနဲ့ နွေရိပ် ဆုံတွေ့ခဲ့ပုံကို ပြောပြထားလေတော့ သူ့လက်ထဲမှာ ကိုင်ထားပြီး ကြည့်နေတာ ဆံချည်မျှင်ပဲ ဖြစ်မှာပေါ့။ နွေရိပ်ရဲ့ဆံပင်လေ။

ဒါဆို . . .

ညီ အတိတ်မေ့နေတယ်ဆိုတာ . . .

"ညီ"

". . ."

"ညီ"

"ဟင်"

နိုင် တံခါးကို တွန်းဖွင့်ပြီး ဝင်သွားလေတော့ ပိုင် ဆံချည်မျှင် ကို ဘူးထဲသို့ အတင်းပြန်ထည့်လိုက်ပြီး ဖုက်ဖို့ ကြိုးစားလိုက်ပေမယ့်

"ဖုက်မနေပါနဲ့"

"ကိုကို"

"မင်း လိမ်ရက်တယ်နော်"





"ကျွန်တော်"

"မင်း ကိုကိုလိမ်တာ ထားပါတော့၊ မိဘတွေမှာ မင်းအတွက် ဘယ်လောက် ပူပန်သောကရောက်နေရလဲ၊ မိဘမျက်ရည်တစ်စက် ဘားသမီး ဆင်းရဲတစ်သက်တဲ့၊ အခု . . . မင်းကြောင့် မေမေ မျက် ရည်ကျရတာ တစ်စက်မကဘူးကွ . . . နားလည်လား။ မင်း ဘာကြောင့် ညာရတာလဲ၊ မင်း ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ ပြောစမ်းပါ"

". . ."

"မင်းကွာ"

အသည်းပုံဘူးလေးကို ကိုင်ထားတဲ့ ပိုင့်လက်တွေ တဆတ် ဆတ်ပင် တုန်လာသည်။ သူညာတာ ကိုကို သိသွားပြီဆိုတော့ ဖြေ ရှင်းချက်တွေ မပေးချင်တော့ဘူး။ ကျွန်တော် တကယ်အတိတ်မေ့နေ တာလို့ ပြောရအောင်ကလည်း ကိုယ့်လက်ထဲမှာ 'မ'ရဲ့ဆံပင်လေးတစ် ချောင်းကိုကိုင်ပြီး အလွမ်းပြေကြည့်နေမိတာက သက်သေခံ။

လက်ပူးလက်ကြပ်မိနေတာဆိုတော့ မငြင်းတော့ပါဘူး။ ငြင်း လည်း ကိုကို ယုံမှာမှမဟုတ်တာ။ ကိုကိုက ငပုံးအကြီးမှ မဟုတ် လေ။

"ညီ"

"ဗျာ"

www.burmeseclassic.com



"ပြောစမ်းပါ . . . မင်း ဘာလို့ အဲလိုလုပ်ရတာလဲ၊ ဘာလို့ အားလုံးကို ညာရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ"

အဖြေပြန်ပေးဖို့အတွက် နှာခေါင်းထဲမှာ မွန်စပ်စပ်ကြီး ဖြစ် သွားပြီး မျက်ရည်က ဝေ့ခနဲတက်လာကာ . . .

"ကျွန်တော် . . . နွေရိပ်သွင်နဲ့ မပတ်သက်ချင်တော့လို့ပါ"

"ဘာ"

"ညီ့ကို သူ ထကယ်မချစ်ဘူး၊ ညီလည်း သူ့ကို တကယ် မချစ်ဘူး ကိုကို"

"မင်း ရေးစားပြောရင်တောင် ကြိုက်လို့စားတာပဲ . . . ဒေ ကောင်၊ ဒါဆို ဘာလို့ အခု အဲဒါကို ကြည့်နေတာလဲ"

"လွှင့်ပစ်မလို့ပါ"

မျက်ဝန်းဆိုတာ နှလုံးသားရဲ့ တံခါးပေါက်တဲ့၊ ကိုယ့်ထင် အငယ်ပဲဥစ္စာ၊ ဒီကောင့်မျက်ဝန်းထဲက စကားလုံးတွေကို နိုင် သိတာ ပေါ့၊ ဒါပေမဲ့ . . .

ဘာလို့ ခုလိုလုပ်တယ်ဆိုတာကိုတော့ နားမလည်နိုင်၊

"ငါ မင်းကို နားမလည်နိုင်တော့ဘူး"

"မလည်ယက်စနဲ့ မလည်ချင်ပါနဲ့တော့ ကိုကိုရယ်၊ ကိုယ့် အလှည့်ပြီးတော့ ညီ့အလှည့်ပေါ့"



"ဟင် . . . မင်း ဘာကိုပြောတာလဲ"

"ကျွန်တော် နိုင်ငံခြားကို သွားချင်တယ်"

ဒါ အားလုံးနဲ့ဝေးရာ အရပ်ဒေသတစ်ခုပဲလေ၊ ကိုယ့်တုန်း က အကြီးဆိုတော့ မိသားစုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင် ချင်လို့၊ ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်လို့ စီးပွား ရှာသွားခဲ့တာ၊

ညီ့ကျတော့ . . .

အရင်က လာခဲ့ပါလို့ သူခေါ်တာတောင် ကိုယ့်မြေ ကိုယ့် ရေကနေ တစ်ဖဝါးမှ မခွာဘူး၊ ဆင်းရဲရင်တောင် ထမင်းတစ်နပ် အတွက် ကိုယ့်မြန်မာပြည်မှာပဲ ဆိုက်ကားနင်းပြီး ရှာစားမယ်လို့ ပြော ခဲ့တဲ့ကောင်၊ အခုလိုအချိန်မျိုးကျမှ နိုင်ငံခြားကို သွားချင်တယ်ဆိုတာ ဘာသဘောလဲ၊ ခေါင်းကိုသာ ငုံ့နေတဲ့ ညီ့ကိုကြည့်ပြီး စဉ်းစားရတာ အတွေးတွေက ဟိုရောက်ဒီရောက်ပါ၊

နောက်မှ . . .

တစ်ခုခုကို သတိရသွားပြီး . . .

"ညီ"

"..."

"မင်း ငါ့ကို ငဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ တစ်ချက်သာကြည့်ပြီး ချက်ချင်း မျက်နှာပြန်လွှဲသွားကာ . . .

"မဟုတ်ပါဘူး"

"မင်း မညာပါနဲ့၊ ပါးစပ်က မဟုတ်ဘူးဆိုပေမယ့် မျက်လုံးက ဝန်ခံနေတာ ကိုကိုသိတယ်၊ မင်း နွေရိပ်သွင်ကို ဘယ်လောက်ချစ်လဲဆိုတာလည်း ကိုကို သိတယ်၊ မင်းက ရာဇဝင်ထဲက လက္ခဏာကို အားကျနေတာလား ညီ၊ ရာဇဝင်ဆိုတာ ဟိုးအတိတ်ဟောင်းမှာ ကျန်ခဲ့ပြီကွ၊ မင်း သိထားဖို့က အချစ်ဆိုတာ ပြန်တောင်းလို့ရကောင်းတဲ့အရာ မဟုတ်သလို ပေးရင်လည်း ပြန်ယူခိုင်းလို့ရတဲ့အရာမှ မဟုတ်ဘဲ ညီရယ်"

ပြောပြီး ပခုံးကို ဆုပ်ကိုင်လိုက်တော့ ပိုင် ငြိမ်သက်နေသည်။ မျက်ရည်မဝေ့အောင် တင်းထားရတာ ရင်ထဲမှာ သက်သာလို့လား။ လက္ခဏာကို အားကျရအောင် ဒါ သဏ္ဌာန်လုပ် သရုပ်တူအောင် ပြရယ်ပြန်နဲ့ ဇာတ်တိုက်နေတာမှ မဟုတ်ဘဲ။

နှလုံးသားကို ရင်းနှီးရတာ။

ကိုယ့်အသည်းကို ကိုယ်ပြန်ခွဲနေရတာ ကိုကို့အပေါ် အနိုင်မယူချင်လို့လေ။

"မင်း ဘယ်မှသွားစရာမလိုဘူး ညီ၊ တကယ်တမ်း သွားရမှာက ကိုကိုပါ၊ ရိပ် ကိုကို့ကို ဘယ်လောက်မုန်းတီးနာကြည်းနေလဲဆိုတာ ညီ မသိလို့ပါ"



"အဲဒါ အချစ်ကြီးလို့ အမုန်းကြီး . . ."

"အရင်က ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ အခု ရိပ်နှလုံးသားထဲမှာ နိုင်နိုင်မတ်မတ် ရပ်တည်နေတာက မင်းပဲလေ၊ ရထားတဲ့အချစ်ကို တန်ဖိုးထားစမ်းပါ ညီရယ်၊ ကိုယ့်ချစ်သူကို ချစ်တယ်ဆိုပြီး ကိုကို့လို အစအနောက် မလွန်စေနဲ့ပေါ့"

ပိုင်ပြောမယ့်စကားကို ဖြတ်ပြီး ပြောလိုက်တာ ရှည်လျားစွာ။ နိုင်က သူ့လောက် အစအနောက်မသန်တတ်တာ သိတော့ သိသားပေါ့။ သိပေမယ့် ကြိုပြီး သတိပေးထားတာ မမှားဘူးပေါ့လေ။

"သွားငယ်"

"ဟင်"

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်တော့ မေမေက တံခါးကို တွန်းဖွင့်ပြီး ဝင်လာနေပြီ။

"မေမေ"

"ဟင်"

နိုင် မေမေ့ကို ဝမ်းသာစေချင်တာကြောင့် လက်ဖျားလေး ဖျစ်ညှစ်ဆုပ်ကိုင်မိလေတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ သားကြီး"

"မေမေ ... ညီ ... ညီက တကယ်အတိတ်မေ့နေတာ မဟုတ်ဘူး မေမေရဲ့၊ သူ သားတို့ကို ညာနေတာ"

"ဘယ်လို"

"ညီက အတိတ်မေ့ချင်ယောင်ဆောင်နေတာ မေမေ၊ နွေရိုင်းနဲ့ ပတ်သက်ပြီး သားကို ငဲ့ချင်လို့"

"နွေရိပ်နဲ့ ပတ်သက်ပြီး ... ဟုတ်လား သားကြီး"

"ဟုတ်ပါတယ် မေမေ ... ညီ ... အဲ"

သူနဲ့နွေရိပ်ကိစ္စကို ညီ ဘယ်လိုသိပါလိမ့်လို့ မျက်မှောင်ကြုတ်မိသွား၏။ ကိုယ်ပဲ ထင်ရာစွတ်ပြီး စောစောကမှ စကားထဲ ထည့်ပြောမိတာ ... တောက်တဲ့လို ကိုယ့်အထုပ် ကိုယ်ဖြေ ကိုယ့်နာမည်ကို ကိုယ်အော်မိသလို ဖြစ်နေပြီ။

ဒါပေမဲ့ ...

တစ်ခုရှိတာက ညီသာ ဒီကိစ္စကို ကြိုသိမထားဘူးဆိုရင် ကိုယ်ပြောလိုက်တဲ့အချိန်က အံ့သြသွားမှာပေါ့။ ခုတော့ အမေ့ကို အဖြေ အဆင်ပြေနေတာ သိနေလို့ပဲပေါ့။

"ဆက်ပြောလေ ... သားကြီး သားငယ်က ဘာတဲ့လဲ"

"ညီက သားကို ငဲ့တာပါ"



"ကိုကို"

ညီက သားကို ငဲ့တာပါဆိုတဲ့ စကားကျတော့ အသံက တိုးသွားလေ၏။

ပိုင်က မပြောစေချင်တဲ့ပုံစံနှင့် တားလိုက်ပေမယ့် ...

"သားရဲ့တစ်ချိန်က ချစ်သူဆိုတာလည်း နွေရိပ်ပါပဲ မေမေ၊ အခု နွေရိပ်က သားကို နာကြည်းနေတာ၊ မုန်းတာက တောင်းပန်ရင် ပြေပျောက်နိုင်ပေမယ့် နာကြည်းတာက အဘယ်အရာနဲ့မှ ဖြေဖျောက်လို့ မရနိုင်ပါဘူး"

"အဲဒီစကားကို ကျွန်တော် လက်မခံဘူး"

"ဟင်"

ဒေါ်မြင့်မြင့်ကြည် သားနှစ်ယောက်ကြားမှာ သူ့ကို ကြည့်လိုက် ငါ့ကို ကြည့်လိုက်နှင့်ပါ။ သားနှစ်ယောက်စလုံးက ဒီမိန်းကလေးကိုမှ ချစ်ကြသတဲ့လား။

"မင်း လက်မခံလို့မရဘူး ညီ၊ အခု နွေရိပ်ရင်ထဲမှာ ရှိတာက မင်းလေ"

"ဒီလောက်ဆို မေမေ နားလည်ပြီ"

ဒေါ်မြင့်မြင့်ကြည် ပြောပြီး သက်ပြင်းချလိုက်မိ၏။

ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



"အဓိက ရွေးချယ်ရမှာက နွေရိပ်ပါ၊ သားတို့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရွေးချယ်လို့မရဘူး၊ အခု နွေရိပ် ရောက်နေတယ်၊ ဧည့်ခန်းထဲမှာ သူ့ခမျာ စောင့်နေရတာ အားနာစရာ ... လာခဲ့ကြ"

ပြောပြီး ဒေါ်မြင့်မြင့်ကြည် ထွက်သွားလေတော့ ပိုင်နဲ့နိုင် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး လိုက်လာကြပုံက ပေကပ်ကပ် တွေနှင့်ပါ။ နွေရိပ်ကို မတွေ့ချင်လို့တော့ မဟုတ်ကြပါဘူးလေ။

♥

## အခန်း (၃၀)

အပြုံးနဲ့ လှမ်းကြည့်နေတဲ့ ရိပ်မျက်နှာလေးကို မြင်လိုက်ရတော့ ရင်ထဲမှာ အေးချမ်းသွားသလိုပါ။ ပူလောင်မှုတွေက တစ်ထောင့်တစ်နေရာမှာ သပ်သပ်ပေါ့လေ။ ကိုယ့်အတွက် မဟုတ်တဲ့သူက လှမ်းကြည့်နေတာလည်း ကိုယ့် ိုမဟုတ်ပေ။

ဒါပေမဲ့ ...

နိုင် ကျေနပ်ပါသည်လေ့။

"ဘာမှစိတ်ပူမနေနဲ့တော့ သမီးရေ သားငယ်က ဘာအတိတ်မှ မမေ့ဘူး၊ အကောင်းပကတိပဲ၊ သူက အန်တီတို့ အကယ်သိပေးမလားလို့ သရုပ်ဆောင်ပြနေတာလေ၊ အဟွန်း ... သမီးပဲ



www.burmeseclassic.com

www.burmeseclassic.com



အကာယ်ဒမိပေးလိုက်ပါ''

''ရှင်''

''ဟုတ်တယ် ရိပ်၊ ဒီကောင့်မှာ ရိပ်နဲ့ စတွေ့တုန်းက အကြို ကြယ်သီးနဲ့ ညှပ်ပါလာတာဆိုတာ ဆံပင်တစ်ချောင်းရှိတယ်၊ အဲဒါကို ကြည့်ပြီး လွမ်းနေတုန်း ကိုယ် သူခိုးဖမ်းမိသွားတာ''

''ဒါဆို ပိုင်က''

''အဖြစ်က ဒီလို ရိပ်ရဲ့''

နိုင်ကလည်း အဖြစ်အပျက်တွေအားလုံးကို ဇာတ်ရည်လည် အောင် ရှင်းပြလိုက်တော့ နွေရိပ်ရင်ထဲမှာ နင့်သွားရ၏။ ကိုယ့်မေတ္တာ ကိုယ့်အချစ်ကို မယုံရမလားလို့ ဒေါသဖြစ်မိချင်သလို ကိုယ့်ချစ်သူကို သူများရင်ခွင်ထဲ ထည့်ပေးဖို့ ကြိုးစားတဲ့ ကိုယ့်ချစ်သူရဲ့လုပ်ရပ်ကြောင့် ဝမ်းနည်းရလေ၏။

''ဪ ... လက်စသတ်တော့ ဒီလိုလား''

''ဟုတ်တယ် သမီးရေ ခုတော့ သမီးစိတ်ချမ်းသာတော့ နော်''

''ကျွန်မ စိတ်မချမ်းသာဘူး အန်တီ''

''ဟင်''

''ရိပ်''



ရိပ် နှုတ်ခမ်းလေး တင်းတင်းစေ့သွား၏။ ဒါ ကိုယ့်အချစ်ကို မယုံသင်္ကာလုပ်တာဆိုပြီးတော့လေ။ ရိပ်က တစ်ယောက်နဲ့ ပြတ်လို့ တစ်ယောက်ကို ထပ်ချစ်မဲ့တာ။ တစ်ယောက်နဲ့ ချစ်သူဖြစ်နေဆဲမှာ နောက်တစ်ယောက် ပြောင်းချစ်ပြီး သစ္စာမဲ့တာမှ မဟုတ်ဘဲ။ ဒါကိုပဲ ကိုယ့်မှာ အပြစ်ရှိသလိုနဲ့ ကိုယ့် သစ္စာတရားကို စော်ကားလိုက်တာ။

ရိပ်က ...

အချစ်ကို ဘော်လီဘောပုတ်သလို ဆော့ကစားနေတဲ့သူ မဟုတ်ဘူးဆိုတာ မသိဘူးတဲ့လား။ ကိုယ့်ချစ်သူကတောင် ကိုယ့်အပေါ် နားလည်မပေးနိုင်ရင် သူများက ပိုဆိုးတော့မှာပေါ့။

''သူ ရိပ်အချစ်ကို မယုံတာ၊ ရိပ်ရဲ့သစ္စာတရားကို စော်ကား လိုက်တာ၊ အရင်က ကိုစစ်နိုင်သွေးနဲ့ ပတ်သက်ခဲ့ဖူးတာ မှန်ပါတယ်၊ ဒါပေမဲ့ ... ရိပ်က ကိုယ်မှန်တယ်ထင်လို့ လျှောက်တဲ့လမ်းရှေ့မှာ ချောက်ပဲရှိရှိ အသေခံပြီး ခုန်ချလိုက်မှာ၊ ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်ဘူး။ ကိုယ့်ချစ်သူကို သူများရင်ခွင်ထဲ ထည့်ပေးဖို့အတွက် နှင် အတိတ်မေ့ချင်ဟန်ဆောင်ဖို့မလိုဘူး ပိုင်''

''မ ... ကျွန်တော်''

''နင်နဲ့ငါ လက်တွဲဖြုတ်ကြတာပေါ့''

''မဟုတ်ဘူး မ၊ ကျွန်တော် မ,ကို လက်တွဲမဖြုတ်နိုင်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... နင် ရွေးချယ်ခဲ့တဲ့လမ်းပဲ မဟုတ်လား။ ဆုံးအောင် ဆက်လျှောက်ပေါ့"

"မ"

"ရိပ်"

"သမီး"

"ဒုန်း"

ပြောပြီး နွေရိပ် ထသွားလေတော့ အားလုံး ပျာပျာသလဲဖြစ်သွားကာ ထရပ်လိုက်မိကြ၏။ ပိုင်ဆိုရင် နွေရိပ်နောက်ကို လိုက်သွားတာ ဟိုခလုတ်တိုက်၊ ဒီခလုတ်တိုက်နှင့်ပါ။ ကိုကို့အတွက် ငဲ့ဖို့ ကြီးစားပေးမယ့် ကိုယ့်ရင်ထဲမှာက နွေဆယ်နွေ။ ဒီလို စိတ်ဆိုးပြီး ထွက်သွားတာကျ ပိုင် လက်ခံနိုင်ပါ့မလားလေ။

ကိုကိုနဲ့မှ အဆင်မပြေဘူးဆိုရင်တော့ ...

'မ'က ပိုင့်အတွက်ပဲ ဖြစ်ရမည်ပေါ့။

"မ"

"..."

"မ ... နေဦး"

"..."

"မ"



"ဖယ်စမ်းပါ"

နွေရိပ်က သူမလက်ကို လှမ်းဆွဲလိုက်တဲ့ ပိုင့်လက်ကို ဖယ်ချလေ၏။ ပိုင်က ပြန်ဆွဲထားလေလျှင် ...

"ဖယ်နော် ... ငါ့လက်ကိုလွှတ်"

"ကျွန်တော် ရှင်းပြတာကို နားထောင်ဦးလေ ... မရဲ့"

"မထောင်ဘူး"

"မ"

"လွှတ်နော်"

"မလွှတ်ဘူး"

"မင်း"

ဆတ်ခနဲ မော့ကြည့်လိုက်ခြင်းမှာ ...

"ပါးရိုက်ချင်သေးလား၊ ဘယ်ပြန်, ညာပြန် စိတ်ရှိလက်ရှိ ရိုက်"

"ငါ တကယ်ရိုက်မှာနော်"

ပိုင်က မျက်နှာကို စောင်းငဲ့ပေးသည့်မှာ တကယ်ရိုက်ရင် တကယ်ခံမည့်ပုံ။ နွေရိပ် အရင်က လက်သွက်ပေမယ့် အခုက မရိုက်ရက်ပါဘူးလေ။ အစွဲအလမ်းကြီးသူမို့ အသည်းတစ်ခြမ်း မီးလို ရှူ့ခဲ့ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခု ...

ကျန်ရှိနေတဲ့ အသည်းတစ်ခြမ်းနဲ့ ဒဏ်ရာကျက်စပြုနေ အသည်းတစ်ခြမ်း၊ နှစ်ခြမ်းစလုံးက ပိုင်မှပိုင်ဖြစ်နေပြီဆိုတော့ လ တွေက စိတ်ကို အလိုမလိုက်တော့ပေ။

"မ စိတ်ချမ်းသာမယ်ဆိုရင် ပါးရှစ်စိတ်မဟုတ်ဘူး၊ အ စိတ်အမြွှာမြွှာ ကွဲသွားပစေ မောင် အပြုံးမပျက်နဲ့ လက်ခံမယ်"

"..."

"အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး"

"မသိရင် မှတ်ထား ... မကို အရမ်း ... အရမ်းချစ်လို့"

"တော်စမ်းပါ"

"ဘာလို့တော်ရမှာလဲ ... အရမ်းနှစ်ခွန်းနဲ့တောင် မ လောက်သေးဘူး၊ စိတ်ထဲရှိသလောက်ပြောရရင် အရမ်း ... အရ ... အရမ်း ... အရမ်းပေါင်းများစွာနှင့် မရေမတွက်နိုင်အောင် ချစ်တာဗျ"

ကောင်းကင်မှာ မောင်းတင်လိုက်တဲ့ ဒေါသတွေက ဝုန်း ပြိုကျပြီး သူ့စကားထဲမှာ ပျော်ဝင်သွားခြင်းနှင့်အတူ မျက်စောင်း ဝေ့ခနဲ ရောက်လာလေ၏။ တကယ့် အချစ်စစ်က ဒေါသလည်



သက်တမ်းမရှည် အမုန်းဆိုတာ ယောင်လို့တောင်မဟာ၊ ဥပေက္ခာတွေ လည်း မစွမ်းသာတော့ ... မာနေတဲ့လေသံက ပျော့မှန်းမသိ ပျော့ သွားခဲ့ပြီး ...

"မယုံပါဘူး"

"တကယ်မယုံဘူးလား"

"မယုံဘူး"

"မယုံရင် ယုံအောင် ဟောဒီလို"

"အယ်"

ပိုင် ... နွေရိပ်ကိုယ်လေးကို ဆွဲပွေ့ပြီး ပါးပြင်နုနုလေးကို နမ်းလိုက်တော့ နွေရိပ် ရှက်ရှက်နှင့် သူ့ရင်ဘတ်ကို တွန်းပြီး ရုန်းလေ သျှင် ...

"မရုန်းနဲ့လေ"

"ဟာ ... ရှက်စရာကြီး"

"စိတ်ဆိုးပြေသွားပြီလား"

"ဟင့်အင်း"

"မပြေရင် ပြေအောင် လုပ်ဖို့ နည်းတွေ ရှိသေးတယ်နော်၊ နုနည်းရော၊ အကြမ်းနည်းရော ဒီကောင် အကုန်တတ်တယ်ဗျ"

"ပိုင်နော် ... မကဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မကဲစေချင် မောင့်ပါးကို နမ်း"

"ပိုင်နော်"

နွေရိုပ် နှုတ်သီးဖျားလေးရှေ့သို့ သူ့မျက်နှာကို အတင်းတိုးကပ်ပေးလေတော့ နွေရိုပ် မျက်နှာလွှဲရှောင်ရင်းပဲ ထိခတ်သွားလေတော့ နမ်းလိုက်သလို ဖြစ်သွားလေသည်။

"အား ... ရင်ထဲမှာ အေးသွားတာပဲ ချစ်လိုက်တာ မရယ်မဖြစ်နိုင်လို့သာပေါ့၊ ဖြစ်နိုင်ရင် 'မ' ကို ရွှေကြုတ်ထဲ ထည့်ပြီး အာခံတွင်းထဲမှာ ငုံထားချင်တာ"

"ဒါဆို ... တာနေ့ာယက္ခကြီးပေါ့"

"တာနေ့ာယက္ခထက်တောင် ပိုသေးတယ်"

ပြောပြီး ဖျတ်ခနဲ ငုံ့သွားလေတော့ ...

"ဟင်"

ထိုအဖြစ်ကို နိုင် မြင်သွားပြီး ချက်ချင်းပဲ ချာခနဲလှည့်ကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့တော့ ...

"သားကြီး ... ဟိုနှစ်ယောက်"

"စိတ်မပူနဲ့ မေမေ ... အဆင်ပြေနေပြီ"

"ဟုတ်လား"

"ဟုတ်"





မေမေက ကျေနပ်သလို ပြုံးတော့ နိုင်လည်း ပြန်ပြုံးပြပြီး အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။ နိုင် ကျေနပ်ပါသည်လေ၊ ဟိုတုန်းက ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ပတ်သက်ခဲ့ပါစေ အခုချိန်မှာ နိုင်က ကိုယ့်ညီနဲ့ပတ်သက်ပြီး ကိုယ့်ညီမပဲပေါ့။

နိုင့်အတွက်ကတော့ ...

နောက်ထပ် ချစ်စရာနှလုံးသားက အပိုမရှိတော့ဘူးဆိုတော့ မြတ်ဘုရားရှေ့မှာပဲ တောင်းဆုခြွေရတော့မလို့ပါ။

နှလုံးသားတစ်ခု အပိုဆုပေးပါလို့လေ။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ။

အလင်းသစ်



www.burmeseclassic.com

www.burmeseclassic.com

အမြင့်တစ်နေရာကိုကျော်ဖို့
ခြေလှမ်းကာမှ လူကြားထဲ
ဘောင်ဆီဂွပြသွားတဲ့ ငနဲမတစ်ယောက်ရဲ့
ခံစားချက်မျိုးနဲ့ ခပ်ဆင်ဆင်
ငါ့ရင်ထဲက မျှော်လင့်ချက်များ
ရုတ်တရက် ထက်ပိုင်းကျိုးသွားခဲ့ရတယ်။
ဪ . . .
မမြဲခြင်းဆိုတဲ့အနိစ္စတရား
ငါ့ဘဝထဲကိုမှ ရွေးပြီး ဖိတ်ကျပေးသလား
စိတ္တဇအတွေးနဲ့ ရေးတဲ့စာ
ခေါင်းစဉ်အောက်က မပေးရဲတော့
ကဗျာတစ်ပုဒ်အဖြစ် မတွေးရက်စရာ
ဘာပဲဖြစ်ဖြစ်ပေါ့လေ
တိုက်ဆိုင် နှစ်သက်သူများအတွက်တော့
ဂါထာလုပ်ရင်တောင်မှ
ဆေးဖက်ဝင်ပါစေခင်ဗျာ။

ကိုကို

ငါ့အတွက်
အကြင်နာလေးနဲ့
ဆယ်ပြားစေ့လောက်ကလေးပဲ
ဒေါင့်ကျကျတွေးရုံနဲ့
ငါက ဘဝတစ်ခုလုံး စတေးလို့
ငုံပြီး မထွေးချင်လောက်အောင်ကို
အချိုသာဆုံး ပြန်လည်ပေးဆပ်ချင်တဲ့သူပါ။

ကိုကို

www.burmeseclassic.com

www.burmeseclassic.com

ကဏ္ဍာနုစ်ပုဒ်ပေးပို့လာပါသော သူငယ်ချင်း 'ကိုကို' အား အထူးကျေးဇူးတင်ပါသည်။

သူငယ်ချင်း ဖင်အောင် (ခ) ကိုကိုတစ်ယောက် လိုရာဝန်းတိုင် အမြန်ရောက်နိုင်ပါစေ။

၂၀၁၅

ပွန့်ပလွင် မော်နိုင်ငါပြီ

မမသဒ္ဒါမောင်

'လ' ကိုစားသည့် မိုင်းရပ်စ် 'နေ'

ကြယ်စင်မှုံဝေ

ညာဘက်ပါးလေး ညာမွေးသွားတဲ့ မိုး

မိုးစက်ပွင့်

ရင်ငြိမ်းမီး

အလင်းသစ်

နှလုံးသားတစ်ခု အပိုဆုပေးပါ

ခေတ်ပိုဖြူ

ကော်ရှပ်

လှိုင်းကြာဖြူ

နူးညံ့တဲ့ အမိန့်တော်တိုင်း

www.burmeseclassic.com